
ခရေသခင်
၏
အင်ကြင်းပန်း
Graphic Design



# ဝဝရသဝင်
# ၏
# အင်ကြင်းပန်း

| | |
|---|---|
| စာမူခွင့်ပြုချက် အမှတ် | - ၃၂၀၁၉၈၀၅၀၃ |
| မျက်နှာဖုံးခွင့်ပြုချက် အမှတ် | - ၃၂၀၂၆၈၀၅၀၅ |
| မျက်နှာဖုံးပုံနှိပ် နှင့် အတွင်းပုံနှိပ် | - ဒေါ်အိအိဆွေ<br>အောင်ချမ်းသာပုံနှိပ်တိုက်<br>အမှတ် (၁၃/၂၇)၊ ရွှေဝါလမ်း၊<br>မာန်အောင်ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)<br>အမှတ် ၁၁၁/၃ ထပ် (ညာ) ၃၃လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | - ၁၀၀၀ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဂုဏ်ထူးဆောင်ပါမောက္ခ ဦးသန်းထွတ်၏အမှာ | ၅ |
| ၂။ | စာရေးသူ၏အမြင် | ၇ |
| ၃။ | စာရေးသူ၏အာသီသ | ၈ |
| ၄။ | ပညတ်နှင့်ဓာတ် | ၉ |
| ၅။ | အဆက်ခံပန်း | ၁၉ |
| ၆။ | ငါးပက်သောအင်ကြင်းပန်း | ၂၉ |
| ၇။ | ရှူးတာလားထူးတာလား | ၃၅ |
| ၈။ | အင်ကြင်းပန်းမြားစူးခြင်း | ၄၆ |
| ၉။ | နေ့မြင်ညပျောက် | ၆၅ |
| ၁၀။ | ပထမအရွယ်၏ဒုတိယဝေဒနာ | ၇၇ |
| ၁၁။ | အင်ကြင်းပန်းခြေချုပ်မိခြင်း | ၈၆ |
| ၁၂။ | တစ်ဖက်မြင်တစ်ဖက်ကန်း | ၉၂ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၃။ | ချောင်းဝဆရာတော်၏ဩဝါဒ | ၁၀၂ |
| ၁၄။ | အင်ကြင်းပန်း၏ဆရာရင်း | ၁၀၉ |
| ၁၅။ | ဇာလီတောင်ဆရာတော်အားဖူးတွေ့ရခြင်း | ၁၁၆ |
| ၁၆။ | လောကဓံလှိုင်းဂယက် | ၁၂၃ |
| ၁၇။ | အိပ်မက်ထူးများ | ၁၂၇ |
| ၁၈။ | တရားကောင်းသောမိခင် | ၁၃၃ |
| ၁၉။ | တောင်တက်လမ်း၏လှေခါးထစ်များ | ၁၄၂ |
| ၂၀။ | မုန်တိုင်းကျသောည | ၁၅၂ |
| ၂၁။ | အရှေ့သို့ရွက်လွှင့်ခြင်း | ၁၅၈ |

ဂုဏ်ထူးဆောင်ပါမောက္ခ

# ဦးသန်းထွတ်အမှာ

ခရေသခင်သည် အင်ကြင်းပန်း၊ အင်ကြင်းပန်းသည် ခရေသခင်ဟူ၍ ကျွန်ုပ်သိထားရာ အင်ကြင်းပန်းစာစုသည် ကိုယ်ရေးဘဝမှတ်တမ်းစာစု တစ်ရပ်သာဖြစ်ချေ၏။ အင်ကြင်းပန်းသည် ကျွန်ုပ်နှင့်အရင်းနှီးဆုံး မိတ်ဆွေဖြစ် သည်။ သူ၏ဘဝကို ကျွန်ုပ်အတွင်းကျကျ သိထားသည်။ သူ၏ဘဝတွင် နာကျင်စရာများကိုလည်း ကျွန်ုပ်သိထား သည်။ သို့ရာတွင် အင်ကြင်းပန်းစာစုတွင် ထိုကိစ္စများ တစ်ခွန်းတစ်စမျှပါမလာ။ အတိတ်၏အရိပ်မည်းများကို တံခါးပိတ်ထားလိုက်ပုံရသည်။ သို့မဟုတ် နားလည် ခွင့်လွှတ်ကာ ဥပေက္ခာပြု ထားလိုက်ပုံရသည်။ တရားရှင် ပီသစွာ ဓမ္မသံဝေဂယူစရာ များကို ဖွဲ့သီထားကြောင်းတွေ့ရသည်။

အချို့ကိုယ်ရေးစာအုပ်များ၊ ဓမ္မရေးရာစာအုပ်များတွင် ငယ်စဉ်ဘဝက ဘဝမှန်များကိုဖော်ပြရန် ဝန်လေးတတ်ကြသည်။ အင်ကြင်းပန်း စာစုတွင်ငယ်စဉ်ကမေတ္တာဘွဲ့များကို ထည့်သွင်းရေးသိထားကြောင်း တွေ့ရသည်။ ဤသည်ကို ဒေသနုပ်သည်ဟု မဆိုချင်။ ဘဝသရုပ်မှန်ကို ရဲဝံ့စွာ ဖွင့်လှစ်

ဖွဲ့သီထားခြင်းဖြစ်ရာ အင်ကြင်းပန်း၏ အရှိကိုအရှိအတိုင်း မြင်တတ်ကြည့်တတ်၊ ဝန်ခံတတ်သော ခလေ့စရိုက်ကို တွေ့မြင်နိုင်သည်။

ဤစာစုတွင် ခမ္မရေးရာနှင့်ပတ်သက်၍ လှေ့လာမှတ်ယူစရာများပါရှိသဖြင့် သုတစာပေစာရင်းဝင်သလို ရေးသားဖွဲ့သီမှုတို့က ရသစာပေ စာရင်းဝင်စာတစ်အုပ်ဟု ဆိုချင်ပါသည်။ ဆေးကိုဆေးအတိုင်းပေးခြင်းမဟုတ်ဘဲ (Sugar Coated) သကြားအုပ်၍ပေးခြင်းဟု အင်ကြင်းပန်းအပေါ်အကျွန်ုပ်၏ အမြင်ကို ဖော်ညွှန်းလိုက်ရပေသည်။

**သန်းထွတ်**

## စာရေးသူ၏အမြင်

အင်ကြင်းပန်းသည် အဝတ္ထုပ္ပတ္တိစာအုပ်မဟုတ်ပါ။ ဖြစ်ရပ်မှန်ကို အခြေခံထားသော တရားရှာသူတစ်ဦး၏ ဘဝလမ်းအဆစ်အချိုးကို ဖွဲ့သီထားသည့် စာစုမျှသာ ဖြစ်သည်။

ချစ်ခြင်း၊ မုန်းခြင်း၊ ရယ်ခြင်း၊ ငိုခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်း၊ ပူဆွေးသောကဖြစ်ခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖြစ်ခြင်း၊ ပျက်ခြင်းစသည် တို့ကို ဘဝ၏သစ္စာဓမ္မဖြစ်၏။ ငရုတ်သီးထဲမှ ပိုးသည် ငရုတ်သီးပူခြင်းကို သိရန်ခက်ဘိသကဲ့သို့ လူသည်ဘဝ၏ သစ္စာဓမ္မကိုသိရန်ခက်၏။ ဘဝမှလွတ်မြောက်အောင် လုပ်ရန်ပို၍ခက်၏။ ဘဝမှလွတ်မြောက်အောင် တစိုက် မတ်မတ် လျှောက်လှမ်းခြင်းကို မဟာဂန္ဓရီ ခေါ်သည်။ မဟာဂန္ဓရီဟူသည် ခြေထောက်ဖြင့် လျှောက်လှမ်းခြင်း မဟုတ်ပေ။ လွတ်မြောက်ရေးမှခ်ဦးသို့ စိတ်ဖြင့်လျှောက် လှမ်းခြင်းဖြစ်၏။ ထို့ကြောင့် အင်ကြင်းပန်းသည် မဟာ ဂန္ဓာရီဖြစ်၏။

ဤစာစုသည် တရားစာအုပ် မဟုတ်သော်လည်း ဓမ္မအငွေ့အသက်များမကင်း။ ယူမည်ဆိုလျှင် ရနိုင်စရာများရှိနိုင်လိမ့်မည်ဟု မျှော်လင့်မိသည်။ ။

ခရေသခင်

## စာရေးသူ၏အာသီသ

မမြဲခြင်း၊ မမြဲ၍ဆင်းရဲခြင်း၊ အလိုသို့မလိုက်ခြင်း ဟူသော သဘောတို့သည် တည်မြဲ၏။ သစ္စာဓမ္မဖြစ်၏။ သစ္စာဓမ္မသည် လွတ်မြောက်ရေးမုခ်ဦးပင်ဖြစ်၏။ သစ္စာဓမ္မသည် တောထဲမှာမရှိ တောင်ပေါ်မှာမရှိ၊ ဘဝ၌ ရှိ၏။

ဖြစ်ရပ်မှန်ကို အခြေခံ၍ ဖွဲ့သီတင်ပြထားသော ဤစာစုတွင် အင်ကြင်းတောင်ဟူသည် သစ္စာဓမ္မမရှိ ရှိရာနယ်မြေအဖြစ်၊ အင်ကြင်းပန်းဟူသည် သစ္စာဓမ္မကို ရှာဖွေသူအဖြစ် ဖတ်ရှုခံစားစေချင်သည်။

အင်ကြင်းပန်းများ ပွင့်စေချင်ပါသည်။

အရှေ့ဆီမှာ
ရောင်နီလာပြီ
သစ္စာခရီး
အနီးကလေး
အပြေးရပ်လျက်
နေအထွက်မှာ
တောင်တက်လမ်းကို လိုက်ကြစေ။ ။

ခရေသခင်

# ပညတ် နှင့် ဓာတ်

(၁)

အင်ကြင်းပန်းသည် ပန်းမဟုတ်ပါ။ ရွာအမည်၊တောင်အမည်လည်း မဟုတ်ပါ။ လူအမည်သာဖြစ်သည်။ အမည်ကဆန်းတော့ အဆန်းသား။ သူ၏အဖေ ကျောင်းဆရာကလည်း အတွေးအခေါ် ခပ်ဆန်းဆန်းဖြစ်၍ သူ့အမည်ကလည်း ဆန်းနေရသည်။ အဖေက ဆရာထွန်း။ လူလတ်ပိုင်းဖြစ်၍ အများက ဆရာကိုမောင်ထွန်းဟုခေါ် ကြသည်။ ဧရာဝတီတိုင်း ဟင်္သာတ၊ ကြံခင်းရထားလမ်းပေါ်ရှိ သာယာကုန်းရွာကလေးမှ ကျောင်းဆရာတစ်ဦးဖြစ်သည်။ ဤနယ်တွင် ခေတ်ပညာ ဆယ်တန်း ဟိုင်းယား ဂရိတ်အောင်သူဆို၍ သူတစ်ဦးတည်းရှိသည်။ ဆရာကိုမောင်ထွန်းသည်စာပေ ပညာသာမကလောကီဂမ္ဘီရပညာများကိုလည်း အထိုက်အလျောက်လိုက်စားထားသူ ဖြစ်သည်။

'အူဝဲ–အူဝဲ–အူဝဲ––ယောကျ်ားလေးဟေ့'

မီးနေခန်းဆီသို့ လည်တဆန့်ဆန့်နှင့် အသက်မရှူနိုင်အောင်ဖြစ်နေသော ဆရာကိုမောင်ထွန်း တစ်ယောက် အခန်းထဲမှ ကလေးငိုသံနှင့် တဆက်တည်း ယောကျ်ား ကလေးဟူ

သော အသံကြားမှ သက်ပြင်းချ လျက်ရှင်ပြုံးနိုင်သည်။ သူက အချိန်သိလို၍ ဟိုကြည့်ဒီကြည့်လုပ်သည်။ သူ့အိမ်မှာ နာရီမရှိ။ ဘာလုပ်ရမလဲ၊ ရွာမှာ နာရီရှိသည့်အိမ်ကလည်း ခပ်ရှားရှား။ စဉ်းစားရင်း သူ့မျက်နှာဝင်းလက်သွားသည်။ နေ ပူထဲသို့ ပြေးထွက်သွားသည်။ တပေါင်းလ နေ့လယ်ပိုင်း ဖြစ်၍ နေက ချစ်ချစ်တောက်ပူနေသည်။ ဆရာထွန်း နေပူထဲမှာ ရပ်သည်။ သူ၏ အရိပ်ကိုရှာသည်။ မရှိ၊ အရိပ် မထွက်၊ သူ့အရိပ်က သူ၏ခြေထောက်အောက်တည့်တည့်မှာ ဖြစ်နေသည်။

'ဟာ– မွန်းတည့် ဆယ့်နှစ်နာရီတိတိ။ ကောင်းကွာ။ သိပ်ကောင်း။ တနင်္ဂနွေသား၊ မွန်းတည့် ၁၂ နာရီတိတိ၊ နေဓာတ် အပြည့်ပါတဲ့သား ကွ' ဆရာထွန်းလက်ဖျောက် တစ်ချက်တီးလိုက်ကာ ဟစ်ကြွေးလိုက် ပါတော့သည်။

(၂)

'ကျုပ်သားက တပေါင်းလဆန်းပိုင်းလဲဖြစ်တယ်။ တနင်္ဂနွေ နေ့လဲဖြစ်တယ်။ မွန်းတည့် ၁၂ နာရီတိတိ မွေးတာဆိုတော့ နေဓာတ်သိပ် အားကောင်းတယ်။'

ဆရာကိုမောင်ထွန်းက အိမ်လာလည်သော အစ်ကို ဖြစ်သူကိုပြောပြနေသည်။

'ဟနေစာတ်အပြည့်ပါတော့ သိပ်ပူမှာပေါ့ညီလေးရ' သူ့အစ်ကို ကိုဘိုးလွန်းကပြောသည်။

'ဟာ အစ်ကိုကလဲ၊ ကျုပ်တို့စကြဝဠာမှာ နေဟာအကြီးဆုံးပဲ။ နက္ခတ် ကိုး ခိုင်မှာ အခေါင်အချုပ်ဗျ။ နေဟာ နက္ခတ်ကိုး ခိုင်မှာ(ကိုးနဝင်း)ရဲ့ အချုပ်ဖြစ်လို့ နေကိုပဲ နဝင်းလို့ခေါ်နိုင်တယ်။ နဝင်းအားကောင်းတော့ ခေါင်းဆောင်မှု၊ ဩဇာကြီးမှု၊ ကျော်စောမှု၊ ဒါတွေအားကောင်းတယ်။ အဓိပတိဖွားလဲဖြစ်တော့ တရားစာတ်အားကောင်းတယ်။ သာသနာပြုမယ့်ကလေးလို့ ပြောနိုင်တာပေါ့'

'ဟုတ်လား၊ ဒါဆို မင်းသားက ဘုန်းကြီးဖြစ်မယ်ဆိုပါတော့'

'ဒါတော့ ဘယ်သိမလဲဗျာ။ သာသာနပြုတာ ပုံစံအမျိုးမျိုးနဲ့ပြုနိုင် တာပဲ'

'မသိပါဘူး။ ငါတို့တော့ ဘုန်းကြီးတွေပဲ သာသနာပြုတာတွေ့နေ ရတယ်'

'ဘိုးဘိုးအောင် တို့လို ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင်ဘဝနဲ့ ပြုတာ၊ ရသေ့ဝတ်နဲ့ပြုတာတွေလဲ ရှိပါတယ်ဗျာ။ ကဲဒါတွေထားပါတော့။ ကျုပ်သားကိုနာမည်ပေးဖို့ စဉ်းစားထားတယ်'

'ဟုတ်လား၊ လုပ်ပါဦး ဘာတဲ့လဲ'

'အင်ကြင်းပန်း'

'ဘာ–အင်ကြင်းပန်း ဟုတ်လား။ ဒါ ကလေးနာမည်။ မင်းကတော့ လုပ်ရော့မယ် မောင်ထွန်းရယ်။ မင့်ဟာက မိန်းကလေးနာမည်ပါလား။ မင်းသားဘုန်းကြီးမဖြစ်ဘဲ မိန်းမလျာဖြစ်တော့မှာပဲ။ ပညတ်သွားရာဓာတ်သက်ပါသတဲ့။ ကြည့်လဲလုပ်ကွာ' ကိုဘိုးလွန်းက စိတ်ပျက်လက်ပျက်ပြော သည်။

'ဟုတ်ပ့ါတော်–ယောကျ်ားလေးနာမည်ကလဲ အင်ကြင်း ပန်းရယ်လို့ ကြားဘူးပေါင်တော်' ယောက္ခမကလည်း မဲ့ကာရွဲ့ ကာ ဆိုလာ၏။

'အစ်ကိုတို့။ အမေတို့က ခေတ်မမီလို့ပါ။ နောက်တော့ ဒီနာမည် ခေါ်လို့ယဉ်သွားမှာ၊ အဓိပ္ပာယ်က အပြည့်ပါနေတာ ဗျ'

'ရှမ်းကြိုက် နွားချောတဲ့။ မင်းကကြိုက်နေတော့လဲ ဟုတ်နေတာပေါ့။ ကဲ လုပ်ပါဦး။ မင်းအဓိပ္ပာယ်အပြည့်ဆို တာ ရှင်းစမ်းပါဦး။ ငါတို့တော့ ရွာထိပ်က အင်ကြင်းပင်ကြီးနဲ့ အဲဒီအပင်ကပွင့်တဲ့ အင်ကြင်းပန်းပဲ သိတယ်'

'ဘယ်ကလာ ရွာထိပ်က အင်ကြင်းပင်ရမှာလဲဗျာ။ ဒီအမြင်လောက်နဲ့ ကျွန်တော်ကယူပ့ါမလား။ စောစောက

ပြောခဲ့သလို တနင်္ဂနွေသားလဲဖြစ်တယ်။ နေဓာတ်အား ကောင်းတယ်ဆိုတော့ နေကလဲ တနင်္ဂနွေဂြိုဟ်ဖြစ်တယ်။ ဒါကြောင့် မွေးနံအနေနဲ့ရော နေရဲ့သင်္ကေတ အနေနဲ့ပါ နံသင့်အက္ခရာ ကောက်ပြီး *အင်* ကိုယူထားတာ'

'တနင်္ဂနွေနံ (အ)နဲ့ စတာတွေ အများကြီးပါကွာ။ *အင်* မှပဲလား။ ကဲပါ ထားပါတော့။ *ကြင်း* ကရော ဘယ်လိုယူတာလဲ။'

'ကျုပ်တို့ စကြဝဠာမှာ အပူဂြိုဟ်အနေနဲ့ *နေ* ဟာအကြီးအမှူး ဖြစ်သလို အအေးဂြိုဟ်တွေထဲမှာ *လ* ဟာအဓိက ဖြစ်တယ်။ *လ* ဆိုတာ တနင်္လာဂြိုဟ်။ တစ်ခါ တနင်္ဂနွေသားရဲ့ အညွန့်ဂြိုဟ်ကလဲ တနင်္လာ။ ဒီတော့ တနင်္လာနံကို အညွန့်နံအနေနဲ့ရော *လ* အနေနဲ့ ပါယူပြီး အက္ခရာနံသင့်ကောက်တော့ *ကြင်း* ကိုရတာ။ ဒီတော့ အင်ကြင်း ဆိုတဲ့ ပညတ်ကို တနင်္ဂနွေ၊ တနင်္လာ၊ နေဓာတ်၊ လဓာတ် မိအောင် ယူတာဆိုပါတော့ဗျာ'

'ဟ အအေးဂြိုဟ်တွေထဲမှာ လဟာအကြီးဆုံးလားကွ။ ငါတို့ကြားဘူးတာတော့ *လ* က အရံဂြိုဟ်လေးတဲ့၊ အငယ်ဆုံးဆိုလား'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ကမ္ဘာနဲ့ တစ်နည်းပြောရ ရင်

လူတွေနဲ့အနီးဆုံး အသက်ဆိုင်ဆုံး အအေးဂြိုဟ်က တော့ လ ဗျ။ ဒါကြောင့် လ ဟာလူတွေအတွက် ပင်မ မိခင်ဂြိုဟ်လို့ ယူခြင်းဖြစ်တယ်။ 'စန်း'လို့လဲခေါ်တယ်။ ကျုပ်တို့ရွာက သူကြီးနဲ့မြို့ပိုင်၊ နယ်ပိုင် ဘယ်သူကရာထူး ပိုကြီးလဲ။ မြို့ပိုင်၊ နယ်ပိုင်ကကြီးတယ် မဟုတ်လား။ ဒါပေမယ့် ကျုပ်တို့ရွာသား တွေ ဘယ်သူ့ကိုပိုကြောက်ရလဲ။ ဘယ်သူကကျုပ်တို့ကို တိုက် ရိုက်အဆုံး အဖြတ်ပြုလဲ၊ သူကြီးပဲ မဟုတ်လား။

'အေး ဒါကတော့ဟုတ်တယ်ကွ။ မြို့ပိုင်၊ နယ်ပိုင်ဆို တာ တို့လဲ တစ်ခါမှမမြင်ဘူးဖူး။ တို့ကိုလဲသူတို့ သိမှာမ ဟုတ်ဘူး။ တို့သူကြီးကတော့ မရဘူးဟေ့ ဟ ဟတောင် မလှုပ်ရဲဘူး'

'အဲဒါပဲပေါ့။ ဩကာသလောက ဆိုတဲ့ ကျုပ်တို့နေတဲ့ လောကဓာတ်ကြီး သတ္တလောကဆိုတဲ့ သတ္တဝါတွေနဲ့ သင်္ခါရ လောကဆိုတဲ့ သတ္တဝါတွေရဲ့ ဖြစ်ပျက်အစဉ်ကြီးဟာ နေလနှစ်ပါးနဲ့ ကြောင်းကျိုး မကင်းဘူး။ နားလည်အောင် ပြောရင်တော့ အပူအအေးပေါ့ဗျာ။ ချုပ်လိုက်တော့ တေဇောတစ်လုံးပဲ ကျန်တယ်။ ကဲ ဒါတွေထား လိုက်ပါတော့။ ကျုပ်သားက တနင်္ဂနွေသားလဲဖြစ်၊ နေဓာတ်ကလဲ အား ကောင်းဆိုတော့ တနင်္ဂနွေ(နေ)ကို နာမည်အရင်းလုံး အဖြစ် အစပြုလိုက်တာနဲ့(လ)က အလိုလိုပါရတော့တာပေါ့။ ဒီတော့

အဖိုးအမ၊ အပူအအေး၊ အပင်အညွန့်၊ အဓိပတိဖွားဆို ပြန်တော့ အဓိပတိ တနင်္ဂနွေနဲ့ ရာဇ တနင်္လာ၊ ခတ်လဲစုံ၊ ခတ်လဲမိ ကိုးနဝင်းအချုပ်လဲဖြစ်ရော။ နေနဲ့လ နှစ်ပါးဆိုင်မှာ သိကြား ကိုယ်တိုင်မမယ်မဟုတ်လားဗျာ။ ဟား ဟား ဟား။ ဒါကြောင့် အင်ကြင်းဆိုတဲ့ နာမည်က အဓိပ္ပာယ် အပြည့်ပါနေတယ်လို့ ပြောတာပေါ့'

'ထားပါတော့ကွာ။ နေနဲ့လ၊ တနင်္ဂနွေ၊ တနင်္လာ ပါ အောင် အင်ကြင်းမှဘဲလား၊ အုန်းကြည်တို့၊ အောင်ခိုင်တို့ ရောမဖြစ်ဘူးလား' ကိုဘိုးလွန်းကဆင်ခြေတက်လိုက်၏။

'အဲဒါပြောတာပေါ့။ အစ်ကိုတို့က ရိုးပါတယ်လို့။ နာမည် မှာ ဗျူပွတ်ကအရေးကြီးတယ်'

'ဘာလဲပြုတ်ဖတ်'

'ပြုတ်ဖတ် မဟုတ်ပါဘူး။ ဗျူပွတ်ပါ။ နာမည်ဟာ အနက် အဓိပ္ပာယ်ပါမိဖို့ဆိုတဲ့ သဘောကိုပြောတာ။ ကဲ ကျွန်တော် မေးမယ်။ အစ်ကိုပဲပြော။ မြတ်စွာဘုရားအလောင်းတော် ဘယ်မှာဖွားလဲ'

'အင်ကြင်းတောမှာ'

'ဟုတ်ပြီ။ ဖွားတော်မူတဲ့အခါမှာ အင်ကြင်းကိုင်းညွတ် ပေးတယ်လို့တောင်ပါတယ်မဟုတ်လား။ စဉ်းစားသင့်တာ

တွေနော်။ ကောင်းပြီ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတာရော ဘယ်မှာလဲ'

'မလ္လာမင်းတို့ရဲ့ အင်ကြင်း ဥယျာဉ်မှာလို့ဆိုတယ်'

'အဲဒါပေါ့ အင်ကြင်းဆိုတဲ့ ပညတ်အမည်ဟာ ဘုရားနဲ့တရားနဲ့ မကင်းဘူးဆိုတာ စဉ်းစားပေါ့။ နေဝင်လထွက်မမှစက်တဲ့။ မြတ်စွာဘုရား ပဥ္စဝဂ္ဂီငါးဦးကို သစ္စာလေးပါးတရားဟောတဲ့ အချိန်ဟာ နေကအဝင် လကအထွက်နေလနှစ်ပါးစုံတဲ့အချိန် မဟုတ်လား။ ဒါကြောင့် ဘုရားရယ်၊ သစ္စာလေးပါးတရားရယ်၊ နေ လ နှစ်ပါးရယ်။ အင်ကြင်းရယ်ဟာ ကြောင်းကျိုးမကင်းကြတဲ့ပညတ်၊ ပရမတ်ကွင်းဆက်တွေဆိုတာ သိအပ်ပါတယ်။ ကျုပ်သားကိုတော့လောကီဘက် ထက် တရားဘက်ကို လိုက်စေချင်လို့ အစ်ကိုပြောသလို ပညတ်သွားရာ ဓာတ်သက်ပါအောင်ဆိုပြီး ဒီပညတ်အမည်ကို ရွေးရတာ'

'အေးလေ မင်းကစကြဝဠာနဲ့ ကိုင်ပြောလိုက်၊ ဘုရားဖွားတာတွေ၊ သစ္စာလေးပါးတရားဟောတာတွေနဲ့ ကိုင်ပြောလိုက်ဆိုတော့ ငါတို့ပဲအလျှော့ပေးရတော့မှာပေါ့။ ဒါပေမယ့် မင်းကြိုက်တယ်ဆိုရင် အင်ကြင်းဆိုတော်လောက်ပါပြီကွာ။ ပန်း

ကဘာယ်လိုကြောင့် ထည့်ရတာလဲ။ အဲဒီ 'ပန်း'ကြောင့် မိန်းကလေးနာမည်ဆန်သွားတာဟာ'

'ဟာ' အပင်ချည်းပဲဘာယ်ပြည့်စုံမှာလဲ။ အပင်စိုက်တာ အသီးအပွင့် လိုချင်လို့မဟုတ်လား။ အင်ကြင်းနဲ့တင်မပြည့်စုံဘူးလေ။ ပွင့်လာတဲ့ 'ပန်း'ပါထည့်မှပြည့်စုံမှာပေါ့။ နောက်ပြီး 'ပန်း'ဆိုတဲ့ ကြာသပတေးနံက ကျုပ်သား မွေးနံ တနင်္ဂနွေရဲ့ ပဥ္စပွတ်မဟုတ်လား။ ဒါကြောင့် ပုဏ္ဏား တွေ အမည်ပေးရင် မွေးနံနဲ့ပဥ္စပွတ် တနင်္ဂနွေအစ ကြာသပတေး အဆုံးထားပြီး ပေးကြတယ်လေ။ အောင်ပမိတ်ဘက်လဲ ဖြစ်တယ်ဗျာ။ အဲဒါကြောင့် အင်ကြင်းပန်းဆိုတာ ပိုပြည့်စုံလုံလောက်သွားတာပေါ့'

'လုပ်လိုက်ကွာ။ ငါပြောသလို ရှမ်းကြိုက်နွားချောပဲ။ ငါတစ်ခုတော့စဉ်းစားမိတယ်ကွာ။ ငါ ခေတ်ပညာမသင်မိဘဲ ကျောင်းဆရာ ဖြစ်မလာတာခပ်ကောင်းကောင်းပဲလို့။ နို့မဟုတ်ရင် မင်းလိုပဲ ဗဟုသုတတွေများသလောက် အတွေးခေါင်ချင်တာခေါင်ပြီး အကိုး အကားတွေနဲ့လုပ်ချင်တာတွေ လုပ်နေဦးမှာ၊ တော်သေးရဲ့။ ပညာတတ်တာလဲ ကြောက်စရာ အကောင်းသားပါလား' ကိုဘိုးလွန်းက ခပ်ရွှဲ့ရွှဲ့ ပြောလိုက်ရာ–

'ဟား ဟား ဟား အဲဒါကြောင့် အစ်ကိုတို့ မတိုးတက်ဘဲ

ရပ် နေတာ။ ဒီနေ့ကမ္ဘာကြီးလုံးပါတယ်ပြောလဲ အစ်ကိုတို့ မယုံဘူးမဟုတ်လား။ ဘယ်ယုံမလဲ။ ဗဟုသုတမှ မရှာမှီးကြဘဲ။ ဗဟုသုတကို စာပေကအများဆုံးပေးတယ်။ ဗဟုသုတက အသိဉာဏ်ကို မြင့်မား ရင့်ကျက်စေတယ်။ ဒါကြောင့် စာဖတ်ကြပါ။ လေ့လာကြပါ။ စာမတတ်သေးတဲ့ အမေတို့ စာတတ်အောင်သင်ကြပါလို့ပြောနေတာ ပေါ့'

'တော်ပါပြီ ကျောင်းဆရာရယ်။ မင်းကမ္ဘာကြီး လုံးချင်လုံး၊ ပြားချင်ပြား၊ ငါခါးနာနေတာလောက် အရေးမကြီးပါဘူး။ ဒီအရွယ် ရောက်မှ ကကြီး၊ ခကွေးလဲ လုပ်မနေနိုင် တော့ဘူး။ ငါ ရက်ကန်း မတတ်ပေမဲ့ ထဘီအင်္ကျီတော့ ဝယ်ဝတ်လို့ရပါတယ်' ယောက္ခမဖြစ်သူက သူ့ဘက်လှည့်လာ၍ ချက်ကျကျ ပြန်ပြောလေရာ ကျောင်းဆရာ ကိုမောင်ထွန်းခမျာ ခေါင်းကိုသာတွင်တွင်ကုတ်၍ နေတော့၏။

'ဟုတ်တယ်ကွာ၊ တိုးတက်ချင်ရင် မင်းဟာမင်း မိုးထိအောင်သာ လှေကားထောင်ပေတော့။ ငါတို့ကိုတော့ ဆွဲမထည့်ပါနဲ့။ အသက် တွေလဲ မငယ်တော့ဘူး။ တို့အတွက်သိချင်တာရှိဦးဝါယမရှိသားပဲ။ အခုမင်းလဲရှိနေပြီပဲ။ လုပ်လုပ်မင်းပဲဆက်လုပ်ညီလေး။ ငါပြန်လိုက်ဦးမယ်' ဟုဆိုကာ ကိုဘိုးလွန်းလည်း ထပြန်သွားပြီဖြစ်၍ ဆရာထွန်း တစ်ဦး

တည်း သူရွေးထားသောနာမည်ကို ကျေနပ်အားရစွာ အထပ်ထပ်ရေရွတ် ကျန်ခဲ့လေတော့သည်။

'အင်ကြင်းပန်း

အင်ကြင်းပန်း မာတ်ရော ဗျူပွတ်ရောမိတယ်။ ဒီနာမည်ပဲ ပေးရမယ်'

## အဆက်ခံပန်း

(၃)

အင်ကြင်းပင်သည် အစိုက်ရခက်၏။ စိုက်လျှင်လည်း ရှင်ခဲသည်။ အလွန်အသန့်ကြိုက်သည်။ ရှင်ပြန်လျှင်လည်း ပွင့်ခဲ၏။ ပြုစုယုယတိုင်းလည်း ဖြစ်ချင်မှဖြစ်သည်။ သူ့သဘော သူဆောင်လျက် ရှင်သန်ပွင့်လန်းလာသော အပင်မျိုးဟုဆိုရမည်။ ဒါလည်း နိယာမ တစ်ရပ်ပဲဖြစ်ခြေသည်။ မရှင်သန်၊ မပွင့်လန်းဘဲပျက်စီးကာ အဟောသိ ကံ ဖြစ်သွားရသည်များလည်းရှိသည်။ အပွင့်အဖြစ်ရောက်ရှိ လာရန် အန္တရာယ်အသွယ်သွယ် အကြောင်းအမျိုးမျိုးတို့ကို ရန်းကန်ထိုးဖောက်ရှင်သန်ပွင့်လန်းလာရခြင်းဖြစ်၏။ ဘုရားရှင်အား ပူဇော်ဆက်ကပ်ခံရ၍ ဘုရားရှင်၏ မျက်မှောက်သို့ရောက်ခွင့်ရသော အဆက်ခံအင်ကြင်းပန်း တစ်ပွင့်ဖြစ်လာဖို့ လွယ်လှသည်တော့

မဟုတ်။ ဆရာထွန်း၏ အင်ကြင်းပန်းကရော သည်လိုပန်းမျိုး ဖြစ်လာနိုင်မည်လား။ မည်သူမျှ အတတ်ဟောကိန်း ထုတ်နိုင်လိမ့်မည်မဟုတ်။ ဓမ္မနိယာမ အတိုင်းသာ ဖြစ်ရပေလိမ့်မည်။ သို့သော် ရည်ရွယ်ကြိုးစား မြေတောင်မြှောက်ပေးဖို့က မိမိ အလုပ်ဟု ဆရာထွန်း သဘောပေါက်ထားပြီးဖြစ်သည်။

ဆရာထွန်း၏သား အင်ကြင်းပန်းကတော့ လောလော ဆယ်ချူချာလှ၏။ မွေးကတည်းက လေထိုးသဖြင့် တအီအီငို၍သာနေ၏။ လေဆန်ဖြစ်၍ နို့စို့လျှင်လည်း သီး၏။ အစာခွံ့နိုင်ချိန်ရောက်လာ၍ ထမင်းဝါးဖတ်ခွံ့လျှင်လည်း သီး၏။ နှာခေါင်းထဲမှပင် အစာများပြန်ထွက်၏။ ဝမ်းက လည်းအလွန် ချုပ်သဖြင့် ဝမ်းတစ်ခါတစ်ခါသွားလျှင် ကလေးမှာ မချိမဆံ့ခံရ၏။ မိခင်က ကလေး၏စအိုကို ကွမ်းရိုး နှင့်ထိုး၍ချူပေးမှ စမြင်းလုံးတစ်လုံးခဲရာခဲဆစ်ထွက်ရ၏။ အရိုး ပေါ်အရေတင် ဝမ်းဗိုက်သားများသည် အထဲမှ အူများ ကလီစာများကို မြင်ရလုနီးပါး လှပ်လှပ်ကလေးဖြစ်နေသည်။ ဆရာထွန်းမှာ ကလေးကို ထမ်း၍တစ်မျိုး၊ ပွေ့ ပိုက်၍တစ်ဖုံ အငိုတိတ်အောင် ချော့ရ သည်မှာလည်း ပင်ပန်းလှသည်။ ကလေးက ရောဂါထူလျှင်မိဘများမသက်သာလှ။ လူတစ်ယောက်ဖြစ်လာသည်အထိ ပြုစုစောင့် ရှောက်ရသော မိဘများ၏ ကျေးဇူး

ကြီးပုံကို ဆရာထွန်းတို့ ဇနီးမောင်နှံ ကိုကြည့်လျှင်ပင် သိနိုင်လောက်၏။ဇနီးသည်ကတော့ ဈေးရောင်းတစ်ဖက် နှင့်မို့ စိတ် မရှည်လှ။ ရွာဖျားတွင် တကျည်ကျည် ငိုနေသော မာဖီယားဆိုသည့် ကုလားကလေးတစ်ဦးရှိရာ မိခင်က တအီအီငို နေသော အင်ကြင်းပန်းကို စိတ်မရှည်သဖြင့် 'ဟဲ့မာဖီယား' ဟုခေါ်တတ်၏။

'ဟ ငါ့သားကို မဟုတ်တရုတ်မခေါ်ပါနဲ့'

'သူ့သားက ငို ငိုနိုင်လွန်း။ ရွာဖျားက မာဖီယားကျနေတာ ကိုး'

'ကလေးက ငိုချင်လို့ ငိုနေတာမှ မဟုတ်တာ။ ဝေဒနာ ကြောင့် ငိုနေရတာ'

'ညီလေး မင်းသားက ချူချာလှသကွာ။ ဆရာလေး၊ ဘာလေးပြ၊ နောက်ပြီး ဗေဒင်ယတြာလေးလဲ လုပ်သင့် လုပ်ပါလား' အိမ်သို့ရောက်လာသော အစ်ကိုဖြစ်သူ ကိုဘိုးလွန်း အကြံပြုလာ၏။

'ကျွန်တော် ဆရာနတ်ချွန်းကို ပင့်ထားတယ်၊ ခရီးလွန် နေလို့၊ နောက်နှစ်ရက် သုံးရက်ဆို ရောက်လာမယ်'

'အေး ကောင်းတယ်။ ဆရာနတ်ချွန်းက ကလေးရောဂါ တွေတော့ အတော်နိုင်တယ်။ နို့ ဗေဒင်ရောတွက်ကြည့်သေး

လား'

'ကျွန်တော် တွက်ထားပြီးသားပါ။ သူက လေးခုကြွင်း၊ တနင်္ဂနွေအဓိပတိဖွား'

'ဟ အဓိပတိဖွားလဲဆိုရဲ့ ချူချာရလား'

'ဗေဒင်က ဒီလိုတရားသေ ယူလို့မရဘူး အစ်ကိုရဲ့။ အဓိပတိဖွား ရဲ့ ယေဘုယျသဘောကတော့ သူ့ဘဝမှာ လူအများအပေါ် အုပ်ချုပ်ရ တတ်တယ်။ အကြီးအကဲဖြစ်တတ်တယ်။ ဆရာအခေါ်ခံရတတ်တယ်။ အဟောအပြောကောင်းတယ်။ ရဟန်း ဒါမှမဟုတ် ဘာသာရေးခေါင်း ဆောင်ဖြစ်တတ်တယ်။ ပေးကမ်းရက်ရောပြီး မေတ္တာကရုဏာ ကြီးတတ်ပေမယ့် မာနကြီးတယ်။ ကိုယ့်အပေါ် သေးသေးတင်မခံတတ်ဘူး။ ကိုယ့်အပေါ်သေးသေးတင်လာရင် သူကလုံးကြီးပြန်တင်ရမှ ကျေနပ်တယ်။ မိမိရဲ့ သိက္ခာကိုလုံးဝ အထိမခံဘူး။ သိက္ခာအတွက် ဘာနဲ့ မဆိုလဲပြီး ကာကွယ် တတ်တယ်။ အမှန်တရားပေါ်မှာ ရပ်လွန်းတဲ့အတွက် အထက်လူကြီးများက ကြိုက်ပေမယ့် ကြောက်တယ်။ ဘယ်သူ့ကိုမှ ဦးစား မပေးတဲ့အတွက် လူမုန်းများတတ်တယ်။ မာနကြီးတဲ့အတွက် အဆိုးကျန်ဖြစ်တတ်တယ်'

'တနင်္ဂနွေ အဓိပတိဖွားမှာ အားနည်းတာတွေကတော့

စနေဂြိုဟ်ဟာ အခိုက်အိမ်ဖြစ်တဲ့ မရဏအိမ်မှာရပ်တည်နေလို့ အကြောနဲ့ ပတ်သက်လို့ ဝေဒနာတွေ ဖြစ်တတ်တယ်။ အကြောရောဂါမျိုးပေါ့။ နှလုံး အားနည်းတယ်။ ဗုဒ္ဓဟူးက ဘင်္ဂမှာနေတယ်။ မွေးနံတနင်္ဂနွေနဲ့က ရန်ဘက်ဖြစ်လို့ လေနာရောဂါထွေတတ်တယ်။ ကြာသပတေးက အ ပုပ်အိမ်(ပုတိ)မှာ ရှိပြန်တော့ မွေးကတည်းက လေပြင်ပါလာရတယ်။ အတိတ်ကံကိုက ဗုဒ္ဓဟူးနဲ့ ကြာသပတေးအားနည်းပြီး ခိုက်ခဲ့တဲ့အကျိုးဆက်ဆိုတော့ ကိုယ်ဝန်ရှိစဉ်က သူ့အမေ လက်ဖက်တွေစားခဲ့လို့ ဖြစ်မှာပေါ့'

'အလိုတော် ညောင်ဦးက ကမ်းပါးပြိုတာနဲ့ စံပါနဂိုက နွားမပေါင်ကျိုးဆိုတာလို သူ့သားရောဂါထွေတာနဲ့ ကျွန်မနဲ့ အလွတ်ကြီးပါ။ ရှင်ပေးထားတဲ့နာမည် ခိုက်နေတာလားမှ မသိတာ'

'ဟာ မဟုတ်တာပြောရှာမယ်။ ငါပေးထားတဲ့ နာမည် ကယ်နေလို့ ဒါလောက်ရယ်'

'ဟုတ်မယ် ဟုတ်မယ်။ သူ့နာမည်သာ မကယ်ရင် သူ့သားအီးပါရင် ကျောက်ခဲပဲပါမလားမသိဘူး'

'ဟား ဟား ဟား'

မိခင်ဖြစ်သူ မခင်စိန်အပြောကြောင့် ဝိုင်းရယ်ကြသည်။

'နေပါဦးကွ၊ မင်းဗေဒင်သဘောအရ အကြောရောဂါတို့ လေရောဂါတို့က အမြဲဖြစ်နေရောလား ကိုဘိုးလွန်းက မေး သည်။

'ဒီလိုမဟုတ်ဘူး အစ်ကိုရဲ့။ မွေးဇာတာအရ အဋ္ဌမတ္တမှာအား နည်းတဲ့ ဂြိုဟ်တွေရဲ့သဘောကိုပြောတာ။ ဗဟိဒ္ဓကောင်းကင် ဂြိုဟ်တွေက ဒီအ တိုင်းရပ်နေတာမှ မဟုတ်ဘဲ။ ဗဟိဒ္ဓကောင်း ကင်ဂြိုဟ်တွေရဲ့ အဝင်အထွက်အလှည့်အပြောင်းကိုလိုက်ပြီး အဋ္ဌမတ္တရဲ့ ကောင်းကျိုး ဆိုးကျိုး တွေကို ချိန်ဆတွက်ချက်ရ တာ။ အခု ကျွန်တော့သားဆိုရင် အဓိပတိ အိမ်မှာ ဂြိုဟ်အိပ် တယ်။ တနင်္ဂနွေဂြိုဟ်သက် ၆ နှစ်ကြာမယ်။ အဲဒီ ၆ နှစ်မှာ ကောင်းတာတွေရှိသလို သုံးတန်ပေါ်နစ်ထူလိုက်တဲ့အခါ မွေးနံအားနည်းတဲ့အတွက် ကျန်းမာရေးချူချာမယ်။ တစ်နှစ် ချင်း သက်ရောက်ဂြိုဟ်အလိုက် အတက် အကျ အလျော့ အတင်းတော့ ရှိတာပေါ့။ အဓိပတိ ဆိုတာကလဲ အဓိပတိသာ ဆိုတာ အားအကောင်းကြီးတော့ မဟုတ်ဘူး။ ကိုယ့်အတွက် ထက် သူများအတွက် ပိုပြီးအကျိုးပေး တယ်။ သတ္တဝါကယ် မယ့် ဇာတာရှင်မျိုးဆိုရမှာပေါ့'

'ရှင့်သားက သတ္တဝါကယ်ဖို့နေပါဦး။ သူ့ကိုယ်သူတောင် အနိုင်နိုင်ဖြစ်နေပြီ'

'ဟဲ့ အဲဒါ အခုပြောလို့မရဘူး။ ကျောက်ကောင်းမှန်ရင် အနာလွတ်ခဲတယ်။ ဘယ်ဟာမှ စင်းလုံးချော ပကတိအတိုင်း ထွက်မလာဘူး။ သွေးယူ၊ သန့်ယူရတာပဲ၊ ဓမ္မနိယာမအရ သာသနာပြုမယ့်ကလေးမှန်ရင် ဘာရောဂါနဲ့မှမသေရဘူး မင်းကြည့်ထား။ တစ်ခုပြောထားလိုက် ဦးမယ်။ တို့သားဟာ အရွယ်ရောက်လာရင် စွယ်စုံဆိုးချင်ဆိုးဦးမှာ အေးကျွတ်ချိန် တန်၊ ဖြစ်ချိန်တန်ရင် ပြောင်းပြန်လှန်လိုက်သလို ဖြစ် သွားလိမ့်မယ်'

'အမယ်လေးတော် ရှင့်ဗေဒင်အရ မကျွတ်ခင် အတော်ပူရ ဦးမယ်ပေါ့'

'လူတစ်ယောက်ဖြစ်လာပြီဆိုကတည်းက တစ်မျိုးမဟုတ် တစ်မျိုး ကတော့ ပူနေရမှာပေါ့။ အဲဒါကြောက်ရင် အစက တည်းက သီလရှင်ဝတ်ခဲ့ပါလား'

'ကျုပ်ကဝတ်ဖို့ပဲ။ အိမ်ကတောင် ထွက်ပြေးသေးတာ။ အမေတို့ကြောင့်'

မှန်သည်။ မခင်စိန် အပျိုဘဝက သီလရှင်ဝတ်ရန် ဘာဝနာ ကုန်းသို့ ထွက်ပြေးဖူး၏။ လူကြီးများ လိုက်ခေါ်၍ ပြန်ပါလာရာမှ အိမ်ထောင်ကျခဲ့ခြင်းဖြစ်၏။ ဆရာထွန်း ပါးစပ်ပိတ်နေလိုက်ရ၏။

'ကဲကဲ ပြီးတာတွေ ထားပါတော့ကွာ။ နေပါဦးကွ ဗေဒင်သဘောအရ ဖြစ်လာမယ့်ကောင်းကျိုးဆိုးကျိုးတွေကို ပြုပြင်လို့ရသလား။ ယတြာဆိုတာမျိုးနဲ့ပေါ့ကွာ' ကိုဘိုးလွန်းက မေး၏။

'ပြုပြင်လို့ရတဲ့ ကံကြမ္မာရှိသလို ပြုပြင်လို့မရတဲ့ ဝဋ်ကြမ္မာတွေလဲ ရှိတယ်။ ပြုပြင်လို့မရတဲ့ ဝဋ်ကြမ္မာကိုတော့ လက်ရိုးလို့ခေါ်တဲ့ ဆယ့် နှစ်ခွင်ဇာတာကြီးနဲ့မှ ပိုပြီးကြည့်လို့ ပီပြင်တယ်။ သူကတော့ ကောင်း ကင်ဆယ့်နှစ်ရာသီစက်ကို အပြည့်တွက်ချက်ရတာဆိုတော့ ပိုပြီးအသေးစိတ်တယ်။ ကျွန်တော်တို့ အခုကြည့်တဲ့ အဓိပတိတို့၊ ရာဇတို့ဆိုတဲ့ မဟာဘုတ်ကတော့ ၁၂ ခွင်ဇာတာကြီးနဲ့စာရင် ယေဘုယျသဘော ပိုကျတာပေါ့။ နဲနဲကျဲတယ်ဆိုရမှာပေါ့'

'ဘာလဲကွ မဟာဘုတ်ဆိုတာ မဟုတ်ပါလား' ကိုဘိုးလွန်းက ဖောက်လိုက်၏။

'ဟာ အစ်ကိုကလဲ လုပ်ရှေ့မယ်။ မဟာဘုတ်ဆိုတာ မဟာဘူတ ဓာတ်ကြီးလေးပါးကို ပင်မထားတဲ့ ပညာမို့ မဟာဘုတ်လို့ ခေါ်တာပါ'

'ဟုတ်လား၊ အေး အေး မင်းသားလဲ လိုအပ်တဲ့ ဓာတ်ယတြာလဲ လုပ်ပေါ့ကွာ'

'လုပ်ပါတယ်။ ဒါနဲ့ ထူးခြားမှုတစ်ခုတော့ ပြောရဦးမယ်'

'ဆိုပါဦးကွ'

'မနေ့ညက ကလေးသိပ်ငိုနေလို့ ကျွန်တော့်ပခုံးပေါ်ထမ်းပြီး အပြင် ထွက်လျှောက်ရင်း အိမ်ရှေ့ကရေကန်နား ရောက်သွားတယ်။ လကလဲသာနေတယ် မဟုတ်လား။ လေငြိမ်လို့ ရေကလဲကြည်နေတော့ ရေကန်ထဲမှာ လကလဲထိန်နေတာပဲ။ ကျွန်တော်လဲ စိတ်ကူးပေါက်ပြီး ကလေးကို ရေထဲကလကို ပြပြီး ချော့ကြည့်တာကိုး။ ကလေးက ငိုနေရင်း လကိုကြည့်နေရာက တဖြည်းဖြည်းအငိုတိတ်လာတယ်။ နောက်ဆုံး အငိုတိတ်သွားပြီး လကိုအကြာကြီးစိုက်ကြည့်နေတယ်။ အဲဒီလို ကြည့်နေရာကနေ အမှတ်မထင် ခေါင်းကိုမော့ပြီး ကောင်းကင်က လကိုကြည့်နေတာ အကြာကြီးပဲ။ မျက်တောင်လဲ မခတ်ဘူး။ စိုက်ကြည့်နေလိုက်တာ မျက်လုံးတွေက မျက်ရည်ကြည်လေးတွေဗောင်ဝဲလာတယ်။ မိုးသားတွေတက်လာတော့မှ ကျွန်တော်လဲပြန်လာခဲ့တယ်။ ကလေးလဲ အဲဒီည မငိုတော့ဘူး'

'အေး ထူးတော့ထူးတယ်။ မင်းသားက အသိဉာဏ်တော်တော် မြင့်တာပဲ။ ရေထဲက လကို အပေါ်မှာကြည့်ရမှန်းသိတယ်ဆိုတာ အရွယ်နဲ့မှမလိုက်ဘဲ'

'အဲဒါပေါ့၊ ဒီအရွယ်မှာ စဉ်းစားဉာဏ်ဆိုတာ မရှိနိုင်သေး

ဘူး။ ကျွန်တော်ထင်တာတော့ ဉာဏ်မဟုတ်ဘူး'

'ဒါဖြင့်ဘာလဲ'

'ဓာတ်'။ 'ဓာတ်ဆိုတာ ဉာဏ်ထက်မြင့်တယ်။ အလိုလို ပေါ်လာတဲ့သဘော။ ဓာတ်ကနေဆွဲတင်လိုက်တာ။ လ(စန်း) ရဲ့ ဓာတ်စည်းကြောင်းစက်ကွင်းထဲမှာ မိသွားတာ။ အပြောရ အရှင်းရခက်တယ်။ ပါရမီပေါ့ဗျာ။ ဒီလိုကြည့်ဖြစ်တာကိုက ပါရမီအရ ဓမ္မနိယာမစသောလို့ ပြောရမယ်ထင်တယ်'

'တို့ ရှေးလူကြီးတွေမှာ နေလံ ပြတဲ့ မင်္ဂလာဆိုတာရှိခဲ့ တယ်။ အဲဒါနဲ့များ ဆိုင်မလား'

'ဟုတ်တယ်။ အဲဒါရှေးပုဂ္ဂိုလ်တွေ အဓိပ္ပာယ်မဲ့လုပ်ခဲ့တာ မဟုတ်ဘူး။ ကျွန်တော်ထင်တာပြောမယ်နော်။ အဲဒါမှန်ချင်လဲ မှန်မယ်၊ မှားချင်လဲမှားမယ်။ ဒါကျွန်တော့်ရဲ့ တွေးခေါ်မှု ဆိုတော့ အခိုင်အမာအထောက်အထားတော့မရှိဘူး'

'ဆိုပါဦး'

'မွေးကင်းစ ကလေးတွေမှာ လောဘ၊ ဒေါသ၊ မောဟ ဆိုတာတွေအင်အားမရှိသေးဘူး။ ကိလေသာတွေ အားမရှိ သေးဘူး။ ဥပါဒါန်တွေ၊ နီဝရဏတွေမရှိသေးဘူး။ စိတ်အစင် ကြယ် ဆုံးကာလ။ ကြီးလာမှ ကိလေသာတွေ ချေးလက်လေး သစ်တက် လာတာ။ အဲဒီလို စိတ်စင်ကြယ်တုန်းကာလမှာ

နေလပြတဲ့ မင်္ဂလာပြုစေတာဟာ *ဟိတ်* ဆက်ပေးတာလို့ ထင်တယ်။ ငှက်တို့ မည်သည် လာရာလမ်းကို ပြန်တယ်ဆိုတဲ့ စကားလို သတ္တဝါဟာ နေလနဲ့ကြောင်းကျိုးမကင်းဘဲ ဖြစ်တည်လာရတာမဟုတ်လား။ ဒီလိုပြန်ပြီး ကြောင်းကျိုး ဆက်ပေးတဲ့သဘောလို့ထင်တယ်'

'ငါတော့ ဉာဏ်မမီဘူးကွာ။ ထူးတာပဲသိတယ်'

'အေးလေ တစ်နေ့တော့ သိလာရမှာပေါ့။ ဘာပဲဖြစ်ဖြစ် ကျုပ်သားအင်ကြင်းပန်းဟာ နေလနှစ်ပါးကျေးဇူးပြုပြီး ရှင်တော်မြတ်ဘုရားအား အဆက်ခံပန်းတစ်ပွင့်အဖြစ် ပွင့်လန်းလာဖို့ ရှေ့ပြေးအလားအလာ တစ်ရပ်လို့တော့ ဆိုချင်တာပဲ'

'အေး ဒါလဲဖြစ်နိုင်ပါတယ်'

ဆရာထွန်းတို့ အိမ်ရှေ့ခန်းလေးထဲတွင် အတွေးကိုယ်စီနှင့် တိတ်ဆိတ်ခြင်းက မင်းမူနေတော့သည်။

## ငါးပက်သော အင်ကြင်းပန်း

(၄)

ဆရာထွန်း၏ သား အင်ကြင်းပန်းသည် ဆရာနတ်ချွန်းနှင့်တွေ့ပြီးကတည်းက ရောဂါစင်ကြယ်သွားသည်ဟု ဆိုရမည်။ ငိုလည်းမငိုတော့၊ အစာစားလျှင်လည်း မသီးတော့။ အသားအရေလည်း စိုပြည်လာသည်။ ဆရာနတ်ချွန်း ဆေး

တိုက်လိုက်သည်နှင့် စမြင်းတစ်လုံး ခဲရာခဲဆစ်နှင့်ကျသွား သည်။ ယခင်ဝမ်းများမှ ဤစမြင်းကိုကျော်၍ သွားနေခြင်းဖြစ် သည်ဟုဆိုသည်။ ဆရာနတ်ချွန်းက ပြောခဲ့သေးသည်။ 'ဒီစ မြင်းအမွေးပေါက်ရင် ခင်ဗျားတို့ကလေး မရတော့ဘူး'။ သူ ပြောသလို စမြင်းအမွေးပေါက်တယ်လို့ ရှိမရှိ၊ ဟုတ်မဟုတ် တော့မသိ။ ဘာပဲဖြစ်ဖြစ် ကလေးကတော့ သက်သာသွား သည်။ ဆေးတိုက်ပြီးနောက်ပိုင်းတွင် ခါးကိုပတ်၍ မွေးကွက် လိုအကွက် အကွက်ကြီးများ ထွက်လာသည်။ ငုပ်နေသော ကျဗဟုံးအပူကွက်များဖြစ်နိုင်သည်။ ထိုအကွက်ကြီးများထွက် ပြီးနောက် ကလေးမှာ တောက်လျှောက်ကောင်းလာလိုက် သည်မှာ အရွယ်ပင် အတော်ရောက်လာခဲ့လေပြီ။

အရွယ်ရောက်လာပြီဖြစ်၍ အင်ကြင်းပန်း ကျောင်းတက် နေပြီ။ ရွာက ဆရာလေးကိုအုန်းမြင့်ကျောင်းမှာဖြစ်သည်။ ဆရာထွန်းက အထက်တန်းပြဆရာအဖြစ် ရာထူးတက်၍ ရွာမှ ရှစ်မိုင်ဝေးသော မြို့ကျောင်းသို့သွားတက်ရသည်။ ရထား ဖြင့်လည်း သွားလို့ရသည်။ စက်ဘီးဖြင့်သွားသည်ကများ သည်။

အင်ကြင်းပန်းက ကျောင်းစာထက် အားကစားကို ပိုမက် သည်။ ကစားသော်လည်း အပေါင်းအသင်းနှင့်မဟုတ်။ တစ်

ယောက်တည်း။ ပိုးကောင်ကလေးများနှင့် ကစားတတ်သည်။ ကစားသည်ဆိုသော်လည်း အလုပ်လုပ်နေသည်ကများသည်။ ပိုးကောင်းကလေးများသွားဖို့ လမ်းကလေးများ ဖောက်ပေးသည်။ တံတားလေးများဆောက်သည်။ စာကလေးတွေနေဖို့ ကောက်ရိုးနှင့် အသိုက်ကလေးများလုပ်သည်။ ကျောင်းစာကိုတော့ တစ်အောင့်ယောက်ပဲဖတ်သည်။ အတန်းကတော့ အောင်အောင်လာသည်။

(၅)

ရက်ကိုလစား၍ လကိုနှစ်စား အချိန်တွေ တရွေ့ရွေ့ ပြောင်းလာခဲ့ရာ အင်ကြင်းပန်းပင် ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်သို့ ရောက်ခဲ့လေပြီ။

မိုးကာလတစ်နေ့မှာတော့ အိမ်ရှေ့က ရေအိုင်ကြီးတွင် အင်ကြင်းပန်းတစ်ယောက်တည်း အလုပ်တွေများနေသည်။ ရေအိုင်က ရေအတော်များသည်။ အင်ကြင်းပန်းက ရေအိုင်၏ တစ်ဖက်ပေါက်ကို ရွှံ့မြေများဖြင့် တမံဖို့လျက်ပိတ်သည်။ လူကြီးများ ငါးပက်သည်ကို ကြည့်ထားပုံရသည်။ ထိုအတိုင်း တမံပေါ်တွင် ဝါးလုံးများစိုက်ထောင်လျက် သွပ်ပြားအစုတ်တစ်ချပ်ကိုကွေးကာ ခန္တလုပ်၍ ရေအိုင်ထဲမှရေများကို ပက်ထုတ်နေတော့သည်။ တစ်မနက်လုံး ရေကုန်အောင်ပက်နေ

သည်မှာ နေပင်အတော်မြင့်နေပြီ။ ရေများကုန်သလောက်ရှိသည်နှင့် ရေအိုင်အနှံ့ ရွှံ့စေးတွေထဲ ငါးလိုက်ရှာနေတော့သည်။ ရပါသည် ငါးရံ့လေးငါးကောင်နှင့် ပုစွန်လုံးတစ်လုံး။ လူကလည်း ကိုယ်လုံးတီး။ ရွှံ့အလိမ်းလိမ်းနှင့် လူရုပ်မပေါ်တော့။ ထိုစဉ် –

'ဟဲ့ အင်ကြင်း၊ မင်းဘာလုပ်နေတာလဲ'

သူ၏ဘကြီး ကိုဘိုးလွန်း ဖြတ်လာရင်း သူ့ကိုမြင်၍ လှမ်းအော်မေးခြင်းဖြစ်သည်။

'ဘကြီး ကျွန်တော် ငါးပက်နေတာ'

'ဟာ ဒီကောင် ခက်တော့တာပဲ။ မင်းအဖေတွေ့ရင် ရိုက်တော့မှာပဲ။ ဘယ့်နှယ်ကွာ ဘုန်းကြီးဖြစ်မယ့်လူက ငါးပက်ရတယ်လို့။ လာခဲ့ လာခဲ့'

'လာမယ်ဘကြီး။ ခဏလေး။ ဒီမှာ ငါးတစ်ကောင်ဖမ်းလိုက်ဦးမယ်'

'ဟာ ဒီကောင် ခက်တော့တာပဲ။ လူကလဲ လူရုပ်မပေါ်တော့ဘူး။,ကျွဲပေါက်လေးကျနေတာပဲ။ ဒါပေမယ့် မင်းကပိန်တော့ ကျွဲပိန်လေးဖြစ်နေပြီ။ လာခဲ့လို့ဆို'

'လာပါပြီ ဘကြီးရ'

'နေပါဦး။ သူများအသက် မင်းဒီလိုဖမ်းတော့ ငရဲကြီးမှာ မကြောက်ဘူးလား။ လွှတ်လိုက်'

'မကြီးပါဘူး ဘကြီးရဲ့။ ကျွန်တော်က သတ်ဖို့ ဖမ်းတာမှ မဟုတ်ဘဲ'

'ဟော ဘာလုပ်ဖို့လဲ။ မွေးဦးမလို့လား။ အဲဒါလဲ မလုပ်ကောင်းဘူး'

'ကျွန်တော်လွှတ်ဖို့ဖမ်းတာ'

'ဟယ် ရေထဲကငါးဖမ်းပြီး ရေထဲပြန်လွှတ်ရမယ်လို့ မင်း ဒုက္ခကလဲမသေးပါလား'

'မဟုတ်ဘူး ဘကြီးရ။ ဒီရေအိုင်က ကျဉ်းလဲကျဉ်းတယ်။ နေသိပ်ပူတယ်။ သူတို့နေရတာ မသက်သာဘူး။ နေပူလို့ ရေခန်းသွားရင် ဒီကောင်တွေသေမှာ။ ဒါကြောင့် ရေမခန်းခင် ကျွန်တော်ဖမ်းပြီး ဘုန်းကြီးကျောင်းကကန်ကြီးထဲ သွားလွှတ်မလို့။ အဲဒီကန်က အရိပ်လဲကောင်းတယ်'

'အောင်မယ်လေး ထွတ်ထွတ်ခေါ်ခေါ် ပူပင်ကြောင့်ကျလိုက်ပါဘိ ငါ့တူရယ်။ မင်းဘဲဒုက္ခခံလို့။အေးလေ ညီလေးပြောခဲ့တဲ့ သတ္တဝါကယ်တဲ့ လူဆိုတာ ဒီလိုပဲမြင်တတ်၊ သနားတတ်၊ ဒုက္ခကိုခွဲ ဝေခံစားရယူတတ်သူမျိုးမှပဲဖြစ်မှာပါလေ။ ကဲ ကဲ ငါ့တူမင်း ငါးတွေ လွှတ်မှာဖြင့် မြန်မြန်သွားလွှတ်။

တော်ကြာ မလွှတ်ခင် သေကုန်ဦးမယ်'

'ဟုတ်ကဲ့ ဟုတ်ကဲ့။ ဒါနဲ့ဘကြီး စောစောက ကျွန်တော့ ကိုဘုန်းကြီးဖြစ်မယ့်လူလို့ပြောတာ ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့မှ မဟုတ်ပါဘူးကွာ။ မင်းမွေးဇာတာက ဘုန်း ကြီးဖြစ်နိုင်တော့ ငါးဖမ်းတာမကြိုက်လို့ ပြောလိုက်တာပါ'

'ဘုန်းကြီးမဖြစ်ချင်ပါဘူး ဘကြီးရာ။ ဆရာတော် ဦးဝါယမ က ကျောင်းထဲက သရက်သီးလာခူးတဲ့ကောင်တွေ ကို လောက်လွှဲနဲ့ပစ်လွှတ်နေတာကြည့်ရတာ စိတ်ညစ်စရာ ကြီး'

'ဟ သူ့ကျောင်းထဲသွားခူးတာကိုးကွ ပစ်မှာပေါ့'

'ကျောင်းထဲမှာ သရက်ပင်၊ သရက်သီးတွေက အများကြီး၊ သူတစ်ပါးတည်း ကုန်မလား။ ရောင်းတာလဲမဟုတ်ဘဲနဲ့။ အလကားပုပ်ကုန်မှာပေါ့။ ခူးပစေပေါ့။ စားချင်လို့ခူးတာပဲ'

'ဟား ဟား ဟား ဟား မင်းဘုန်းကြီးဖြစ်မှပဲ ဝေသန္တရာ ဘုန်းကြီးလုပ်ပေတော့။ ကဲ ကဲနေမြင့်နေပြီ ငါတူရေ့ မင်းသွား တော့'

## ရှူးဏာဏား ယူးဏာဏား

(၆)

အင်ကြင်းပန်း ရွာကျောင်းမှာ စတုတ္ထတန်းပင် အောင်မြင်ပြီး၍ မြို့ကျောင်းသို့ ပြောင်းရတော့မည်။ ဖခင်ကလည်း မြို့ကျောင်းမှာ ကျောင်းဆရာ။ မထူးတော့ပြီမို့ တစ်မိသားစုလုံး မြို့သို့ပြောင်းခဲ့ကြတော့သည်။ မိခင်က မြို့မှာ အထည်ဆိုင်ဖွင့်သည်။ ရွာမှာလည်း အိမ်ရှိနေသေးသဖြင့် ရွာသို့လည်း မကြာ မကြာပြန်သည်။ အင်ကြင်းပန်းက သူ့အဖေရှိသော အထက်တန်းကျောင်းမှာပင် နေသည်။ ပဉ္စမတန်းစတက်ရသည်။

ထိုအချိန်က အင်ကြင်းပန်းတို့မြို့ကို ရဲဘော်ဖြူ အုပ်ချုပ်နေသည်။ ပြည်တွင်းစစ်ကာလဖြစ်၍ ကျောင်းတွင် ဆရာလည်းမစုံ။ ကျောင်းပိတ်ရက်တွေကလည်း များသည်။ ထိုနှစ်က အတန်းတင်စာမေးပွဲများပင် မစစ်နိုင်သော အခြေအနေဖြစ်၍ တစ်နှစ်လုံး ကျောင်းတက်ထားကြသော ကျောင်းသားများ မနစ်နာရအောင် မည်သို့ ဆောင်ရွက်သင့်သည်ကို ကျောင်းအုပ်ဆရာကြီးနှင့် ရှိသမျှဆရာများ စည်းဝေး တိုင်ပင်ကြသည်။ နောက်ဆုံးစာမေးပွဲ မစစ်ဖြစ်သော်လည်း ကျောင်းသားအားလုံး အတန်းတင်ပေးရန် ဆုံးဖြတ်ခဲ့ကြသည်။

ထိုနေ့က အင်ကြင်းပန်းတို့ အတန်းထဲသို့ အတန်းပိုင်ဆရာ ဦးကြည်ဌေးဝင်လာသည်။

'ကဲ တပည့်တို့ မင်းတို့ဝမ်းသာစရာစကား ဆရာပြောမယ်ကွဲ့'

အတန်းသားအားလုံး ငြိမ်သက်စွာ နားထောင်နေကြသည်။ ဆရာဦးကြည်ဌေးကဆက်၍–

'ဒီနှစ် မင်းတို့ကို စာမေးပွဲမစစ်ဖြစ်ဘူး။ ဒါပေမယ့် ငါ့တပည့်တွေက တစ်နှစ်လုံးကျောင်းတက်ထားကြပြီး ကျောင်းပျက်လဲနည်းတဲ့အတွက် အားလုံးကို အတန်းတင်ပေးလိုက်မယ်။ အဲဒါ မင်းတို့ကျေနပ်ကြရဲ့လား'

'ကျေနပ်ပါတယ်ဆရာ။' တပည့်များက ဝမ်းသာအားရ တညီတညွတ်တည်း ဖြေကြသည်။

'နေဦးကွဲ့ မင်းတို့အထဲမှာ စာမေးပွဲဖြေပြီးမှ အောင်ချင်ပါတယ်ဆိုတဲ့လူများရှိသေးလား။ ရှိရင် မတ်တတ်ရပ်ကြကွာ'

အတန်းသားများ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်။ သူရပ်နိုး၊ ကိုယ်ရပ်နိုး တစ်ယောက်မျှ မရပ်ကြ။ အတန်ကြာလျှင် တစ်ယောက်မတ်တပ်ရပ်လာသည်။ တစ်တန်းလုံးမှာ တစ်ယောက်တည်း။ ဆရာနှင့်တကွ အတန်းသားအားလုံး သူ့ကို တအံ့တသြ ဝိုင်းကြည့်ကြသည်။ အခြားသူမဟုတ်။ တစ်တန်း လုံးမှာ အသေးဆုံး အငယ်ဆုံးဖြစ်သူ အင်ကြင်းပန်း။

ဆရာဦးကြည်ဌေးက သူ့အား မျက်လုံးပြူးကြည့်လျက်
'မောင်အင်ကြင်း၊ မင်းက စာမေးပွဲဖြေပြီးမှ အတန်းတက်ချင်တယ်ပေါ့'

'ဟုတ်ကဲ့ပါဆရာ'

အတန်းသားများအားလုံးဝိုင်းရယ်ကြသည်။

'မင်းကစာမေးပွဲဖြေရင်အောင်မှာသေချာရဲ့လား' ဆရာဦးကြည်ဌေးက ဆက်မေးသည်။

'မသိပါဘူးဆရာ'

အတန်းသားများ ရယ်ကြပြန်သည်။ အမှန်က အင်ကြင်းပန်းသည် အတန်းထဲတွင် စာတော်လှသူမဟုတ်ကြောင်း အားလုံးကလည်း သိနေကြသည်။

ဆရာဦးကြည်ဌေးက သူ့အားစေ့စေ့ကြည့်လျက် ခေါင်းတညိတ်ညိတ်လုပ်ရင်း–

'ကဲ ကဲ တပည့်တို့ မရယ်ကြနဲ့။ သူ့အကြောင်း ဆရာသိတယ်။ ဒီမှာ ငါ့တပည့် မောင်အင်ကြင်း၊ မင်းကိုဆရာပြောမယ်။ ဒီနှစ်မင်းတို့ကို အတန်းတင်ပေးလိုက်တာဟာ မင်းတို့ ကျောင်းမှန်မှန်တက်ခဲ့ကြတဲ့အတွက် ထိုက်ထိုက်တန်တန် ပေးလိုက်တာပါ။ မင်းအချောင်ရတာမဟုတ်ပါဘူး။ ဒီတော့ ငါ့တပည့် ကျေနပ်လိုက်ပါ။ ဟုတ်ပြီလား'

'ဟုတ်ကဲ့ပါဆရာ'

မုန့်စားကျောင်းဆင်းချိန်တွင် သူငယ်ချင်းလှမြင့်က အင်ကြင်းပန်းကိုအပြစ်ဆိုလာ၏။

'ဟေ့ကောင် အင်ကြင်း မင်းကအရှုံးပဲကွ'

'ငါက အရှုံးနဲ့ တူနေလို့လား'

'ဟကောင်။ မင်းက စာမေးပွဲမဖြေရဘဲ အလကား အတန်းတင်ပေးတာကို မကျေနပ်ဘူးဆိုတော့ ရှုံးလို့ပေါ့။ မရှုံးတောင်ကြောင်တာပဲ'

'မင်းကရော အလကားရရင် အကုန်ယူမှာပဲလား' အင်ကြင်းပန်းကမေးရာ လှမြင့်က အင်ကြင်းပန်းကို မျက်လုံးပြူး ကြည့်လျက် –

'ဟာ ယူမှာပေါ့ဟ။ ငါခိုးတာမှမဟုတ်ဘဲ။ ပေးလို့ရတာပဲ'

'ငါကတော့ ယူသင့်မှယူမယ်။ ပေးတိုင်းတော့မယူဘူး။ အဲဒါကိုရှုံးတယ်ဆိုရင်တော့ ငါလဲမပြောတတ်ဘူး။

ပြောပြောဆိုဆိုထွက်သွားသော အင်ကြင်းပန်းကို လှမြင့်တစ်ယောက်အငေးသားကြည့်လျက်–

'ဘာကောင်လဲမသိဘူး' ဟုတစ်ယောက်တည်းပြောရင်း ကျန်ခဲ့တော့၏။

(၇)

အင်ကြင်းပန်း ရှစ်တန်းသို့ပင် ရောက်လာပြီ။ အသက် ဆယ့်သုံးနှစ်လောက်ရှိပြီဖြစ်၍ လူလားမြောက်လာပြီဟု ဆိုရမည်။ မြို့မှာနေသော်လည်း ရွာကိုမကြာခဏပြန်တတ်သည်။ ရွာမှာက သူငယ်ချင်းတင်ဦးရှိနေသည်။ တင်ဦးကိုတော့ သူအလွန်ခင်သည်။ တင်ဦးကလည်း သူ့အနွံအတာခံသည်။ သူငယ်ချင်း တင်ဦးအလိုကိုလည်း သူအများဆုံးလိုက်လျော၏။ ထိုနေ့က ကျောင်းပိတ်သဖြင့်တင်ဦးနှင့်အတူ ရွာသို့သွားရန်စီစဉ်နေ၏။

'ဟဲ့ အင်ကြင်းပန်း မင်းရွာသွားမလို့လား' မိခင် ဒေါ်ခင်စိန်ကမေးလာသည်။

'ဟုတ်တယ် အစ်မ'

အင်ကြင်းက ရွာဓလေ့အတိုင်း မိခင်ကို အစ်မဟုခေါ် သည်။ ထိုသို့ခေါ်ခြင်းသည် သူတို့ရွာဓလေ့ပင်ဖြစ်သည်။ ထူးခြားသည်ကတော့ အင်ကြင်းပန်း အဖေကို ဘဘဟု ခေါ်နေခြင်းပင်ဖြစ်သည်။ လူတိုင်းအဖေခေါ်နေတာကို ရိုးတယ်ဟုဆိုကာ ဘဘလို့ခေါ်ရန်ဆရာထွန်းက သင်ထားခြင်းကြောင့်ဖြစ်၏။

'မင်းရွာရောက်ရင် မောင်ကြိုင်တို့အိမ်ဝင်ခဲ့စမ်း။ ငါတို့ခြံနှစ်ကွက်ကို သူတို့လုပ်နေတာ ခြံခတွေလဲမရဘူး။ အဲဒါ ငါကမှာလိုက်တယ်ဆိုပြီး တောင်းခဲ့။ နောက်ပြီး အဲဒီခြံတွေကို သူတို့ဝယ်မယ်ဆိုရင်လဲရောင်းခဲ့။ သူတို့မယူရင် သူများကိုရောင်းတော့မယ်လို့ပြော။ ဝယ်မယ့်လူတွေ့ရင် တစ်ခါတည်းရောင်းခဲ့။ ငါပြောတာကြားလား အင်ကြင်း'

'ကြားပါတယ် အစ်မရဲ့'

'နင် မမေ့နဲ့နော်'

'မမေ့ပါဘူး ကျွန်တော် တင်ဦးကျောကုန်းမှာ စာရေးသွားမယ်။ ဟော့ကောင်ဟိုဘက်လှည့်'

သူ့မိခင်အား ကျီစယ်လျက် အင်ကြင်းပန်းတို့ သူငယ်ချင်းနှစ်ယောက် ရွာသို့ထွက်သွားကြလေ၏။

(၈)

'ဦးလေးကြိုင် ဦးလေးကြိုင်၊ ဦးလေးကြိုင်ရှိလား'

အင်ကြင်းပန်းက ခေါ်မေးရင်း ကိုမောင်ကြိုင်တို့ခြံထဲသို့ ဝင်လာ၏။

'အေး ရှိတယ်ဟေ့ ဘယ်သူလဲ။ ဟဲ့ အင်ကြင်းပါလား။ လာ လာ မင်းဘယ်တုံးကရောက်လဲ'

'အခုရထားနဲ့ပဲ ဦးလေးကြိုင်။ အစ်မေက မှာလိုက်လို့'

'အေး ပြောကွဲ့'

'သူ့ခြံနှစ်ကွက် ဒီနှစ် ဦးလေးတို့လုပ်နေတယ်ပြောတယ်'

'အေး ဟုတ်တယ်လေ'

'အဲဒါ ခြံခဆိုလား။ အဲဒါမှာလိုက်လို့ဗျာ။ ကျွန်တော်လဲ မပြောတတ်ဘူး' အင်ကြင်းပန်းက အားနာသဖြင့် ခြံခတောင်းဖို့ စကားရှာရခက်နေ၏။

'အေးကွာ ငါတို့လဲ အားနာလှပါတယ်။ ခြံက ဒီနှစ်ပိုးတွေဖျက်လို့ဆေးဖိုးနဲ့ မဖြစ်မြောက်ဘူးကွယ်။ နောက်ပြီး ဟိုမှာမင်းအဒေါ်လူမမာ။ မင်းကြည့်သာသွားပေတော့။ သူ့အတွက်ဆေး ဖိုးဝါးခလဲခိုက်သကွယ်။ ကလေးအကြီးမတောင် ဒီနှစ်ကျောင်းထုတ်ထားရတယ်။ အဲဒါကွာ အစ်မလေးကို မင်းပဲပြောပေးပါ။ ငါတို့လည်ပတ်ရင် ဆက်ဆက်ပေးပါမယ်လို့'

အင်ကြင်းပန်း အတော်အားနာသွားသည်။ အိမ်ထဲသို့ တစေ့တစောင်းကြည့်သည်။ အခြေအနေမှန်ကို သူသိလိုက်ပြီ။ အားနာသည့်စိတ်မှကရုဏာစိတ်သို့တစ်ဆင့်ပြောင်းလာသည်။

'ကဲ ကဲ ဦးလေးကြိုင် ဒီကိစ္စစိတ်ထဲမှာ ထားမနေနဲ့။ အဆင်ပြေအောင်သာဆက်လုပ်။ အစ်မကတော့ ခြံရောင်းခဲ့ဖို့ ကျွန်တော့ကိုမှာလိုက်တယ်။ ကျွန်တော်မရောင်းတော့ဘူး။ ဦးလေးတို့ပဲ ဆက်လုပ်နေတော့။ ခြံခလဲပေးမနေနဲ့။ ကျွန်တော်

အစ်မကိုကြည့်ပြောလိုက်မယ်'

'အေးကွာ၊ အေးကွာ။ ကျေးဇူးတင်လိုက်တာငါ့တူရယ်။ ဒါနဲ့ မောင်အင်ကြင်း မင်းပြန်ရင် ဝင်ခဲ့ဦးနော်။ ငါ အစ်မလေးဖို့ သရက်သီးတွေပေးလိုက်ချင်လို့'

'ဟာ ဦးလေး ကျွန်တော်က လျှောက်သွားဦးမှာ။ ဒီဘက်ရောက်မှာမဟုတ်တော့ဘူး။ နောက်ကြုံမှာပဲဗျာ'

'အေး အေး အေး ကြုံရင်တော့ ဝင်ခဲ့ကွာ'

'ဟုတ်ကဲ့ ဟုတ်ကဲ့'

အင်ကြင်းပန်းသည် ကိုမောင်ကြိုင်တို့အိမ်မှ ထွက်လာခဲ့ရသော်လည်း ကိုမောင်ကြိုင်၏ဇနီး လူမမာအတွက် ဆေးဖိုးပါးခ မကူညီနိုင်ခဲ့သည်ကိုပင် သူစိတ်မကောင်းဖြစ်နေတော့သည်။

(၉)

အင်ကြင်းပန်းသည် အိမ်သို့ပြန်ရောက်လာသည်။ ခြံကိစ္စမသိကျိုးကျင်ပြုနေသည်။ သူ့အမေ မေ့လိုမေ့ငြား ထားကြည့်သည်။ မရ။

'ဟဲ့ အင်ကြင်းပန်း မင်းငါမှာလိုက်တဲ့ကိစ္စ မေ့လာပြီမဟုတ်လား'

'ခြံကိစ္စမဟုတ်လား။ မမေ့ပါဘူးအစ်မရဲ့'

'မမေ့ရင် ဘာဖြစ်လို့ မပြောသလဲ။ အဆင်ပြေလား။ ခြံရောင်းခဲ့သလား'

'ဖြည်းဖြည်းပေါ့ အစ်မရဲ့'

'ဟဲ့ ဘယ့်နှယ်ဖြည်းဖြည်းရမှာလဲ။ ဒီကိစ္စလေးပြောဖို့ အရေး ရှေ့ကအပျိုတော်ထွက်နေရဦးမှာလား။ ပြောစမ်း။ ဘာလုပ်ခဲ့သလဲ။ မင်းကြည့်ရတာ သိပ်မဟုတ်ဘူး'

'ကိုမောင်ကြိုင်တို့ကို ဆက်လုပ်ဖို့ ပေးပစ်ခဲ့ပြီ'

'ဟောတော့။ မင်းဒီလိုလုပ်လို့ဖြစ်မလား။ အဲဒါ ငါတို့ဘိုးဘွားပိုင်ခြံဟဲ့'

'ဖြစ်ပါတယ်အစ်မရဲ့။ ဟိုတုန်းက ဘိုးဘွားပိုင်တာ။ အခုအစ်မပိုင်နေပြီပဲ။ ကိုယ့်အစ်မခြံကိုယ်ပေးတာ ဘယ်သူက တရားစွဲမှာလဲ'

'အမလေး ဘုရား ဘုရား မင်းငါ့ကိုပါ ပေးခဲ့ပါတော့လား အငြိုးကြင်းရယ်'

'ဟာ ဒါတော့ဘယ်ဖြစ်မလဲ ဘာဘာ ရိုက်မှာပေါ့။ သနားစရာပါအစ်မရယ်။ ဒေါ်ခလေးမကလဲ အတော်မကျန်းမာဘူး။ သူတို့မှာ ဆေးဖိုးတောင်အနိုင်နိုင်'

'ဒါဖြင့် ခြံခလဲ မရခဲ့ဘူးပေါ့'

'ဘယ်မှာယူလို့ကောင်းမလဲ။ လူမမာအတွက် ဆေးဖိုးဝါး ခ မပေးခဲ့နိုင်လို့တောင် ကျွန်တော်စိတ်မကောင်းဖြစ်နေတာ'

'ဟော ဒါဆိုလဲမင်းအဝတ်အစားတွေ ချွတ်ပေးခဲ့ပေါ့'

'ဒါလဲဘယ်ဖြစ်မလဲ။ ကျွန်တော် အောက်ခံဘောင်းဘီ လေးနဲ့ပြန်လာရမှာပေါ့။ မတော်ပါဘူး'

'ခက်တယ် ခက်တယ်။ မင်းတို့သားအဖနဲ့တော့ ကုန်မှာပဲ'

'အစ်မကလဲဗျာ။ မရှိတဲ့ပစ္စည်းကို ကုန်တယ်လို့ပြောလို့ ဖြစ်မလား'

'ဘာလဲမရှိတာ။ အဲဒါ ငါ့ခြံ။ ဘာလို့မရှိရမှာလဲ'

'အစ်မခြံဆိုရင် အစ်မသွားလုပ်နိုင်မလား'

'ငါက ဘယ်လိုသွားလုပ်နိုင်မှာလဲ'

'ဒါဖြင့် အစ်မခြံပဲ။ ဒီယူခဲ့ပေါ့'

'မင်း မတော်မနမ်းတွေ ပြောမနေနဲ့အင်ကြင်း'

'ကိုယ်လဲသွားမလုပ်နိုင်ဘူး။ ယူလာလို့လဲ ဖြစ်တာမဟုတ်ဘူး။ လုပ်တဲ့လူ စားပါစေအစ်မရယ်။ နောက်ပြီး သူတို့က ဒုက္ခရောက်နေတာပါ။ အခုလဲပြောလိုက်ပါတယ်။ လည်ပတ်ရင် ပေးပါ့မယ်လို့။ အစ်မလေးကို တောင်းပန်ပေးပါလို့လဲ မှာလိုက်တယ်။ အစ်မဖို့ သရက်သီးတွေတောင် ပေးလိုက်သေးတယ်။ ကျွန်တော်ယူမလာလို့'

'မင်းက ဘာဖြစ်လို့ ယူမလာတာလဲ'

'လေးလို့။ အလကားပါ အစ်မရယ်။ ကျွန်တော် မယူရက်ပါဘူး။ ဒီမှာလဲ သရက်သီးတွေ ပေါနေသားပဲ'

'မင်းကိုတော့ ရှုးတာလား။ ထူးတာလား ပြောရခက်နေပြီ။ ငါဝယ်ပေးတဲ့ အဝတ်အစားတွေလဲ သူများပေးပစ်တာကုန်ပြီ။ အခု မင်းမှာကျောင်း ပုဆိုးစိမ်း တစ်ထည်ပဲရှိတော့တယ်။ ဒါနဲ့ပဲနေတော့'

'အစ်မကလဲ လာပြန်ပြီ။ လုမြင့်ကလဲ ကျွန်တော့်ကို အရှုးလို့ပြောဘူးတယ်။ ကျွန်တော်က အရှုးသာစိန်နဲ့ တူနေလို့လားဗျာ'

'ဟဲ့ သာစိန်နဲ့တူနေမှ မင်းကို စိတ်ကျန်းမာရေးဆေးရုံပို့ရမှာပေါ့'

'တော်သေးတာပေါ့။ ဒါဆိုလဲပြီးရော'

'တော်တော့ မင်းကိုဆက်မပြောချင်တော့ဘူး။ အင်းမောင်ကြိုင်တို့လဲ ခက်ပါတယ်။ လော့်ရင်းနစ်နေကြတော့တာပဲ'

ဒေါ်ခင်စိန်လည်း ခြံအကြောင်း ဆက်မပြောတော့။ ဆေးလိပ်ဖွာလျက် မောင်ကြိုင်တို့အကြောင်း၊ ရွာအကြောင်းများသာ အတွေးနယ်ချဲ့၍ နေလေတော့၏။

# အင်ကြင်းပန်း မြှားစူးခြင်း

## (၁၀)

အင်ကြင်းပန်းသည် လူပျိုပေါက်ဖြစ်လာပြီ။ လူပျိုပေါက်ဖြစ်သော်လည်း အများကာလသားများလို မိန်းကလေးများကို ပိုးခြင်း ပန်းခြင်း၊ ရှုပ်ခြင်းနှောက်ခြင်းမရှိ။ အားကစားများကိုတော့ အကုန်လုပ်သည်။ ဘောလုံးကန်သည်။ ကျောင်းက အလတ်တန်း ဘုရင့်နောင်ဘောလုံးအသင်းတွင် သူကခေါင်းဆောင်။ ဂိုးအများဆုံးသွင်းသူလည်းဖြစ်သည်။ ခြင်းလုံးခတ်သည်။ ဘယ်ညာခြေဖျားတော့ကို ငါးရာတစ်ထောင်အထိ ခြေမချော်င်းသမျှ မကျအောင် ခတ်နိုင်သည်။ စလွယ်၊ မဟာစသောခြင်းကြီးများကိုလည်း လုံးခြင်းခတ်နိုင်သည်။အလေ့အကျင့်နည်းသေး၍ တွဲလုံးများတော့ မရသေး။ ကြက်တောင်လည်းရိုက်၏။ ကြက်တောင်ဆုများလည်းရ၏။ ဘော်လီဘော၊ ဘတ်စကတ်ဘောတို့ကိုလည်း ဝင်လုပ်သေး၏။ ဘတ်စကတ်ဘောက အမောဆုံးအားကစားဖြစ်၍သူ သိပ်မလုပ်။ စက်ဘီးကိုလည်း အများ မျက်စိနောက်အောင် စီးသည်။ တစ်ခါလည်း နှစ်ပေလောက်မြင့်သောတန်းကို စက်ဘီးနှင့်ခုန်သဖြင့် ကျွမ်းထိုးမှောက်ခုံကျခဲ့ပြီ။ မော်တော် ဆိုင်ကယ်

တစ်ခါမျှမစီးဖူးဘဲ သူငယ်ချင်းတစ်ဦး၏ ဘီအက်စ်အေ ဆိုင်ကယ်ကြီးကို စက်နှိုးခိုင်းပြီး တက်စီးခဲ့ရာ တစ်ဖက်မှ တရကြမ်း မောင်းလာသော လော်ရီကားနှင့်ရင်ဆိုင်တိုးနေ၍ မြောင်းထဲသို့ ဆိုင်ကယ်ရောလူပါ ထိုးဆင်းခဲ့ရပြီး ဒဏ်ရာများ ရခဲ့သည်။ ဤသို့ စွယ်စုံလျှောက်လုပ်သော်လည်း မိန်းကလေး ပိုးခြင်း ပန်းခြင်းမျိုးတော့ ဝါသနာမပါ။ သို့သော် နှလုံးသားပါ လာတော့ အင်ကြင်းပန်း၏ နှလုံးသားကို မြှားတစ်ချောင်းက တော့ လာ၍ထိမှန်စူးဝင်ခဲ့လေပြီ။ မြှားပိုင်ရှင်ကတော့ 'ခတ္တာ' ဆိုသည့် တောပန်းတစ်ပွင့်။

(၁၁)

ခတ္တာက မြို့၏အနောက်ဖျား သပြေတန်းရွာမှ စပါးပွဲစား ဦးချစ်ခင်၏ သမီး။ အင်ကြင်းပန်းတို့ အိမ်နှင့် မျက်နှာချင်းဆိုင်ရှိ စက်သူဌေး ဦးလူဝါးအိမ်သို့ မကြာခဏလာတတ်သဖြင့် အင်ကြင်းပန်းနှင့်ဆုံတွေ့ခဲ့ရခြင်းဖြစ်သည်။ အခြားမိန်းကလေးများကို စိတ်မဝင်စားသော်လည်း ခတ္တာနှင့်တွေ့မှ အင်ကြင်းပန်းခံစားလာရပြီ။ တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဆုံရာမှ မျက်လုံးချင်းစကားပြောခဲ့ကြပြီ။ အင်ကြင်းပန်း၏ နှလုံးသားကို 'ခတ္တာ' ဟူသော မြှားတစ်စင်း စူးနစ်ဝင်ခဲ့လေပြီ။ စားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်၊ ရေချိုး

ဖို့ ရေခွက်မြှောက်သည်အထိ ခတ္တာစိတ်၊ 'ငါဘယ်လိုဖြစ်နေတာလဲ'ဟု မိမိကိုယ်မိမိ ဒေါသစိတ်မွေးကြည့်သည် မရ ခတ္တာနှင့် အကြိမ်ကြိမ်ဆုံခဲ့ဖူးပြီ။ တစ်ယောက်ကိုတစ်ယောက် သိနေကြသော်လည်း မဖွင့်ဟာဖြစ်သေး။

တစ်မနက်တွင် သူငယ်ချင်းတင်ဦးရောက်လာသည်။ အင်ကြင်းပန်းက အိပ်တုန်း။

'ဟေ့ကောင် အင်ကြင်း အင်ကြင်း'

'အင် ဘာလဲကွာ'

'ဟေ့ကောင် ထစမ်းပါဦးကွာ။ မင်းကို ငါတိုင်ပင်စရာရှိလို့'

'မတိုင်ပင်နဲ့ကွာ ငါ့အိပ်ချင်သေးလို့'

'မင်း အဲဒီလိုမလုပ်နဲ့ကွာ မင်းဘက်ကျတော့ ငါအိမ်သာတက်ရာကတောင် ဆင်းလာရတယ်'

'မင်းပြီးလို့ ဆင်းလာတာပဲ။ မပြီးရင် ဆင်းလို့ရမလား။ နောက်မှတိုင်ပင်ကွာ။ ခဏပြန်အိပ်လိုက်ဦးမယ်။ လာ မင်းလဲ အိပ်ချင်ဝင်အိပ်'

'ဟာ ငါက ဘာလို့အိပ်ရမှာလဲ။ မရဘူး ထ။ ဟေ့ကောင် ၉နာရီ ထိုးနေပြီ။ မင်းဟာ လွန်လွန်းတယ်' တင်ဦးက ဇွတ်ဆွဲထူသဖြင့် အင်ကြင်းပန်း အိပ်ရာမှထခဲ့ရ၏။

'ဘာလဲ မင်းတိုင်ပင်မယ်ဆိုတာ၊ မြန်မြန်ပြော၊ ငါအိပ်ရင်း စဉ်းစားပေးမယ်'

'အိပ်ဖို့ကိစ္စက ဒီထိတောင်လာသေးတယ်။ ဒီမှာပြောလို့ မဖြစ်ဘူး။ အဒေါ်စိန်ကြားနေမယ်' သွား မျက်နှာသစ်၊ လက်ဖက်ရည်ဆိုင်ကျမှပြောမယ်။

'ဘာ လက်ဖက်ရည်ဆိုင်၊ မင်းတိုင်ပင်မှာ ငါသိပြီ။ မင်း ငါ့ကိုလက်ဖက်ရည်တိုက်ခိုင်းမလို့'

'မဟုတ်ပါဘူး၊ ငါတိုက်ပါ့မယ် ကိုအင်ကြင်းရယ်၊ လုပ်ပါ မြန်မြန်'

(၁၂)

'ကဲ ပြော မင်းတိုင်ပင်မယ်ဆိုတာ 'လက်ဖက်ရည်ဆိုင် တွင် အင်ကြင်းပန်းကစ၍ မေးသည်။

'အေး ပြောပါ့မယ်။ ဒီလိုကွာ မင်းအနောက်ဖျားက သပြေ တန်းရွာကို သိတယ်မဟုတ်လား'

'ဟကောင် သပြေတန်းရွာကို ငါမှမဟုတ်ဘူး။ ဒီမြို့မှာ အရူးသာစိန်တောင်သိတယ်။ မင်းပြောဖို့ရှိတာသာပြော'

'အေးပါ အဲဒီသပြေတန်းရွာက စပါးပွဲစား ဦးချစ်ခင်ရဲ့ သမီး ခတ္တာကိုမင်းသိလား'

ခတ္တာဆိုသည့် အမည်ကြားလိုက်သည်နှင့် အင်ကြင်းပန်း ရင်ထိတ်သွားသည်။ ဒီကောင် ခတ္တာကို ဘယ်လိုသိလာတာလဲ။ ငါကြိုက်နေတယ်ဆိုတာ သိလို့များလား။ ခတ္တာဘာဖြစ်လို့ပါလိမ့်ဟူသော အတွေးများ၊ စိုးရိမ်စိတ်များ ဝင်လာသဖြင့် အင်ကြင်းပန်းမျက်နှာက တစ်ချက်ပျက်သွားရာမှ ဣန္ဒြေပြန်ဆည်လိုက်ရင်း –

'အဲဒါဘာဖြစ်လဲ'

'ဟ ငါက မင်းသိလားလို့မေးနေတာ ဖြေဦးလေ။ မင်းကြည့်ရတာ ငေါင်တောင်တောင်နဲ့။ ဘာဖြစ်နေတာလဲ'

'မဖြစ်ပါဘူး မင်းလာလုပ်လို့ ငါအိပ်ရေးပျက်ပြီး ခေါင်းနောက်နေတယ်'

'ဗျာ အိပ်ရေးပျက်လို့ဟုတ်လား။ မင်းက ဘယ်နှစ်ရက်ဆက်အိပ်ဖို့ အစီအစဉ်ရှိလို့လဲ။ မဟုတ်ဘူး ခတ္တာနာမည် ပြောလိုက်တာနဲ့ မင်းကြည့်ရတာ တစ်မျိုးပဲ။ မှန်မှန်ပြော မင်း ခတ္တာကို ကြိုက်နေတယ်မဟုတ်လား'

အင်ကြင်းပန်းမလုံမလဲဖြစ်ခါ ငြိမ်နေသည်။

"ယောကောင်တိတ်ဆိတ်နေရင် ဝန်ခံတယ်တဲ့" ဟုတ်တယ်မဟုတ်လား၊ မင်းခတ္တာကို ကြိုက်နေပါတယ်။

မထူးတော့ပြီမို့ အင်ကြင်းပန်း ခေါင်းညိတ်လိုက်သည်။

'ဟောဗျာ မင်းနောက်ကျသွားပြီ'

'ဘာပြောတယ်။ ငါနောက်ကျသွားပြီမဟုတ်လား။ ဘယ်သူကဦးနေလို့လဲ'

'ငါပေါ့'

အင်ကြင်းပန်း မျက်နှာပျက်လျက်

'မင်းတို့ချင်း ကြိုက်နေကြပြီလား'

'ငါကကြိုက်တာ'

'အဲဒါ ဘာဖြစ်လို့ မင်းကဦးရမှာလဲ၊ ကြိုက်တာ လူတိုင်းကြိုက်လို့ရတာပဲ။ အရှူးသာစိန်လဲ ကြိုက်ချင်ကြိုက်နိုင်တာပဲ'

'မဟုတ်ဘူး။ ခတ္တာကို မင်းမကြိုက်ခင် ငါအရင်စကြိုက်တာဆိုတော့ ငါဦးတာပေါ့'

'မင်းစကြိုက်တဲ့ရက်ကို မှတ်ထားလို့လား'

'အေး မှတ်ထားတယ်။ မနှစ်ကသင်္ကြန်ထဲကပဲ'

'ငါက သူ့အမေ ခတ္တာကို ကိုယ်ဝန်ကြီးနဲ့ကတည်းက စကြိုက်တာဘာပြောမလဲ'

'မင်း မဟုတ်တရုတ်မပြောနဲ့။ အဲဒါဆိုရင်လဲ ခတ္တာကိုတော့ကြိုက်လို့ရမှာမဟုတ်ဘူး။ သူ့အမေပဲ ကြိုက်လို့ရမယ်'

'ကဲပါ ငါတိုင်ပင်ချင်တာက ငါဒီနေ့ အဲဒီရွာကို သွားမလို့။ အဲဒါမင်းလိုက်ခဲ့'

'ဟကောင် ဖြစ်မလား။ မင်းနဲ့ငါက ပြိုင်ဘက်ချင်း။ အတူသွားလို့ ဘယ်ဖြစ်မလဲ'

'မင်း ဒီလိုမလုပ်နဲ့ကွာ။ သူငယ်ချင်းချင်းပဲဟာ။ မင်းရသွားတော့လဲ ငါရသလိုပဲပေါ့'

'ဘာပြောတယ်။ မင်း မရှင်းမရှင်း မလုပ်နဲ့ တင်ဦး။ ငါရတာ မင်းရသလို ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ ခုရှုပ်မှနောင်ရှင်းကိုယ့်လူ'

'အေးပါကွာ ဒီလိုဆို ဒီလုပ်ကွာ မင်းကရှောင်ပေးလိုက်ပြီး ငါ့ကိုပဲကူညီ။ ကိုယ့်သူငယ်ချင်းပဲဟာ'

'မင်းက လိပ်ပုပ်ပဲ'

'မင်းက ငါ့ကိုအထင်သေးလိုက်တာ။ ကဲပါ ငါရှောင်ပေးပြီး မင်းကိုပဲကူညီပါ့မယ်။ လာသွားကြမယ်'

'မင်း ရှောင်ပေးမယ်ဆိုရင် အဲဒါ ငါ့ကိစ္စဖြစ်သွားပြီ။ သွားဖို့ကို မင်းကဘာကြောင့် လောဆော်နေရတာလဲ။ မင်း မလိမ့်တပတ်မလုပ်နဲ့။ ငါမနက်ဖြန်မှသွားမယ်။ ဒီနေ့ ပြန်အိပ်ဦးမယ်'

'မင်း ခတ္တာအပေါ်ထားတဲ့မေတ္တာက အတော် ပေါ့တီးပေါ့ဆနိုင်ပါလား အင်ကြင်း။ မင်းအတွက် ငါစွန့်လွှတ်ရမှာ နမြောတောင် နမြောတယ်။ ကဲပါ ဈေးမကောင်းပါနဲ့ အင်ကြင်းရယ်။

တို့သွားကြရအောင်ပါ။ နေဦး ငါစက်ဘီး သွားငှား လိုက်ဦး မယ်။ မင်း ဒီကစောင့်နေ'

အင်ကြင်းပန်းလည်း ဘာမျှမပြောတော့ဘဲ တင်ဦး ထွက်သွားသည်ကို ကြည့်နေလိုက်တော့သည်။ တင်ဦးလုပ်ပုံကြောင့် သူ့အတော် စိတ်အနှောင့်အယှက်ဖြစ်နေသည်။

(၁၃)

အင်ကြင်းပန်းတို့နှစ်ယောက် စက်ဘီးတစ်စီးနှင့် သပြေတန်းရွာသို့ ဝင်လာကြသည်။ အင်ကြင်းပန်းက စက်ဘီးနင်းလျက် တင်ဦးက နောက်ကထိုင်သည်။ ခတ္တာတို့အိမ်ရှေ့သို့ ရောက်လာသည်။ အိမ်ရှေ့ရေတွင်းတွင် ခတ္တာ ရေခပ်နေသည်။ အင်ကြင်းပန်းတို့ ရေတွင်းအနီးသို့ ရောက်လာလျှင် ခတ္တာက အင်ကြင်းပန်းတို့ကို တစ်ချက်လှမ်း၍ ကြည့်လိုက်သည်။ အင်ကြင်းပန်းက ပြုံးပြလိုက်သည်။ ခတ္တာက ပြန်၍ ပြုံးပြီး ရေအိုးကိုရွက်ကာ အိမ်ခြံဝင်းထဲကို ဝင်သွားသည်။ သူတို့ နှစ်ဦးလည်း ရွာလယ်ဆီသို့ ဆက်၍ စက်ဘီးနင်းလာကြသည်။ သူတို့အဆင့်က လျှောက်ပြန်သံပေး ခြေအေးဝမ်းရောင်ပဲဖြစ်သည်။ ဒါကိုပဲ ကျေနပ်လှပြီ။ လမ်းတွင် တင်ဦးက

'ဟော့ကောင် အင်ကြင်း မင်းမြင်လား'

'ဘာကိုမြင်ရမှာလဲ'

'ခတ္တာ ငါ့ကို ပြုံးပြတယ်လေ။ မင်းမတွေ့ဘူးလား'

'ဟုတ်မှာပါ။ မင်းကို အရူးသာစိန်နဲ့ မှားလို့နေမှာပေါ့'

'ခွေးကောင်'

သူတို့ ရွာလယ်သို့ ရောက်လာကြရာ တစ်ဖက်လမ်းချိုး ခပ်လှမ်းလှမ်းမှ လူအုပ်ကြီး တုတ်တွေ၊ ဓားတွေနှင့် ဆူဆူ ညံညံ ထွက်လာကြသည်ကို လှမ်း၍မြင်ကြသည်။ အခြေအ နေမကောင်းမှန်းသိ၍ အင်ကြင်းပန်းက အခြားတစ်ဖက်လမ်း ချိုးထဲသို့ကွေ့၍ စက်ဘီးနင်းပြေးသည်။ တော်သေး၏။ ထိုလမ်းတွင် သူတို့၏အသိ ဒေါ်သန်းရှင်တို့နေ၏။ ဒေါ်သန်း ရှင် အိမ်ထဲသို့ ဖြတ်ဝင်ခဲ့ကြရာ ဒေါ်သန်းရှင်၏ ယောကျ်ား ဦးညိုက ဆီးကြိုလျက်

'ဟော့ကောင်လေးတွေ မြန်မြန်လာ။ မင်းတို့စက်ဘီးအမြန် ဝှက်စမ်း၊ နောက်ပြီ မင်းတို့ ဟိုစပါးပုတ်ထဲဝင်နေ'

'ဘာဖြစ်တာလဲ ဦးလေး'

'နောက်မှပြောမယ်။ မြန်မြန်လုပ်'

အင်ကြင်းပန်းတို့လည်း စက်ဘီးကိုဝှက်ကာ ပုတ်ထဲသို့ ဝင်ပုန်းနေကြလေ၏။ သိပ်မကြာလှ ရွာထဲမှ ကာလသားများ

တုတ်များ၊ ဓားများကိုင်လျက် အိမ်ရှေ့သို့ရောက်လာကြ၏။

'ဗျို့ ဦးညို မြို့ကကောင်နှစ်ယောက် စက်ဘီးနဲ့ ဒီလမ်းထဲဝင်လာတာတွေ့လိုက်လားဗျ' ကာလသားတစ်ဦးက လှမ်းမေးသည်။

'အေး စက်ဘီးတစ်စီးတော့မြင်လိုက်တယ်၊ ဟိုရွာထွက်ပေါက်ဘက်ကို စီးသွားတာပဲ'

'ဟုတ်လား–ယော့ကောင်တွေလာကြဟေ့၊ တစ်ဖက်ပေါက်ကထွက်သွားလိမ့်မယ်၊ မီအောင်လိုက်ကြမယ်' ရွာသားများဆူဆူညံညံနှင့် ရွာထွက်ပေါက်ဆီသို့ လိုက်သွားကြသည်။

'ကောင်လေးတွေ ထွက်ခဲ့ကြတော့'

'ဘာဖြစ်တာလဲ ဦးလေးရဲ့'

'မင်းတို့က ဘယ်တုံးက ရွာထဲရောက်လာကြတာလဲ'

'အခုလေးတင် ရွာထဲဝင်လာရုံရှိသေးတယ်'

'အေး ဒါဆို မင်းတို့ရှေ့က တစ်ဖွဲ့ဖြစ်လိမ့်မယ်။ လွန်ခဲ့တဲ့တစ်နာရီလောက်က မင်းတို့လိုပဲ စက်ဘီးနဲ့ မြို့ကကောင်လေးနှစ်ယောက် ရွာထဲရောက်လာပြီး ရွာထဲက ကောင်မလေးတွေရေခပ်နေတုန်း စာပေးလား၊ စကားပြောလား လုပ်တဲ့အပြင်လက်ဆွဲလားပြုလားလုပ်လို့ ကလေးမတွေက လူကြီးတွေပြန်တိုင်တော့ ထွက်ပြေးကြတာပဲ။ အဲဒါ ကာလသားတွေ

သိသွားလို့ ဒီကောင်တွေကို လိုက်ရှာနေကြတာ'

'ဖြစ်မှဖြစ်ရလေ။ ကံကောင်းလို့ ဆွမ်းခံရင်းငှက်သင့်ဖြစ်နေပြီ တော်တော်ဆိုးတဲ့ ကောင်တွေ။ မြကြည်တို့ပဲ ဖြစ်မယ်။ ငါမင်းဆီလာတော့ဒီကောင်တွေ ဒီဘက်ကို စက်ဘီးနဲ့ထွက်လာတာ လမ်းမှာတွေ့လိုက်တယ်' တင်ဦးကပြောပြသည်။

'ကဲ–ကဲ ငါ့တူတို့ ကာလသားတွေ ထွက်ပေါက်ဘက်သွားတုန်း မင်းတို့က အဝင်ပေါက်ဘက်က ပြန်ကြပေတော့'

'ဟုတ်ကဲ့–ဟုတ်ကဲ့ ကျွန်တော်တို့သွားမယ်'

ဦးညိုအား နှုတ်ဆက်ကာ သူတို့နှစ်ယောက် ပြန်လစ်ခဲ့ကြရတော့၏။ အပြန်တွင် ခင္တာတို့အိမ်ကိုပင် လှည့်မကြည့်နိုင်အားတော့။ အပြန်တွင် အင်ကြင်းပန်းက 'မင်းလုပ်လိုက်ရင် တလွဲချည်းပဲ။ ကံကောင်းလို့ ဇက်ပြတ်ကြတော့မလို့'

'ခင္တာအတွက် မင်းဒါလောက်တော့ စွန့်စားရမှာပေါ့' တင်ဦးက ပြန်ပြောလေရာ အင်ကြင်းပန်းက တင်ဦးကို တစ်ချက်လှည့်ကြည့်လိုက်ပြီး ပါးစပ်ပိတ်ထားလိုက်တော့သည်။

(၁၄)

အင်ကြင်းပန်း အသက်(၁၆)နှစ်ရှိပြီ။ ဒီနှစ်ဆယ်တန်းစာမေးပွဲ ဖြေရမည်။ စာမေးပွဲရက်ကလည်း နီးနေပြီ။ အင်ကြင်းပန်း ဖိဖိစီးစီး စာကျက်နေပုံလည်းမရ။

'လူလေး အင်ကြင်းပန်း' ဆရာထွန်းက သူ့သားကို လူလေးဟုခေါ်သည်။

'ဗျာ – ဘဘ'

'မင်း ဒီနှစ်စာမေးပွဲအောင်ပါ့မလား'

'အောင်ပါတယ် ဘဘရဲ့'

'အောင်ပါတယ်သာဆိုတယ် စာကျက်နေတာလဲ မတွေ့ရဘူး။ အောင်တာနဲ့မပြီးဘူး။ အမှတ်ကောင်းမှဖြစ်မယ်။ သင်္ချာ၊ အင်္ဂလိပ်စာနဲ့ မြန်မာဘာသာတွေတော့မင်းကို ငါစိတ်ချတယ်။ ပထဝီနဲ့ သမိုင်းလုပ်စမ်း။ မင်းက စာကျက်သိပ်ပျင်းတာ။ လပတ်စာမေးပွဲတွေမှာ မင်း သမိုင်းဖြေတာ သင်္ကေတ ရာဇ်တစ်လုံးမှမပါဘူးလို့ ဆရာရှိန် ငါ့ကိုပြောတယ်'

အမှန်ပင်ဖြစ်၏။ အင်ကြင်းပန်း ဉာဏ်ကောင်းသလောက် စာကျက်ပျင်းသည်။ သဘောတရားအချက်အလက်ကိုမှတ်၍ သူ့စာနှင့်သူပြန်ရေးသည်။ ကျက်မှတ်ထားခြင်းမျိုးကို သူစိတ်မပါပါ။ ထို့ကြောင့် သမိုင်းဘာသာမှ သက္ကရာဇ်များကိုလည်း သူမမှတ်မိ၊ ဉာဏ်ကောင်းသည့်အပြင် သူ့အဖေ သင်္ချာဆရာ၏ လက်ထပ်သင်ပြမှုများကြောင့် သင်္ချာဘာသာတွင် အတန်းထဲ၌ အင်ကြင်းပန်းအဆင့် (၁)မှာအမြဲရှိသည်။ ဆရာထွန်းက လစဉ်ထုတ်မဂ္ဂဇင်းများမှ ဆောင်းပါးများ၊ အင်္ဂလိပ်စာစီစာကုံး

များကို အမြဲဖတ်ခိုင်းသဖြင့် မြန်မာစာနှင့် အင်္ဂလိပ်စာလည်း ကောင်း၏။ ထိုသုံးဘာသာကတော့ အချိန်မရွေးဖြေလျှင် အောင်နိုင်၏။ ပထဝီနှင့်သမိုင်းကတော့ လုပ်ရပေလိမ့်မည်။ သူများတကာ လွယ်သည့်ဘာသာကိုမှ အင်ကြင်းပန်းအတွက် ခက် နေသည်။

'မင်း ဒီနေ့ကစပြီး အားကစားတွေရပ်ထားတော့။ အပြင် လဲမထွက်ရတော့ဘူး။ တင်ဦးလာခေါ်ရင်လဲ မလိုက်နဲ့ ငါနဲ့ စာပဲ လုပ်ရတော့မယ်။ ဟုတ်ပြီလား'

'ဟုတ်ကဲ့'

'အင်း မင်းကတော့ ဟိုဆင်ဦးစီးပြောသလို ငါ့ဆင်ကြီးက သစ်နင်းသစ်ကျိုး၊ ဝါးနင်းဝါးကျိုး၊ ကမြင်းမသားက မနင်း တာခက်တယ်ဆိုတာလိုဖြစ်နေပြီ။ မင်းက လုပ်ရင်ဖြစ်ရဲ့သားနဲ့ ဖိဖိစီးစီမလုပ်ဘူး'

'အောင်ရင်ပြီးတာပဲဘဘရဲ့'

'ဟ–အောင်ရုံနဲ့မပြီးဘူး။ ကောလိပ်ရောက်ရင် မင်းသိပ္ပံ ယူရမှာ။ ဟို ရန်ကုန်က စိန့်ကျောင်းတွေကကောင်တွေနဲ့ယှဉ် ရမှာ'

'ဟုတ်လား–ဒါဆိုလုပ်မယ်လေ။ ကျွန်တော်က အောင်ရင် ပြီးရောလားလို့'

'အောင်မယ်လေး–ငါ့သားရယ်၊ မင်းက ဝတ်ကျေတမ်းကျေလုပ်နေတာကိုး၊ အခု စာမေးပွဲက ဖင်နားကပ်နေပြီ လုပ်စမ်းပါလူလေးရဲ့'

'လုပ်မယ်ဘဘ၊ စိတ်ချ။ ကျွန်တော် ဘယ်မှမထွက်တော့ဘူး'

'အေး–အေး။ ငါမင်းကိုကြည့်ပြီး ဦးဝါယမကျောင်းက သံခဲကို သတိရတယ်။ ဦးဝါယမက စာမကျက်ဘဲ အမြဲဆော့နေတဲ့သံခဲကို ဟဲ့ကောင်လေး နင့်ကိုစာကျက်ဖို့ပြောရတာလဲ ငါအာညောင်းလှပြီ။ ငါ့ဖို့ပြောနေတာမဟုတ်ဘူး။ ဟဲ့–နင့်အတွက် အမောခံပြီးပြောနေရတာဆိုတော့–သံခဲက

'ဟာ–တပည့်တော်က အရှင်ဘုရားအတွက်မှတ်လို့ ဒါလောက်လုပ်နေတာ။ တပည့်တော်အတွက်ဆိုရင်တော့ မလုပ်တော့ဘူး၊ နေပါစေတော့ ဘုရားဆိုပြီး လွယ်အိတ်ဆွဲပြီး အိမ်ပြန်သွားရောတဲ့'

ဆရာထွန်းက ဆက်ပြောသည်။

'အခုလဲ မင်းကို ဦးဝါယမ သံခဲကိုပြောသလိုတော့ မပြောရဲဘူး။ မင်းအတွက်မဟုတ်ပါဘူးကွာ။ တို့အတွက် စာလေးဘာလေးကျက်ပေးပါဦးလို့ပဲ ပြောရတော့မယ် ထင်ပါရဲ့ကွာ'

'ရှင်ကလဲတော် ကျုပ်သားက နားလည်ပါတယ်။ သံခဲလို

မထူပါဘူး။ ရှင့်ကိုက ဆန္ဒတွေလွန်နေလို့ပါ’

ဆရာထွန်းက ဇနီးသည်ကို မျက်စောင်းတစ်ချက်ထိုး ကြည့်လိုက်ပြီး ပါးစပ်ပိတ်နေလိုက်တော့သည်။

ဆယ်တန်းစာမေးပွဲ ဖြေပြီးခဲ့လေပြီ။ အင်ကြင်းပန်း ကောင်းကောင်းဖြေနိုင်သည်။ ဆရာအားလုံးကလည်း အင် ကြင်းပန်းအောင်နိုင်သည်ဟုပြောကြသည်။ အင်ကြင်းပန်း လူ အားသွားပြီဖြစ်၍ စိတ်လည်းအားပြီ။ အားသွားသော စိတ်ထဲသို့ ခတ္တာက ပြန်ဝင်လာသည်။ ခတ္တာလာလေ့ရှိသော ရွှေမှန်တင်ဘုန်းကြီးကျောင်းသို့ သူမကြာခဏသွားသည်။ ခတ္တာနှင့်တွေ့ခွင့်၊ စကားပြောခွင့်ရသည်။ တစ်ယောက်နှင့် တစ်ယောက်လည်း သံယောဇဉ်များတွယ်ငြိခဲ့ကြပြီ။ ကလေး ဘဝသာရှိသေးသော သူတို့၏ သံယောဇဉ်ကလည်း အလွန့် သန့်ရှင်းသည်။ ရိုးစင်းသည်။ ကျန်ရစ်ဖြစ်ရှာသူ တင်ဦးက လည်းသဘောထားကြီးသည်။ သူတို့၏ မေတ္တာလမ်းကို ဖြောင့်ဖြူးအောင် ကူညီပံ့ပိုးသည်။ သူတို့သုံးဦး မကြာခဏဆုံ ကြသည်။ မုန့်များဝယ်လာပြီး အတူစားကြသည်။ အတူက စားကြသည်။ တောင်ပေါ်ဘုရားသို့ အတူသွားကြသည်။ သူ တို့၏ ဆက်ဆံမှုက သည့်ထက်မပို။

ဆယ်တန်းအောင် စာရင်းထွက်ခဲ့ပြီ။ အင်ကြင်းပန်းအောင်

သည်။ သချာဘာသာဂုဏ်ထူးပါသည်။ သူတို့တစ်မြို့နယ်လုံး ဆယ်ရာခိုင်နှုန်းပဲအောင်သည်။ အင်ကြင်းပန်း ရန်ကုန်တက္ကသိုလ်သို့ သွားရတော့မည်။ သွားဖို့ပင် ပြင်ဆင်နေပြီ။

ရန်ကုန်မသွားခင် ခတ္တာကိုသွား၍ နှုတ်ဆက်သည်။ တင်ဦးလည်းပါသည်။ ခတ္တာ မျက်ရည်ကျသည်။ တင်ဦးက မလှမ်းမကမ်းတွင် ငိုနေသည်။ ခတ္တာကိုဖျောင်းဖျရင်း တင်ဦးကိုလှမ်းပြောသည်။

'ဟိုကောင် ဘာဖြစ်နေတာလဲ၊ မျက်စိထဲပိုးကောင် ဝင်ရင်လဲ ရေခပ်လိုက်ပါလား'

'အေး–အေး' ဟုဆိုကာ ခပ်ဝေးဝေးသို့ တင်ဦးထွက်သွားသည်။ တင်ဦးကိုကြည့်ပြီး အင်ကြင်းပန်းနှင့်ခတ္တာတို့ ရယ်ကြရသည်။ အရယ်အမောနှင့်ခွဲခွာခဲ့ကြသည်။

လူငယ်တွေမှာလည်း နှလုံးသားကိုယ်စီနှင့်။ နှလုံးသားရှိသူတိုင်းလည်းဝေဒနာရကြမြဲ။ ရလာသောဝေဒနာအတွက် ဖြေဆေးရှိဖို့ပဲလိုသည်။ အင်ကြင်းပန်းမှာက ပါရမီကြောင့်လားမသိ ဒီလိုဖြေဆေးမျိုးရှိနေတတ်သည်။

(၁၆)

ကျောင်းပိတ်တိုင်း အင်ကြင်းပန်း ဌာနေမြို့သို့ ပြန်လာသည်။ ပြန်လာတိုင်းလည်း ခတ္တာနှင့်တွေ့သည်။ ဤသို့ဖြင့်

နှစ်နှစ်ကုန်လွန်ခဲ့လေပြီ။ ထိုနှစ်ကျောင်းပိတ်၍ အင်ကြင်းပန်း ပြန်လာသည်။ သင်္ဘောဆိပ်သို့ တင်ဦးလာကြိုသည်။ မြင်း လှည်းဖြင့် အိမ်သို့ပြန်ခဲ့ကြသည်။ လမ်းတွင် တင်ဦးကို အင် ကြင်းပန်း စေ့စေ့ကြည့်သည်။ တင်ဦးခါတိုင်းလို စကားသိပ် မပြော၊ မျက်စိမျက်နှာလည်းမကောင်း။

'တင်ဦး မင်းဘာဖြစ်နေတာလဲ။ မင်းကြည့်ရတာ မျောက် အိုကြီးကျနေတာပဲ'

'မဖြစ်ပါဘူး– ငါဝမ်းနုတ်ဆေးစားထားလို့ ဗိုက်ရစ်နေလို့ ပါ'

'မဟုတ်သေးပါဘူး။ ဒါနဲ့ ခတ္တာရောတွေ့သေးလား။ နေ ကောင်းရဲ့လား'

သူကခေါင်းညိတ်လျက်

'ကောင်းပါတယ်'

အင်ကြင်းပန်း၊ သူ့အဖြေကို သိပ်ဘဝင်မကျလှ။ ဒီလိုနှင့် အိမ်သို့ရောက်လာကြသည်။ မိဘများ ဝမ်းသာအားရဆီး ကြိုကြသည်။ ရေမိုးချိုး၊ ထမင်းစားပြီးသည်နှင့်တင်ဦးက

'အင်ကြင်း– တို့အပြင်သွားရအောင်ကွာ'

'အေး– သွားတာပေါ့'

'ဘဘ– ကျွန်တော်အပြင်သွားလိုက်ဦးမယ်'

'အေး–အေး၊ ညဉ့်မနက်စေနဲ့'

တင်ဦးက သူတို့သုံးဦးဆုံနေကျ ရွှေမှန်တင်ကျောင်း၊ မန်ကျည်းပင်အောက်သို့ အင်ကြင်းပန်းကို ခေါ်လာသည်။

'မင်းကို ပြောစရာရှိလို့'

'နေဦး– ငါမေးတာပဲပြော။ ခင်တ္တာဘာဖြစ်သလဲ'

'အဲဒါပြောမှာပါ။ ခင်တ္တာ ယောကျ်ားရသွားပြီ'

'ဘာ'

'ဟုတ်တယ် သူငယ်ချင်း။ သူ့ကိုအပြစ်မတင်ပါနဲ့။ သူ့အဖေကြီးက လေဖြတ်တယ်။ စီးပွားရေးတွေပျက်ပြီး ကြွေးတွေတင်တယ်။ သူ့မိဘတွေက သူတို့အိမ်ကို လာလာနေတဲ့ စပါးကုန်သည်သူဌေးနဲ့ ပေးစားလိုက်တယ်။ သူ့ထက် အသက်အများကြီး ကြီးတယ်။ သူတို့အိမ်ထောင်စုရဲ့ထွက်ပေါက်က ဒါပဲရှိတော့တယ်လေ။ ခင်တ္တာ ငါ့ကိုငိုပြီး အကုန်ပြောပြတယ်။ ငါမင်းဆီစာရေးဖို့ပဲ– မင်းရော ဘာတတ်နိုင်မှာလဲ။ မင်းပညာရေးအပျက်ခံရင်တော့ တစ်နည်းတစ်လမ်းဖြစ်မှာပေါ့လေ။ ဒါတော့ ငါလဲအဖြစ် မခံနိုင်ဘူး။ ငါ့ကိုခွင့်လွှတ်ကွာ'

'ငါအားလုံးကို နားလည်ပါတယ်'

အင်ကြင်းပန်းစကားဆက်မပြောတော့။ မန်ကျည်းပင်ကြီး ရှေ့ရှိကန်ရေပြင်ကိုသာ ရီဝေသော မျက်လုံးများဖြင့်

ကြည့်နေသည်။ ပတ်ဝန်းကျင်ကိုလည်း အသိမရှိတော့။

'မငိုပါနဲ့သူငယ်ချင်းရယ်' တင်ဦးကဆိုလာသည်'

'ငါငိုနေလို့လား'

'အေး– မင်းမျက်ရည်တော့မကျဘူး။ ငိုနေတယ်ငါထင်လို့'

အင်ကြင်းပန်းက တင်ဦးမျက်နှာကို စေ့စေ့ကြည့်လျက် ဒီမှာသူငယ်ချင်း ဒဏ်ရာမရဘူးတဲ့ စစ်သူရဲကောင်း မရှိပါဘူး။ စာမေးပွဲမဖြေဘဲ အောင်လက်မှတ်မရပါဘူး။ ငါ့နှလုံးသားကို မြားတစ်ချက် ထိလိုက်တာတော့ အမှန်ပဲ။ အနာမကျက်ခင် ဆေးတော့ကုရဦးမှာပေါ့။ အနာပျောက်တော့ အမာရွတ်က တော့ ကျန်ခဲ့မှာပဲ။ အဲဒါ ငါရဲ့အောင်လက်မှတ်တစ်ခုပါ။ အဲဒီ အခါကျရင် ငါတစ်ထုံအောင်ပြီ ဆိုပါတော့ကွာ'

'မင်းပြောတာတွေ ငါနားမလည်ပါဘူးကွာ'

'ထားပါတော့ကွာ – လာ တို့ပြန်ကြမယ်'

'မင်း ဒီမှာ ဘယ်လောက်နေဦးမှာလဲ'

'ငါမနက်ဖြန် ရန်ကုန်ပြန်မယ်'

'ဘာ–ဒီနေ့ရောက်တယ်။ မနက်ဖြန်ပြန်မယ် ဟုတ်လား။ မင်းဟာမဟုတ်သေးပါဘူး'

'ငါဆေးကုရဦးမယ်လေ'

'ဒီမှာပဲကုပါလား သူငယ်ချင်းရယ်။ ငါလဲအရှိသားပဲ'

အင်ကြင်းပန်း တင်ဦးကိုလှည့်ကြည့်လျက် –

'ငါ့ဒဏ်ရာကို ဒီမန်ကျည်းပင်ကြီးအောက်မှာ လာကုနေလို့ ပျောက်မယ်လို့ မင်းထင်သလား'

'ကဲပါလေ လူကြီးတွေကျေနပ်အောင် ငါ သုံးလေးရက်တော့ နေလိုက်ပါ့မယ်'

တင်ဦးလည်း ဆက်မပြောတော့ ဘာပြောရမှန်းလည်း မသိတော့။ မိုးလည်းချုပ်စပြုပြီဖြစ်၍ လပင်ထွက်စပြုနေပြီ။ လရောင်ကတော့ မှုန်ရေးရေး။ ဝေးလံသော ဘဝခရီးလမ်းကို အင်ကြင်းပန်း ဆက်လျှောက်ရပေဦးမည်။

လရောင်ကမှုန်ရေးရေး
ဝေးလံသောခရီး
ငါတစ်ယောက်တည်းထားခဲ့ပါ –

အင်ကြင်းပန်း၏ နှလုံးသားတွင် ကမ္ပည်းတင်ထားလိုက်သောကဗျာလေးတစ်ပုဒ်။

## နေ့မြင် ညပျောက်

(၁၇)

အင်ကြင်းပန်း ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်နေသည်။ ပင်းယဆောင်မှာနေသည်

အင်တာ(ဒုတိယနှစ်)အောင်ခဲ့ပြီးပြီ။ တက္ကသိုလ်ကျောင်းသားဘဝကိုလည်း သူပျော်လှသည်တော့မဟုတ်။ အတန်းတက်ရသည်များကိုလည်း ငြီးငွေ့သည်။ ထို့ကြောင့် ကျောင်းတက်ကတော့ မမှန်လှ။ သို့သော် စာမေးပွဲကိုတော့ အောင်–အောင်ဖြေသည်။ သူ့ကိုမိဘများက အားမရ။ သူတို့က စာဘက်မှာထူးချွန်စေချင်သည်။

တစ်နေ့အင်ကြင်းပန်းထံသို့ လူတစ်ယောက်ရောက်လာသည်။ အသက်လေးဆယ်လောက်ရှိမည်။ ဆင်းရဲနွမ်းပါးပုံရ၏။ 'အင်ကြင်းပန်းလား'

'ဟုတ်ပါတယ်'

'မင်းငါ့ကိုသိလား'

'သူစေ့စေ့ကြည့်သည်။ မသိ'

'ကျွန်တော် မမှတ်မိဘူး'

'အေး–မင်းဘယ်မှတ်မိမလဲ၊ မင်းခပ်ခပ်ငယ်ငယ်ထဲက ငါရန်ကုန်ထွက်လာတာကိုး–ငါမြသီကွာ'

အော်–ဦးလေးမြသီ။ အစ်မကတော့မှာလိုက်တယ်–ရန်ကုန်မှာ ဦးလေးရှိတယ်လို့။ ကျွန်တော်ဘယ်ရှာရမှန်းမသိလို့ နာမည်ကြားမှ အင်ကြင်းပန်းအမှတ်ရသည်။ သူ့ကို ငယ်စဉ်က ထိန်းခဲ့သော သူအလွန်ချစ်ခင်သော ဦးလေးမြသီ။ သူ

အလွန်ဝမ်းသာသွားသည်။

'ဦးလေး ဘာလုပ်နေလဲ'

'ငါအင်းစိန်လိုင်းမှာ ကားစပယ်ယာပဲကွာ။ ကျိုက်ကုလား မှာနေတယ်။ ရွာကအသိတစ်ယောက်နဲ့တွေ့လို့ မင်းအကြောင်းသိပြီး ငါလိုက်ရှာနေတာကြာပြီ'

'ဝမ်းသာလိုက်တာဦးလေးရယ်။ ကျွန်တော့်ဆီ ဝင် ဝင်လာပေါ့'

'အေး လာမှာပေါ့။ မင်းဖို့ ငါးရှဉ့်ကျပ်တင်ခြောက်တွေ ချက်လာတယ်။ မင်းဒေါ်လေးလုပ်ပေးလိုက်တာ'

'ဒုက္ခရှာလို့ဦးလေးကလဲ။ ဒေါ်လေးတွေဘာတွေ ရနေပြီပေါ့။ သားသမီးရော'

'မရှိပါဘူးကွာ။ ကဲ–ဒီတစ်ခေါက်မင်းနဲ့တွေ့ရရင်ကျေနပ်ပါပြီ။ ငါအလုပ်ဆင်းရဦးမှာ၊ နောက်မှကြာကြာနေမယ်။ ရှေ့–ဒီချိုင့် နောက်တစ်ခေါက်မှယူမယ်။ ငါသွားမယ်'

'ဟုတ်ကဲ့–ဟုတ်ကဲ့ ဦးလေး'

သူ၏ပျောက်ဆုံးနေသော ဦးလေးမြသီနှင့်တွေ့ရ၍ အင်ကြင်းပန်းအလွန်ဝမ်းသာနေသည်။ ဦးလေးဖြစ်သူ၏ အခြေအနေကို ရိပ်စားမိ၍ သူစိတ်မကောင်းဖြစ်ရသည်။ သူ့ထံသို့ ကိုမြသီ သုံးလေးခေါက်ရောက်လာသည်။ လာတိုင်း

လည်း စားစရာများယူလာသည်။ မယူပါနှင့်ပြော၍လည်းမရ။ ဒီတစ်ခါကျောင်းပိတ်၍ ပြန်လျှင် သူ့ဦးလေးတို့လင်မယား အင်ကြင်းပန်းနှင့်လိုက်ခဲ့မည်ဟုပြောသည်။

တစ်ည အင်ကြင်းပန်း ညဥ့်နက်အောင်စာကျက်သည်။ ညနှစ်ချက်တီးလောက်မှအိပ်သည်။ နံနက်ပိုင်းလေးနာရီလောက်တွင် ထူးခြားစွာ အိပ်မက်မြင်မက်သည်။ အိပ်မက်ထဲတွင် သူ၏အခန်းတံခါးကို လာခေါက်၍ ထဖွင့်ပေးလိုက်သည်။ ဦးလေးမြသီဝင်လာသည်။ သူ့လက်ထဲတွင် ထီးအနက်ကြီးကိုင်ထားသည်။ မျက်နှာက ဖြူရော်ရော်ဖြစ်နေသည်။ မျက်နှာလည်း မကောင်းလှ။ အင်ကြင်းပန်းလန့်နိုးသည်။ စိတ်ထဲတွင် တစ်မျိုးကြီးလေးနေသည်။ သူမီးထဖွင့်သည်။ နံနက်လေးနာရီ၊ သူပြန်၍ မအိပ်တော့။ စိတ်ပြောင်းအောင် စာဖတ်သည်။

ဒီလိုနှင့် နံနက် ၇နာရီလောက်တွင် လူငယ်တစ်ယောက်ရောက်လာသည်။ သူ့ကို အင်ကြင်းပန်းမသိ။

'ညီလေးက အင်ကြင်းပန်းဆိုတာလား'

'ဟုတ်ပါတယ်'

မင်းဦးလေးကိုမြသီ ကားတိုက်လို့ဆုံးပြီ'

'ဗျာ – အင်ကြင်ပန်း မိုက်ခနဲဖြစ်သွားလျက် လောကဓာတ်

ကြီးတစ်ခုလုံး ချာချာလည်သွားသည်ဟု ထင်လိုက်ရသည်။ သတိဖြင့် ပြန်ထိန်းထားရ၏။

'ဘယ်တုံးကလဲဗျာ'

'ဒီမနက်လေးနာရီ'

'ဟောဗျာ – သူကျွန်တော့်ဆီလာသွားတာပဲ။ ကျွန်တော်လဲ စိတ်တွေလေးနေတာ။ ဘယ်လိုဖြစ်တာလဲ'

'သူ့ကားရေကုန်လို့ ရေဆင်းထည့်တာ တစ်ဖက်က မျက်နှာချင်းဆိုင်မောင်းလာတဲ့ကားက လမ်းမှားဝင်လာပြီး ညှပ်တိုက်လိုက်တာ။ မှောင်ကလဲမှောင်နေတယ်မဟုတ်လား'

'ဖြစ်မှဖြစ်ရလေဦးလေးရယ်' အင်ကြင်ပန်း ယူကျုံးမရ ရေရွတ်လိုက်မိသည်။

'အဲဒါ သူ့မိန်းမက ညီလေးကိုသွားပြောပါဆိုလို့ လိုက်ရင်လဲခေါ်ခဲ့ပါလို့ မှာလိုက်တယ်။ ကိုမြသီက ညီလေးကို သိပ်ချစ်တယ်လို့ပြောတယ်'

ကျွန်တော် လိုက်ရမှာပေါ့ဗျာ – လာသွားကြမယ်'

ကျိုက်ကုလားသို့ရောက်လာသည်။ သူ့ဦးလေး ကိုမြသီတို့လင်မယားက ကားပိုင်ရှင်တစ်ဦး၏ ခြံကြီးနောက်ဘက်တွင် အိမ်ငယ်လေးတစ်လုံးနှင့်နေသည်။ ခြံကအကျယ်ကြီးဖြစ်၍ သူ့အိမ်က အတော်ချောင်ကျသည်။ အင်ကြင်ပန်း သူ၏

ဒေါ်လေးဖြစ်သူကို တွေ့ရသည်။ သူမက ငိုနေသည် အင်ကြင်းပန်းရောက်လာတော့ ပို၍ငိုသည်။ ထိုည အင်ကြင်းပန်း သူတို့အိမ်မှာအိပ်သည်။ ထိုည အင်ကြင်ပန်းအဖို့ ချောက်ချားစရာအတွေ့အကြုံဆန်းများတွေ့ရသည်။

ညနေပိုင်းရောက်လာသည်။ ဒေါ်လေးဖြစ်သူ မတင်ကာစ၍ ဖောက်လာသည်။

ငါ့တူ ငါဘာဖြစ်တယ်မသိဘူး။ ဇက်တွေလေးလာသလိုပဲ။ စကားပြောရင်း သူ့အသံတွေပြောင်းလာသည်။ မျက်လုံးပုံစံတွေပြောင်းလာသည်။ ခြံထဲမှအခြားလူများလည်း ရောက်လာကြသည်။

ခြံထဲရှိလူတွေအားလုံး ကြောက်နေကြသည်။ အတန်ကြာလျှင် အပုပ်နံ့ရတယ်ဆိုပြီး လူတွေ ရုတ်ရုတ်သဲသဲ ထွက်ပြေးကြပြန်သည်။ အင်ကြင်းပန်းက အသေအချာရှုကြည့်သည်။ သူကတော့ ဘာအပုပ်နံ့မှမရ။ ခြံထဲကလူတွေကတော့ အပုပ်နံ့ကို ဟိုနေရာ၊ ဒီနေရာရ တရှုန်းရှုန်းဖြစ်နေကြသည်။ သူတို့က အင်ကြင်းပန်းကိုမေးသည်။

'မင်းအနံ့မရဘူးလား'

'မရပါဘူး၊ ကျွန်တော် အသေအချာရှုကြည့်တာပဲ'

သူတို့က အံ့သြနေကြသည်။ အဒေါ်ကြီးတစ်ယောက်က ပြောလိုက်သေးသည်။

'မြသီက မင်းကိုချစ်လို့ အပုပ်နံ့မပေးတာဖြစ်လိမ့်မယ်'

ဟာ သူ့မိန်းမကို ပိုချစ်မှာပေါ့ဗျာ' သူ့မိန်းမကိုတော့ ဘာဖြစ်လို့ နံခိုင်းရလဲ'

ထိုအဒေါ်ကြီးက အင်ကြင်းပန်းအား မျက်လုံးပြူးကြည့်လျက်၊ 'မင်းက မယုံဘူးလား'

'မယုံဘူး၊ ယုံတယ်မပြောပါဘူး၊ ကျွန်တော် အပုပ်နံ့မရတာပြောတာ'

'အေး အဲဒါတော့ဆန်းတယ်'

အင်ကြင်းပန်းက တစ်ဖက်သို့ လှည့်၍ပြုံးလိုက်မိ၏။

ထိုညက အင်ကြင်းပန်း ထိုအိမ်ကလေးတွင် အိပ်ရသည်။ ဒေါ်လေးဖြစ်သူ မတင်က ကြောက်၍ အိမ်မကြီးတွင် လိုက်အိပ်ရာ ခြံကြီးနောက်ဘက်ရှိ ကိုမြသီတို့တဲအိမ်ကလေးထဲတွင် အင်ကြင်းပန်းတစ်ယောက်တည်း။ ပထမကြောက်သလိုလိုရှိသော်လည်း 'အို – ငါ့ဦးလေး ငါချစ်တာပဲ။ ဘာကြောက်စရာရှိလဲဟုစိတ်တင်း၍ အိပ်လိုက်သည်။ အိပ်မက်ဆိုးဘွေကတော့ စုံနေအောင်မက်သည်။ သူတစ်ရေးနိုး၍ကြည့်လိုက်ရာ သူနှင့် မလှမ်းမကမ်းမှောင်ထဲတွင် တစ်စုံတစ်ယောက် ခေါင်းမြီးခြုံ၍ အိပ်နေသည်ကို တွေ့ရသည်။ ဦးလေးမြသီများ လာအိပ်လားမသိဘူးဟု အင်ကြင်းပန်းတွေးလိုက်သေးသည်။ အို

အိပ်လဲကောင်းတာပဲ။ ငါအဖေါ်ရတာပေါ့ဟု တွေးကာပြန်အိပ်လိုက်လေသည်။ နံနက်လေးနာရီလောက် သူနိုးလာချိန်မှာတော့ ခေါင်းမြီးခြုံအိပ်နေ သူမရှိတော့။ ကားသမားထဲကတစ်ဦးဦး ကားလိုက်ဖို့ ထသွားတာဖြစ်လိမ့်မည်ဟု သူတွေးလိုက်သည်။

သူ၏ဦးလေး ကိုမြသိကမ သေခင် အင်ကြင်းပန်းအားဘဝသင်ခန်းစာတစ်ရပ်ကို လာ၍သင်ပြသွားချေပြီ။ ထိုသင်ခန်းစာကိုလည်း အင်ကြင်းပန်းက ငယ်ရွယ်နုနယ်သေးသော်လည်း ပါရမီဓာတ်ခံရှိ၍လားမသိ အရယူလိုက်နိုင်သည်။

ကွေးသောလက်မဆန့်ခင်၊ ဆန့်သောလက် မကွေးခင်နေ့မြင်ညပျောက်၊ လောကသင်္ခါရဓမ္မ၏ အနိစ္စသဘော၊ အနတ္တသဘောကို အင်ကြင်းပန်းတစ်ယောက် ထိုအတွေ့အကြုံမှ စာမကျက်ဘဲ သင်ခန်းစာရယူနိုင်ခဲ့လေသည်။

# ပထမအရွယ် ၏ ဒုတိယဝေဒနာ

(၁၉)

အင်ကြင်းပန်း ကျောင်းမှန်မှန်မတက်ဟူသောသတင်း၊ တစ်ခါတစ်ရံစာမေးပွဲဖြေချင်မှဖြေသည်ဟူသောသတင်းများ မိဘများထံသို့ ပြန်ရောက်၏။ ဆရာထွန်း သူ့သားကို စိတ်မချနိုင်တော့၊ စစ်ထဲဝင်မည်ဟူသော သတင်းက သူ့အတွက် ပို၍ဆိုး၏။ သူ့အလုပ်ကလည်း ပင်စင်ယူလိုက်ပြီဖြစ်၍ သား ရှိရာ ရန်ကုန်သို့ အပြီးပြောင်းနေလျက် အင်ကြင်းပန်းအား ကြပ်ကြပ်မတ်မတ် ထိန်းသိမ်းစောင့်ရှောက်ရန် ဆုံးဖြတ်လိုက် လေသည်။

ဆုံးဖြတ်သည့်အတိုင်း ရန်ကုန်သို့ ပြောင်းရွှေ့လာကြပြီး ရန်ကုန်တွင် အိမ်ငှား၍နေသည်။ မိတ်ဆွေအပေါင်းအသင်း များနှင့် တိုင်ပင်ကာ အလွတ်ပညာသင်ကျောင်းထူထောင်ဖွင့် လှစ်လေသည်။ သူကိုယ်တိုင်အုပ်ချုပ်လျက် အင်ကြင်းပန်း အပါအဝင်တူ၊ တူမများနှင့် အခြားငှားသော ဆရာများဖြင့် အတန်းစုံ၊ ဘာသာစုံသင်ကြားသည်။ ပထမပိုင်း ကျောင်း သားနည်းသေးသဖြင့် မကိုက်လှသော်လည်း တစ်နှစ်ထက် တစ်နှစ် ကျောင်းသားများလာကာ ရန်ကုန်နေရာကောင်းတွင်

အိမ်တစ်လုံးဝယ်နိုင်သည်အထိ တိုးတက်လာသည်။ အင်ကြင်းပန်းကိုလည်း သူ့စိတ်တိုင်းကျ ကြပ်မတ်လျက် ဘွဲ့ရသည်အထိကြိုးကိုင်ထိန်းသိမ်းနိုင်ခဲ့လေသည်။ အင်ကြင်းပန်း ဘွဲ့တစ်ခုရပြီး ဘီအီးဒီဘွဲ့တစ်ခုကိုပင် ဆက်၍တက်ခိုင်းထားသည်။ အင်ကြင်းပန်းကတော့ တစ်ဖက်က အလွတ်ပညာသင်ကျောင်းတွင် ဆရာလုပ်ရင်း တစ်ဖက်က တက္ကသိုလ်ကျောင်းသားအဖြစ် အိမ်ကပင် ကျောင်းတက်နေတော့၏။

(၂၀)

အင်းလျားကန်စောင်းရှိ ခုံတန်းလျားတစ်ခုပေါ်တွင် အမျိုးသမီးနှင့် အမျိုးသားလူငယ်စုံတွဲတစ်တွဲ ထိုင်နေကြသည်။ လူငယ်က ကျောက်ခဲတစ်လုံးရေထဲသို့ ပစ်ချလိုက်တိုင်းဖြစ်ပေါ်လာပြီး ပြန်ပျောက်သွားသော လှိုင်းဂယက်တို့ကိုစူးစိုက်စွာ ကြည့်ရင်း အတွေးနယ်လွန်နေသည်။ မိန်းကလေးက သူ့ဘေးမှ လူငယ်ကို အကဲခတ်ကြည့်ရင်း မျက်နှာမကြည်မသာဖြစ်နေသည်။ လူငယ်ကတော့ အင်ကြင်းပန်းဖြစ်လျက်သူ၏အဖော်မိန်းကလေးက နှင်းဆီ၊ အင်ကြင်းပန်း၏နှလုံးသားကို ဒုတိယမြောက် လာ၍ထိမှန်သော မြားပိုင်ရှင်မိန်းကလေး နှင်း ဆီဖြစ်သည်။ အင်ကြင်းပန်းက သူနှင့်နှင်းဆီ

ဆုံတွေ့ခဲ့ရပုံ ကို ပြန်ပြောင်း၍တွေးနေသည်။ သူ၏တပည့် ကြည်သန်းကို ပြန်၍မြင်လာသည်။ ကြည်သန်းက သူတို့ ကျောင်းမှ ခုနစ်တန်းကျောင်းသားဖြစ်သည်။

'ဟော့ – ကြည်သန်း ကျောင်းမလာတာ သုံးရက်ရှိပြီကွ၊ ကြည်သန်း ဘာဖြစ်နေလဲ'

တပည့်များကို အင်ကြင်းပန်းမေးသည်။

'ဖျားနေလို့ဆရာ'

'ဟော – အတော်ဖြစ်နေလား သုံးရက်တောင်ရှိပြီ၊ညနေ ငါလိုက်သွားဦးမယ်၊ သူ့အိမ် ငါ့လိုက်ပြစမ်း မောင်တင့်'

'ဟုတ်ကဲ့ဆရာ'

အင်ကြင်းပန်း ကြည်သန်းတို့အိမ်သို့ရောက်ခဲ့သည်။ ကြည်သန်းအတော်ဖျားနေသည်။ သုံးရက်အတွင်း ရုပ်လည်း အတော်ကျသွားသည်။ ကြည်သန်း၏ဆရာ လာသည်ဆို၍ အခန်းထဲမှ မိန်းကလေးတစ်ဦးထွက်လာသည်။ အင်ကြင်းပန်း က မိန်းကလေးကို ကြောင်၍ကြည့်နေမိသည်။ ခတ္တာလား ဟုပင် ထင်လိုက်မိသည်။

ခတ္တာနှင့်ရုပ်ရော အချိုးအစားက အလွန်တူနေသည်။ မိန်းကလေးက ပြုံးလျက်

'ကျွန်မ ကြည်သန်းရဲ့အစ်မပါဆရာ'

'အော် – အော်။ ဒါနဲ့ ကြည်သန်းကို ဆရာနဲ့မပြဘူးလား၊ ဘာဖြစ်တာလဲ၊ ရိုးရိုးဖျားတာလား'

'ဆရာတစ်ဦးတော့ပြခဲ့တယ်၊ တိုက်ဖွိုက်လို့ပြောတယ်။ သူပေးခဲ့တဲ့ ဆေးလဲကုန်ပြီ၊ မသက်သာဘူး၊ အဲဒါ ဘာဆက်လုပ်ရမလဲလို့၊ အဖေက မရှိတော့ဘူးလေ၊ အမေကလဲ ဈေးရောင်းတစ်ဖက်နဲ့ ဘာမှမတတ်ဘူး၊ ကျွန်မတောင် စက်ရုံအလုပ်မဆင်းနိုင်တာကြာပြီ၊ အတော်သွက်သော မိန်းကလေးဖြစ်သည်။ သွက်လက်ပုံနှင့် ရဲတင်းပုံကတော့ ခတ္တာနှင့် ဘာမျှမဆိုင်၊ ရန်ကုန်သူမို့လားမသိ၊

'ဟာ ဒီလိုထားလို့ဘယ်ဖြစ်မလဲ၊ ဒီလိုလုပ်ပါလား၊ ဆရာဝန် အိမ်ပင့်ရင်လဲ သိပ်ကုန်ယိမ့်မယ်၊ တာဝန်လဲကြီးတယ်၊ ဒီအနီးအနားမှာ တက္ကသိုလ်ဆေးရုံရှိတာပဲ၊ ဆေးရုံတင်ရအောင်'

'တင်လို့ရလား'

'တို့ တင်ပေးမယ်၊ ရပါတယ်'

'ဟုတ်ကဲ့ဆရာရယ်၊ ဆရာကြိုက်သလိုစီစဉ်ပါ၊ ကျွန်မတို့က ဘာမှမတတ်ကြပါဘူး'

ဤသို့နှင့် အင်ကြင်းပန်း နှင်းဆီနှင့်ဆုံခဲ့ရသည်။ ဆေးရုံကိစ္စများလည်း သူပဲ တာဝန်ယူကြပ်မတ်ဆောင်ရွက်ပေးရ၍ နှင်းဆီနှင့် အကြိမ်ကြိမ်ဆုံရသည်။ ဆုံရာမှ ငြိတွယ်ကြသည်။

အတူသွား၊ အတူစား ခတ္တာတုန်းကထက်ပို၍ အနေနီးသည်။ ဒီသတင်းကို မိဘများလည်း ပြန်ကြားနေပြီ။

'အစ်ကို ဘာတွေစဉ်းစားနေတာလဲ။ မျက်နှာလဲ မကြည်မလင်နဲ့' နှင်းဆီကမေးလာသည်။ အင်ကြင်ပန်းက နှင်းဆီကို စေ့စေ့ကြည့်သည်။ သူ၏အကြည့်က နှင်းဆီ၏ အသည်းနှလုံးတိုင်အောင် စူးဖောက်ဝင်ရောက်သွားနိုင်လောက်သည်။

'နှင်းဆီကို ဘာမကျေနပ်တာရှိလိုလဲ' နှင်းဆီက မနေသာ၍ ထပ်ဆင့်မေးသည်'

အင်ကြင်းပန်း စူးစူးစိုက်စိုက်ကြည့်နေရာမှ

'တို့ နှင်းဆီရဲ့ အနံ့ကို ကြိုက်ပါတယ်။ ဆူးကိုတော့ ကြောက်တယ်'

'အစ်ကို ဘာဆိုလိုတာလဲ'

'အချိန်မတော် ယောကျ်ားတစ်ဦးရဲ့ကားပေါ် မိန်းကလေးတစ်ယောက်တည်း တက်လိုက်သွားတယ်ဆိုတာစဉ်းစားပေါ့'

'အော် –ဒါလား၊ ဒီလိုပါအစ်ကို – ကျွန်မတို့စက်ရုံကကနေဒီကျွန်းပြပွဲမှာ အရောင်းဆိုင်ခန်း ဖွင့်တယ်လေ။ အဲဒီမှာ နှင်းဆီ အရောင်းတာဝန်ကျတယ်၊ အဲဒါ မန်နေဂျာက ကြုံလို့ နှင်းဆီကို ဝင်ခေါ်တာပါ။ သူမခေါ်ရင် နှင်းဆီက တစ်ယောက်တည်း ဘတ်စကားနဲ့ သွားရမှာလေ'

'စက်ရုံတာဝန်အရ ဖယ်ရီနဲ့စုပြီး ပို့တယ်ဆိုတာကတစ်မျိုးပေါ့။ ညဆိုင်ပိတ်လို့ ပြန်တော့လဲ နှင်းဆီတစ်ဦးတည်းကို သူ့ကားနဲ့ပြန်ပို့တာပဲမဟုတ်လား' နှင်းဆီကငြိမ်၍ ခေါင်းငုံ့နေသည်။

'အစ်ကိုက နှင်းဆီကို ချွာချင်နေပြီလား'

'တို့ နှင်းဆီကို အပြစ်ရှာနေတာမဟုတ်ဘူး၊ ကဲပြီးတာတွေထားပါလေ။ တို့ပြောချင်တာက ဘဝလမ်းဆိုတာ တိုတိုလေးလျှောက်ကြရမှာမဟုတ်ဘူး၊ လက်တွဲလျှောက်ကြတဲ့ဘဝဖော်ဆိုတာ မေတ္တာရော သစ္စာပါလိုတယ်၊ တို့ဘက်ကတော့ တာဝန်ယူတယ်နှင်းဆီ'

'နှင်းဆီလဲ တာဝန်ယူပါတယ်' နှင်းဆီက တိုးညင်းစွာပြောလာသည်။

'တို့ ရွာကိုသွားဖို့ရှိတယ်၊ သန်ဘက်ခါသွားဖြစ်လိမ့်မယ်'

'ဘယ်လောက်ကြာမှာလဲအစ်ကို'

'သိပ်တော့ကြာမယ်မထင်ဘူး၊ ဒါပေမဲ့ ကြာရင်လဲကြာသလောက် နှင်းဆီစောင့်မှာပဲမဟုတ်လား။ ကြာလို့ မစောင့်နိုင်ရင် လဲလိုက်ခဲ့ပေါ့။ လိပ်စာပေးခဲ့မယ်'

နှင်းဆီကခေါင်းညိတ်သည်။ ဤသို့ဖြင့် အင်ကြင်းပန်းနှင့်နှင်းဆီတို့ လမ်းခွဲခဲ့ကြသည်။ အိမ်ရောက်လာတော့ သူ့အမေ

က ကြိုလင့်နေသည်။

'ဟဲ့ – အင်ကြင်း လာပါဦး'

'ဘာလဲ အစ်မ'

'မင်း – နှင်းဆီဆိုတဲ့ ကလေးမနဲ့ ကြိုက်နေတယ်မဟုတ်လား'

'ဟုတ်ကဲ့' အင်ကြင်းပန်းဝန်ခံသည်။

'မင်း သူ့အကြောင်း အကုန်သိလား'

'သိပါတယ်'

'ဘာတွေသိလဲ ပြောစမ်း'

'သူတစ်ချိန်က ကားတင်ခံရဖူးတယ်၊ အိမ်က ပြန်သိမ်းထားခဲ့ရတယ်။ အမှုတော့ မဖွင့်ခဲ့ဘူး'

'အေး – ငါတောင်သိသေးတာ မင်းမသိဘူးဆိုရင် ညံ့လို့ပေါ့။ အဲဒါတွေကို သူက မင်းကို ပြောပြတာလား'

'မဟုတ်ပါဘူး'

'အော် အတော်ရိုးသားပြီး သစ္စာရှိတာပဲ'

'ကျွန်တော် သူ့ကို စွန့်ခွာသွားမှာကြောက်လို့ မပြောရဲဘဲဖြစ်နေတာ နေမှာပါ' ဒေါ်ခင်စိန်က သူ့သားကို မျက်လုံးပြူးကြည့်လိုက်ပြီး

'မင်းကရော မမေးခဲ့ဘူးလား'

'ကျွန်တော်သနားလို့ မမေးမိဘူး'

'ဒီမှာ – အင်ကြင်း၊ ဒါမောင်ကြိုင်ကို ခြံကွက်တွေပေးခဲ့တာမျိုးမဟုတ်ဘူး၊ မင်းဘဝကို ပေးရမှာ နားလည်သလား'

ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော် စောင့်ကြည့်မှာပါ၊ သူ့သစ္စာကို မှတ်ကျောက်တင်ကြည့်မှာပါ' အခုလဲ ကျောင်းပိတ်ထားတုန်း ကျွန်တော်ရွာကို ပြန်ဦးမယ်'

'ဘယ်လောက်ကြာမလဲ'

'ဟိုမှာ တစ်လလောက်နေမယ်'

'ကောင်းတယ်၊ ဟိုရောက်ရင် တင်ဦးနဲ့တွဲပြီး အရက်တွေ သောက်မနေနဲ့ဦး၊ တင်ဦးက မိန်းမရပြီးကာမှ အရက်သမား ဖြစ်နေတယ်ကြားတယ်'

' ဟုတ်ကဲ့ – နည်းနည်းပါးပါး'

'ဘာနည်းနည်းပါးပါးလဲ ငါမလွှတ်ဘဲနေမယ်'

'အလကားပါ အစ်မကလဲ၊ ကျွန်တော်က ထန်းရည်ကြိုက်တာ အရက်သောက်ပါ့မလား'

'လာပြန်ပြီလား'

ဟား–ဟား–ဟား–အင်ကြင်ပန်းက မိခင်ကို ကျီစယ်ပြီး ရယ်မောကာ ထွက်သွားလေသည်။

သူ့မိခင်ကလည်း အလွန်ထောင့်စေ့ပြီး ပါးနပ်လှ၏။ သား အမိနှစ်ဦးကတော့ လိုက်ဖက်ပေ၏။ စကားပြောလျှင်လည်း လိုရင်းကို ကွက်တိပြော၏။ ကွက်ကျော်သိ၏။

(၂၁)

အင်ကြင်းပန်းရွာသို့ တစ်ခေါက်ပြန်ရောက်ခဲ့လေပြီ၊ အစ်ကိုတစ်ဦး၏ အိမ်မှာတည်းသည်။ ထိုအိမ်ထဲတွင် ဆွဲအိတ်ကို ထားပြီးသည်နှင့် တင်ဦးအိမ်သို့ထွက်ခဲ့သည်။ တင်ဦးနှင့် သူ့မိန်းမ မရွှေကြည်ကိုတွေ့သည်။ သားလေးတစ်ယောက်ရနေပြီ။တင်ဦးက ဝမ်းသာအားရဆီးကြိုသည်။ တစ်လလောက် နေမည်ပြော၍ အလွန်ဝမ်းသာနေသည်။ ထိုည သူ့အိမ်မှာ အိပ်ရန်ပြောသည်။ အင်ကြင်းပန်းက ခေါင်းညိတ်လိုက် သည်။

ထိုည သူငယ်ချင်းနှစ်ယောက် စစ်တုရင်ကစားရင်း စကား ပြောကြသည်။ အလယ်တွင် လက်ဖက်သုပ်တစ်ပွဲနှင့် ရေနွေးကရားအိုးတစ်လုံး ပန်းကန်နှစ်လုံး၊ ဆေးပေါ့လိပ်များ ရှိသည်။ ရေနွေးကရားအိုးထဲမှာ ရေနွေးမဟုတ်၊ တောအရက် ဖြစ်သည်။

'မင်း ရွှေကြည်ကိုပိုးတုန်းက ငါ့ကိုတောင် အသိမပေးခဲ့ ပါလား တင်ဦး'

'ဟာဘာယ်အသိပေးလို့ဖြစ်မလဲ။ ဒီတစ်ခါ ရွှေကြည်

ကိုတော့ ငါလက်လွှတ်မခံနိုင်ဘူးလေ။ အလကားပါကွာ – မင်းက ရန်ကုန်ရောက်နေလို့ပါ'

အင်ကြင်းပန်းက ရယ်နေလေသည်

'ဟဲ့ – ရွှေကြည်တို့ သားအမိ အိပ်ချင်အိပ်ကျတော့၊ ငါတို့ သူငယ်ချင်းတွေ တွေ့ရတုန်း စကားတွေ ဝအောင်ပြောရဦးမယ်' တင်ဦးက သူ့မိန်းမကို ပြောသည်။

အင်ကြင်းပန်းက တင်ဦးနှင့် အရက်ကရားအိုးကိုကြည့်ရင်း ခေါင်းညိတ်နေမိသည်။ ဘဝင်သိပ်မကျလှ။

'မင်း အရက်သောက်တယ်မဟုတ်လား၊ ငါနဲ့တွေ့တုန်း တော့သောက်ကွာ' တင်ဦးကဆိုလာသည်။ အင်ကြင်းပန်း မျက်နှာတည်သွားသည်။

'ငါအရက်သောက်တဲ့အခါ သောက်ပါတယ်၊ ဒါပေမဲ့ ငါအရက်သမားတော့မဟုတ်ဘူး'

တင်ဦးမျက်နှာတစ်ချက်ပျက်သွားသည်။ စစ်တုရင်တစ်ကွက်ရွှေ့ရင်း သူကမေးသည်။

'ငါကရော အရက်သမားဖြစ်နေပြီလား'

'ဖဲတစ်ခါတလေရိုက်တဲ့သူတွေရှိပါတယ်။ ဒါပေမဲ့ ဖဲသမားလို့မခေါ်ဘူး၊ အမြဲတစေရိုက်နေတဲ့ လူကိုတော့ ဖဲသမားလို့

ခေါ်တယ်၊ အမြဲကြက်တိုက်နေတဲ့လူကို ကြက်သမားလို့ခေါ်တယ်။ ဘောလုံးပဲ အမြဲကစားတဲ့လူကိုလဲ ဘောလုံးသမားလို့ ခေါ်တယ်'

'ဒါဆိုရင်တော့ ငါလဲ အရက်သမားဖြစ်နေပြီပေါ့'

'မင်းအဖေဟာ အရက်ကြောင့်သေခဲ့ရတယ်၊ အရက်သမားရဲ့သားဟာ အရက်သမားဖြစ်မှာပဲလို့ ရွာထဲကပြောကြတုန်းက မင်းစိတ်ဆိုးခဲ့တယ်မဟုတ်လား၊ အခု မင်းကပဲ သူတို့စကားကို အတည်ဖြစ်အောင် လုပ်ပေးနေတယ်'

'တော်တော့အင်ကြင်း' တင်ဦးက ခပ်ထန်ထန်အော်လိုက်သည်။

'မတော်ဘူး သူငယ်ချင်း ငါ ဒါပြောဖို့လာတာ'

'မင်းမသောက်ချင်ရင်နေပါကွာ' သူက လေသံပျော့ပျော့နှင့်ပြောသည်။ မျက်ရည်များလည်း ဝိုင်းနေသည်။

'ငါသောက်မှာပါ - အေး ငါက အရက်ကိုသောက်မှာ မင်းကတော့ အရက်ကို သောက်တာမဟုတ်တော့ဘူး'

'ငါက ဘာကို သောက်နေလို့လဲ'

'အရက်က မင်းကိုသောက်နေပြီ၊ မင်းကိုယ်မင်း မှန်ထဲကြည့်စမ်း အရင်ရုပ်နဲ့တူသေးလားလို့' အင်ကြင်းကပြောရင်း မီးခြစ်ဆံမီးနှင့် ခွက်ထဲရှိ အရက်ကို တို့လိုက်သည်။ အရက်ခွက်

ာ ဟုန်းခနဲ မီးထတောက်သည်။ တင်ဦးက ကြောင်၍ ကြည့်နေသည်။

'ဓာတ်ဆီလဲ – အဲဒီလိုပဲ မီးရှို့လိုက်ရင်တောက်တယ်' မင်းရဲ့ ကလီစာတွေက သံတုံးသံခဲတွေမဟုတ်ဘူး၊ ဘယ်လောက်ကြာကြာ ခံနိုင်မလဲ၊ ငါနောက်ဆုံးပြောမယ် သူငယ် ချင်း မင်းမှာ သားနဲ့မယားနဲ့၊ ငါတို့ကို ချစ်ရင်အရက်ကို ကြိုးစားပြီးဖြတ်ပါ'

'မင်းအရက်ကိုမဖြတ်ရင် ငါမင်းကိုဖြတ်မယ်' အင်ကြင်းပန်း၏ စိတ်ကိုတော့ တင်ဦးသိပြီးဖြစ်သည်။

'ငါကြိုးစားပါ့မယ်သူငယ်ချင်း၊ အေး – ငါမဖြတ်နိုင်တော့ဘူးဆိုရင်လဲ မင်းငါ့ကိုဖြတ်နေရတော့မှာမဟုတ်ပါဘူး' တင်ဦး၏ စကားကြောင့် အင်ကြင်းပန်းစိတ်မကောင်း ဖြစ်သွားသည်။

'အေး –ဒါဆိုတော်ပြီ။ ဒီအကြောင်းမပြောတော့ဘူး၊ ငါ့အကြောင်းပြောမယ်'

အင်ကြင်ပန်းက သူ၏ပညာရေး၊ အလုပ်အကိုင်အကြောင်းများ သာမက သူနှင့်နှင်းဆီတို့အကြောင်းပါပြောပြသည်။

'အေး – ဒါဆို မင်းအစ်မပြောသလို စဉ်းစဉ်းစားစားလုပ်ကွာ၊ ဒီကလေးမက ခြေငြိမ်ချင်မှငြိမ်လိမ့်မယ်။ ကားတင်ခံခဲ့ရတယ်ဆိုတာလဲ ဘယ်လိုပုံစံလဲ မင်းသိတာမဟုတ်ဘူး၊ သူမပါဘဲလွယ်တဲ့ကိစ္စမဟုတ်ဘူး၊ အင်ကြင်း'

'အေးပါ'

'ဒါဆို မင်းဒီကို ဆေးလာကုပြန်တာပေါ့'

'ဒီလိုတော့မဟုတ်ပါဘူး၊ သူ့ကို ကြိုးရှည်ရှည်လှန်ပြီးမှတ်ကျောက်တင်ကြည့်တာလဲပါတယ်၊ သူတကယ်မေတ္တာရှိပြီး သစ္စာရှိရိုးမှန်ရင် လိုက်လာပါလိမ့်မယ်'

'မင်းဟာကလဲ ကြောက်စရာပဲ၊ မတော်လို့လိုက်လာရင်ပြီးရော'

'မလာပါဘူး၊ လာရင်လဲ မှန်ကန်လို့ပေါ့ကွာ'

'အေးလေ – မင်းက စဉ်းစားဉာဏ်ရော၊ ပညာပါ တို့ထက်အများကြီးမြင့်ပါတယ်၊ ကြည့်လုပ်ပေါ့'

သူငယ်ချင်းနှစ်ယောက် စစ်တုရင်ထိုးရင် စကားများပြောကောင်းလိုက်ကြသည်မှာ မိုးစင်စင်ပင် လင်းသွားတော့သည်။ ရွှေကြည်ကတော့ မိုးအလင်း စကားပြောနေခဲ့ကြသော သူတို့နှစ်ယောက်ကို တအံ့တသြဖြစ်နေတော့သည်။

ရွာတွင် တစ်လသာကြာခဲ့သည်။ အင်ကြင်းပန်းထင်ထား

သည့်အတိုင်း နှင်းဆီလိုက်မလာခဲ့။ ရန်ကုန်သို့ပြန်ခဲ့၍ အိမ်ထဲ ဝင်လိုက်သည်နှင့် မိခင်က ဆီး၍ပြောတော့သည်။

'နှင်းဆီမရှိတော့ဘူး'

'ဘာဖြစ်လို့လဲ' သူထိတ်ထိတ်ပျာပျာမေးသည်။

'ယောကျ်ားယူသွားပြီလေ၊ သူ့အစ်မတွေက ဘဏ်စာရေး တစ်ယောက်နဲ့ ပေးစားလိုက်တယ်၊ ရုံးမှာ လက်ထပ်လိုက်ကြ တယ်လို့ ပြောတယ်'

အင်ကြင်းပန်း ပါးစပ်ပိတ်ထားလိုက်တော့သည်။

'တစ်လတောင်မခံသော နှင်းဆီသစ္စာပါလား' ဟူသော အသိဖြင့် သူ့အတွက် သင်ခန်းစာတစ်ရပ်ရခဲ့ပြန်သည်။ သိမ် မွေ့နူးညံ့သော အင်ကြင်းပန်း၏ နှလုံးသားတွင် နှင်းဆီဆူး ခြစ်ရာကတော့ ကျန်ခဲ့သည်သာဖြစ်သည်။

## အင်ကြင်းပန်းခြေချုပ်မိခြင်း

(၂၂)

အင်ကြင်းပန်း ဘီအီးဒီနောက်ဆုံးနှစ်တက်နေသည်။ အသက်ကလည်း နှစ်ဆယ့်သုံးနှစ်ရှိပြီ။ ကျောင်းပိတ်ရက်များ တွင် ဆရာထွန်းက အင်ကြင်းပန်းကို ကမ္ဘာ့ဒန်းကျောင်းသို့

ခေါ်သွားတတ်သည်။ သူနှင့်အတူ ကမ္ဘာ့ဥဒါန်းထိုင်ခိုင်းသည်။ တရားဓာတ်ခံရှိသူပီပီ အင်ကြင်းပန်းကလည်း စိတ်ပါလက်ပါ ထိုင်သည်။ ရက်ရှည်အဓိဋ္ဌာန်တော့ မဝင်ဖြစ်သေး။

'ရှင့်သားကို တရားချည်းထိုင်ခိုင်းနေ၊တော်ကြာ ဘုန်းကြီး ဝတ်သွားနေပါဦးမယ်' ဒေါ်ကြည်စိန်က ခင်ပွန်းသည်ကို သတိပေးသည်။

'အေး – ဝတ်ပါစေလေ။ ကောင်းတာပေါ့'

'ဒါဆို ဘာလုပ်ဖို့ ခေတ်ပညာတွေသင်ခိုင်းသေးလဲ'

'ပညာသင်တာနဲ့ ဘုန်းကြီးဝတ်တာနဲ့ ဘာဆိုင်လို့လဲ'

'ဘယ်နေရာရောက်ရောက်၊ ဘာပဲလုပ်လုပ် ပညာတတ်ထားမှ ဖြစ်မှာပေါ့'

'မဖြစ်သေးပါဘူးတော်၊ ကျုပ်သားက ငယ်ပါသေးတယ်၊ လောကအမြင် ပြည့်စုံလို့ သံဝေဂအစစ်အမှန်ဖြစ်မှ သူ့ဟာသူ ဝတ်ချင်ဝတ်ပါစေ။

ရှင်အတင်းပုံရိုက်သွင်းမနေပါနဲ့။ သံဝေဂမပါလို့ ဝတ်လိုက်လွှတ်လိုက်ဆိုရင် တောမရောက် တောင်မရောက် ဖြစ်နေပါ့မယ်'

ဒေါ်ခင်စိန် ၏ စကားက မှန်သင့်သလောက်မှန်နေ၍ ဆရာ ထွန်းနူတ်ပိတ်ကာ တွေးနေသည်။

အေးပါ –အခုဟာက အခြေခံတရားဓာတ်ခံရှိအောင်လို့

အစပျိုးပေးတာပေါ့'

ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ တရားယူထားပြီး စိတ်မနိုင်လို့ ကံငါးပါးမလုံရင် ကလေးပိုပြီး အပြစ်ကြီးနေပါ့မယ်၊ ပေါ့စေချင်လို့ ကြောင်ရုပ် ထိုးဆေးကြောင့် လေးဖြစ်မှာစိုးလို့ပါ'

ငါ့သားက အကုသိုလ်ကင်းပါတယ်ကွာ'

'ပြောလို့ရမလား၊ ရှင့်သားက ၶွဲ့လိုပဲ သူများဆွယ်ရင်ပါတတ်တယ်'

'အေး – ဒါကြောင့် ငါကဦးအောင် ပုံသွင်းရတာ ပေါ့ဟ'

'ကဲပါ တော်ရုံလဲကြည့်လုပ်ပါ။ ကျွန်မကတော့ စိတ်မချဘူး၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပုံသွင်းရဦးမှာပဲ'

ဘာလုပ်ဦးမလို့လဲ

ကြည့်သာနေပါ

မင်းမဟုတ်တာရုတ်တွေမလုပ်နဲ့နော်

လုပ်မလားတော့ ကိုယ့်သားပဲ

(၂၃)

တစ်နေ့ အင်ကြင်းပန်း ကျောင်းမှပြန်လာပြီး အနားယူနေခိုက်

အင်ကြင်းပန်း သားအစ်မဆီလာပါဦး

ဘာကျွေးမလို့လဲအစ်မ

အရေးထဲ စားဖို့ပဲ၊ ကျွေးမလို့မဟုတ်ဘူး၊ ပြောစရာရှိလို့ အဲဒီကပြောလဲရသားနဲ့၊ ဘာပြောဦးမလို့၊ နှင်းဆီလဲ မရှိတော့ပါဘူး၊

မဟုတ်ပါဘူးဟဲ့၊ ဒီနှင်းဆီက ပါလာသေး တယ်။ ဒီလို ကွဲ့၊ငါ့သားကို ငါစိတ်မချဘူး

'ဘာကိုစိတ်မချတာလဲ'

'ဘာကိုမှ စိတ်မချဘူး'

'ဟင် အစ်မဟာကလဲ အဲဒီလိုဆိုလဲ ဗိုက်ထဲပြန်ထည့်ထား ဗျာ'

'အေး ထည့်ရရင်ထည့်ချင်တယ် မရလို့'

'ကဲပါ–အစ်မက ဘာလုပ်စေချင်လဲပြော'

'ငါလုပ်စေချင်တာကို မင်းလုပ်မယ်မဟုတ်လား'

'ပြောကြည့်လေ'

'အမယ် မင်းက ဈေးအရောင်းအဝယ်လုပ်နေတယ်များ မှတ်နေလားမင်းလုပ်မယ်ဆိုမှ ငါပြောမယ်'

'အစ်မ့စိတ်ချမ်းသာတာဖြစ်ရမှာပေါ့'

'အေး–ဒီလိုမှပေါ့။ မင်းကိုငါ မိန်းမပေးစားမလို့'

'ဗျာ'

'မဗျာနဲ့ ဒီနှစ်ကျောင်းပြီးရင် မင်းအစိုးရအလုပ်ဝင်ရတော့မှာ

ငါစိတ်မချနိုင်ဘူး'

'ကျွန်တော် အစ်မတို့ကို လုပ်ကျွေးဦးမှာ'

'ရတယ်–တို့အတွက်မပူနဲ့၊ မင်းအတွက် တို့စိတ်အေးရရင်ပြီးရော'

အင်ကြင်းပန်း အတန်ကြာစဉ်းစားနေပြီး

'အစ်မက စဉ်းစားထားတာရှိလို့လား'

'စဉ်းစားထားတာမဟုတ်ဘူး။ ပြောထားတာ'

'ဗုဒ္ဓေါ–အစ်မတို့ကတော့ ပင်နယ်လ်တီဂိုး အပိုင်သွင်းလိုက်ပြန်ပြီ။ ဘယ်သူ့ကိုလဲ၊ မသေးသေးတော့မဟုတ်ပါဘူးနော်' ဈေးထဲမှ အရုပ်ဆိုးဆိုးနဲ့ပေါကြောင်ကြောင် အသက်လေးဆယ်ကျော်ကျော်အပျိုကြီး မသေးသေးကို အင်ကြင်းပန်းက ရည်ညွှန်း၍ ပြောခြင်းဖြစ်၏။

'ပေါက်တီး ပေါက်ရှာ တော်တော်ပြော၊ ငါပြောထားတာ တခြားမဟုတ်ဘူး'

'နာမည်တည့်တည့်ပြောပါ–ဘယ်သူလဲ'

'ဇလပ်ဖြူ'

'ဗျာ–ဇလပ်ဖြူ၊ အဲဒါ ကျွန်တော့်တပည့်ဗျ၊ အစ်မတို့ကတော့ လုပ်ချလိုက်ပြန်ပြီ'

'တပည့်ဆိုပေမဲ့ မင်းဆီမှာ အင်္ဂလိပ်စာ တစ်ဘာသာ

တည်း လာသင်တာပါဟယ်၊ တပည့်မမည်ပါဘူး၊ တပည့်ဆို ရော ဘာဖြစ်လဲ၊ တစ်ယောက်ကိုတစ်ယောက် ပိုပြီးငဲ့ညှာမှု၊ နားလည်မှုရှိတာပေါ့၊ နင်က ဇလပ်ဖြူကို မကြိုက်လို့လား'

'ဇလပ်ဖြူကတော်ပါတယ်၊ ဣန္ဒြေသိက္ခာလဲရှိတယ်၊ ရုပ် ကလဲ ဒီနယ်မှာ စတားပဲဟာ – ဒါပေမဲ့'

'ဟဲ့ – အဝိုင်းပတ်မောင်းမနေနဲ့။ မင်းကိုငါမေးတာ ဇလပ် ဖြူကို ကြိုက်သလား၊ မကြိုက်ဘူးလား၊ ဒါပဲပြော'

'အစ်မကတော့ လည်ပင်းညှစ်မေးနေပြန်ပါပြီ၊ယောကျ်ား လေး ဣန္ဒြေလဲထားဦးမှပေါ့'

'လာ လာသေးတယ်။ အင်ကြင်းရယ် – ကဲဘာမှပြောမနေ နဲ့တော့ အခုသီတင်းကျွတ်အပြီး စီစဉ်လိုက်တော့မယ်။ ဒါပဲ သွား ရေချိုးလိုက်၊ အအေးမိနေမယ်'

'သားအမိတွေကတော့ အတိုင်အဖောက်ညီပါ့ဗျာ။ ကျုပ် အကုန်ကြားတယ်' ဆရာထွန်းက အခန်းထဲမှထွက်လာရင်း ပြောသည်။

'ရှင်က သဘောမတူဘူးလား'

'အဲဒါ မင်္ဂလာကိစ္စပြီးမှ မေးပါလား၊ ကိုယ့်ဟာကို ကုလား ဖန်ထိုး၊ ကိုယ့်ဟာကိုယ်ချိုး၊ ကိုယ့်ဟာကိုယ်ဝေ။ မင်းလက်ထဲ ပိုကာ နှစ်ကောင်ရောက်မှ တို့က ဘာတတ်နိုင်မှလဲ'

'မဟုတ်ပါဘူး၊ ရှင်ကသဘောမတူလို့လား'

'ဇလပ်ဖြူကတော့ လိမ္မာတာပဲ၊ သဘောမတူလို့ ဘယ်ဖြစ်မလဲ။

ဒါနဲ့များလိုရင်းမပြောဘူး။ လျှောက်သဝေထိုးနေသေးတယ်။ ကျွန်မပုံသွင်းမယ်ပြောခဲ့တဲ့ အစီအစဉ်က ဒါပါပဲတော်'

'အင်း မင်းက လက်ဦးသွားတာကိုး'

အင်ကြင်းပန်းတစ်ယောက်ကတော့ သားသမီးကို ကိုင်တွယ်သိမ်းသွင်းရာတွင် ကျွမ်းကျင်လိမ္မာလှသော မိခင်ဒေါ်ခင်စိန်၏ လက်ချက်ဖြင့် ခြေချုပ်အမိခံခဲ့ရလေပြီ။

## တစ်ဖက်မြင် တစ်ဖက်ကန်း

(၂၄)

အင်ကြင်းပန်း ဘီအီးဒီအောင်ပြီးသည်နှင့် တာဝန်နှစ်ရပ်ကို တစ်ပြိုင်တည်း ထမ်းရွက်ခဲ့ရလေပြီ၊ တစ်ဖက်က အထက်တန်းပြဆရာဘဝဖြင့် နိုင်ငံတာဝန်ဖြစ်ပြီး ကျန်တစ်ဖက်က အိမ်ထောင့်တာဝန်၊ ဒါကလည်း လူလားမြောက်လာကြသော လောကသားတိုင်းလိုလို ထမ်းရွက်ကြရသည့်တာဝန်များပင် ဖြစ်၏။ ကျောင်းဆရာဘဝဖြင့် နှစ်နှစ်လုပ်ပြီး ပညာရေးဌာနခွဲတစ်ခု သို့ပြောင်းကာ နိုင်ငံတာဝန်ကို အပြည့်ထမ်း ရွက်ရသည်။ အနယ်နယ် အရပ်ရပ်သို့ ခရီး ထွက်ရသည်။ ထိုတာဝန်

များ ကြားမှ အင်ကြင်းပန်းကတော့ တာဝန် တစ်ရပ် ကို ပိုယူထားသည်။ ထိုတာဝန်ကတော့ သာသနာ့တာဝန် ပင်ဖြစ်သည်။ ရဟန်းဘောင်မဝင်နိုင်ခဲ့သော်လည်း သာသနာ့အမွေကို ခံယူနိုင်ဖို့ လူဝတ်ကြောင်ဘဝ နှင့်ပင် ယခု တည်းက စတင် ကြိုးစားနေလေပြီ။ ကျောင်းပိတ်ရက်တိုင်း ကမ္ဘာ့အေးကျောင်းသို့သွား၍ တရားကြိုးစားသည်။ အလုပ်ဆင်းရက်များတွင်လည်း အိမ်က စောစောထွက်၍ ရွှေတိဂုံဘုရားသို့ဝင်ပြီး တရားနှစ်ချိန် လောက်ထိုင်ပြီးမှ ရုံးသို့ဆက်သွားသည်။ ရုံးဆင်းလျှင် အိမ်သို့ မပြန်ဘဲ ရွှေတိဂုံဘုရားသို့ဝင်၍ တရားထိုင်သည်။ ရှင်အဓ္ဓ ဂေါဏတန်ဆောင်းနှင့် နောင်တော်ကြီးရင်ပြင်တို့တွင် သူတရားထိုင်လေ့ရှိသည်။ ထိုသို့ တရားထိုင်မှုများကိုလည်း ဇနီးဖြစ်သူ ဇလပ်ဖြူက ကြည်ကြည်ဖြူဖြူ ခွင့်ပြုသည်။ ငြိုငြင်မှုဟူ၍ စိုးစဉ်းမျှမရှိ၊ အင်ကြင်းပန်း၏ ပါရမီဖြည့်ဖက် ပီသလှသည်။

ယခု သူတို့တွင် သမီးတစ်ယောက် သားတစ်ယောက် ရခဲ့လေပြီ၊ အကြီးဆုံး အဂ်ါသမီး စပယ်ဖြူနှင့် နို့ညှာ ကြာသပတေးသား မိုးမခတို့ဖြစ်သည်။

ဇလပ်ဖြူက အိမ်ရှင်မ ပီသလှသည်။ အိမ်မှုကိစ္စများကို မနားတမ်း ထောင့်စေ့အောင်လုပ်သလို ကျောင်းဆရာမဘဝ

နှင့်လည်း တစ်ဖက်မှ တာဝန်ထမ်းဆောင်လျက်ရှိသည်။ အင်ကြင်းပန်းကိုလည်း အလိုလိုက်လွန်းသည်။ အလိုက်သိလွန်းသည်။ ကျောင်းပိတ်ရက်တစ်နေ့တွင်

'အစ်ကို' ဇလပ်ဖြူက အင်ကြင်းပန်းကို အစ်ကိုဟုပင်ခေါ်သည်။

'ဘာလဲမိဖြူ၊ ငါမဆာသေးဘူး'

'ဟော် – သူ့ကိုဘာကျွေးနေလို့လဲ၊ ဒီက စကားပြောမလို့'

'မသိပါဘူး၊ မင်းငါ့ကိုခေါ်ရင် ကျွေးဖို့ပဲမှတ်နေတာ၊ ကဲ ပြော'

'ဒီနေ့ဘုရားသွားကြရအောင်'

'အေး ကောင်းသားပဲ၊ သွားလေ၊ ဒါပေမဲ့ မင်းကို ငါတစ်ခုတော့ မှာထားရမယ်'

'ဘာလဲ'

လမ်းသွားရင် မင်းငါနဲ့ယှဉ်ပြီးမလျှောက်နဲ့ မလှမ်းမကမ်းကလိုက်'

ဇလပ်ဖြူမျက်နှာတစ်ချက်ပျက်သွားလျက်

'ဘာဖြစ်လို့လဲ'

'ဟ မင်းနဲ့ငါတွဲတွဲလျှောက်တာ အရပ်ထဲမှာ ကျီးကန်းဘဲဥရှီလာတယ် ဆိုတဲ့စကား ပြောစမှတ်ဖြစ်နေပြီ'

'ခစ် ခစ် အစ်ကိုကတော့ ကြဲကြဲဖန်ဖန်ပြောတယ်' ဇလပ်ဖြူက ရယ်လျက်ပြော၏။

'ဟုတ်တယ်သမီးရေ ညည်းဖြူတာကအရေးမကြီးဘူး၊ ညည်းနဲ့ တွဲတော့ ငါ့သားမည်းတာ ပိုပြီးလူသိတာပေ့ါ' မိခင်ဒေါ်ခင်စိန်ကဝင်၍ ပြော၏။

'အဲဒါ အစ်မကြောင့်'

'ဘာဆိုင်လို့လဲ'

'အစ်မက ဘာဖြစ်လို့ ဘဘကိုယူရတုံး၊ကျွန်တော်ပါ အသားမည်းကုန်တာပေ့ါ'

'ဒီကောင်လေးဟာလေ။ ဒါနဲ့ မင်းကို ငါပြောရဦးမယ်'

'ဘာလဲ၊ နှင်းဆီအကြောင်းလား'

'ဟဲ့ နှင်ဟာလေ ဇလပ်ဖြူရှေ့ထားပြီး'

'အမေရေ ရိုးနေပြီ၊ ခတ္တာတွေရော၊ နှင်းဆီတွေရော သမီးကို သူပြောပြောနေတာ အကြိမ်တစ်ရာမကတော့ဘူး'

'အဲဒါမျိုးလဲပါတယ်၊ ငါပြောမှာက မင်း ငါ့သမီးကို မနှိပ်စက်ပါနဲ့'

'ယောဗျာ ကျွန်တော်ဘာတွေ နှိပ်စက်နေလို့လဲ၊ မယုံရင် အစ်မချွေးမကိုမေးကြည့်၊ ကျွန်တော် ဘယ်နှခါ ရိုက်သလဲလို့၊

'ဟဲ့ မင်းလုပ်ပုံက ရိုက်တာထက်ဆိုးတယ်၊ ဘယ့်နှယ်

မနက်ဆိုလဲ အိမ်ကအစောကြီးထွက်၊ ရုံးဆင်းတော့လဲ မှောင်မှပြန်၊ အခု မင်းမှာ ကလေးနှစ်ယောက်ရနေပြီ၊ အိမ့်တာဝန်၊ သားသမီးတာဝန်တွေ လဲ၊ တစ်ဖက်က ကူဦးမှပေါ့၊ အခုတော့ ဇလပ်ဖြူမှာ ကျောင်း ကတစ်ဖက်၊ ကလေးတွေ ကတစ်ဖက်၊ ဒီကြားထဲချက်ရ၊ ပြုတ်ရ၊ လျှော်ရ၊ ဖွပ်ရနဲ့ သေရောပေါ့'

မိခင်၏စကားကြောင့် အင်ကြင်းပန်း အနည်းငယ်မျက်နှာ ညှိုးသွားသည်။ ခပ်ငိုင်ငိုင်စဉ်းစားနေသည်။ ဇလပ်ဖြူကတော့ အင်ကြင်းပန်း ဤမျှ မျက်နှာညှိုးသွားသည်ကိုပင် မကြည့်နိုင်၊

'အမေရယ် သူလျှောက်လည်ပတ်နေတာမှ မဟုတ်ဘဲ၊ တရားထိုင်တာပဲဥစ္စာ။ လုပ်ပါစေ၊ ဘမီးလုပ်နိုင်ပါတယ်'

'အင်း ငါ့သမီးကတော့ တကယ့်ပါရမီဖြည့်ဘက်ပါပဲ၊ ရှားတယ်ကွယ်' သည်တော့မှ အင်ကြင်းပန်းမျက်နှာ ပြန်၍ကြည်လင်သွားလျက်

'ဟုတ်သား၊ပဲ၊ အစ်မကလဲ၊ ကလေးတွေအတွက်က ကျွန်တော့်ကိုယ်စား အစ်မနဲ့ အဘတို့ရှိနေသားပဲဟာ'

'အောင်မယ် ငါတို့က၊ မင်းလခပေးထားတာကိုး'

'ဒီလိုဆိုလဲ ကလေးတွေကို ကျွန်တော့်ယောက္ခမအိမ်ပို့ထားလိုက်မယ်လေ'

ဒေါ်ခင်စိန်က သားဖြစ်သူကို မျက်စောင်းတစ်ချက်ထိုး လျက် ပါးစပ်ပိတ်နေလေတော့သည်။ ဇလပ်ဖြူကတော့ မိခင် ကိုကြည့်ပြီး တစ်ဖက်လှည့်၍ ပြုံးနေလိုက်ရလေသည်။

(၂၅)

အင်ကြင်းပန်း ခွင့်ရက်ရှည်ယူပြီး ၄၉ရက် တရားအဓိဋ္ဌာန် ဝင်ခဲ့သည်။ ဤသို့ဖြင့် သူ၏လုပ်သက်ခွင့်များကိုစုလျက် နှစ်စဉ် တရားအဓိဋ္ဌာန်ဝင်ခဲ့သည်။ ရုံးဖွင့်ရက်များတွင် ရွှေတိဂုံ ဘုရားသို့ တက်၍တရားထိုင်လေ့ရှိ၏။ ထိုနေ့က နံနက်စော စောရွှေတိဂုံကုန်းတော်သို့ မြောက်ဘက်စောင်းတန်းမှ တက်ခဲ့ ပြီး ရှင်အဇ္ဈ ဂေါဏတန်ဆောင်းသို့ ချိုးအကွေ့တွင် အသက် ငါးဆယ် ကျော်ခန့်ရှိသော ပုဂ္ဂိုလ်တစ်ဦးရောက်လာသည်။ အရပ်အမောင်းကောင်းကောင်း၊ အသားညိုညို၊ အညာသား ရုပ်မျိုး။ ပုဆိုးက အဖြူအမည်းကွက်တုံးကြီးကြီးဝတ်လျက် လက်တွင် ပုတီးတစ်ကုံးကိုင်ထားသည်။ အင်ကြင်းပန်း အနီး သို့ရောက်လျှင်

'ဒီမယ်မောင်ရင် မင်းအခုထိုင်နေတဲ့ အရပ်ာအာရုံနဲ့ပဲဆက် ထိုင်ပါ' ဟုဆိုသည်။

'ဟုတ်ကဲ့ ဟုတ်ကဲ့' ဟုပြောကာ အင်ကြင်းပန်းဆက် လျှောက်လာသည်။ ထိုပုဂ္ဂိုလ်က အင်ကြင်းပန်းနောက်သို့

ဆက်လိုက်ပြီး ထပ်ပြောသည်။

'အခုရှိတဲ့ဘုရားရုပ်ပွားတော်ကိုပဲ အာရုံယူပြီးထိုင်ပါ။ အတုကနေ အစစ်ဖြစ်ရတယ်'

'ဟုတ်ကဲ့ ဟုတ်ကဲ့'ဟုပင်ပြောလျက် ဆက်လျှောက်လာကာ ရှင်အဇ္ဈဂေါဏတန်ဆောင်းထဲသို့ဝင်ခဲ့သည်။ ပုဂ္ဂိုလ်ကြီးကတော့ ကျန်နေခဲ့သည်။ အင်ကြင်းပန်း တရားထိုင်သည်။ ဝင်လေ အရဟံ၊ ထွက်လေ ဗုဒ္ဓေါဖြင့် တရားစ၍မှတ်လိုက်သည့်အခါမှ ပုဂ္ဂိုလ်ကြီးပြောလိုက်သောစကားကို သူသတိရလိုက်မိသည်။

'မင်းအခု ထိုင်နေတဲ့ အရဟံကိုပဲဆက်မှတ်ပါ'တဲ့။

'ဟိုက် ငါအရဟံအာရုံနဲ့ အာနာပါနကမ္မဋ္ဌာန်းထိုင်နေတာကို သူဘယ်လိုသိနေတာလဲ' အင်ကြင်းပန်း စဉ်းစားမိပြီး အံ့ဩနေသည်။

'နောက်ပြီး အတုကနေမှ အစစ်ဖြစ်ရတယ်ဆိုတာလဲ ငါလုပ်နေတဲ့အလုပ်ပါပဲလား'ဟူသောအသိဖြင့် တရားကို တစ်ချိန်မျှသာထိုင်ပြီး သူနှင့်တွေ့ခဲ့သော ပုဂ္ဂိုလ်ကြီးကို ရွှေတိဂုံကုန်းတော်အနှံ့ လှည့်ပတ်၍ရှာသည်။ မတွေ့။ နောင်လည်း မတွေ့တော့။

'ငါတယ်ညှံ့တာပဲ' ဟူသောအတွေးဖြင့် သူ့ကိုယ်သူ မကျေမနပ်ဖြစ်နေတော့သည်။

တစ်နေ့တွင် ရုံးဌာနဆိုင်ရာ အစည်းအဝေးတစ်ခု၌ အမှန်တရားဘက်မှရပ်ကာ အထက်လူကြီးများကို အတိုက်အခံစကားများ သူပြောခဲ့သည်။ သူ၏စကားများက ပြင်းထန်သွားသည်။ ထိုညအိပ်မက်ထဲတွင် ပုဂ္ဂိုလ်တစ်ဦးရောက်လာလျက် 'မင်းနှစ်ဖက်ကန်းမလုပ်နဲ့၊ တစ်ဖက်မြင်တစ်ဖက်ကန်းနေ' ဟုပြောသွားသည်။ သူပြန်၍စဉ်းစားသည်။ တစ်ဖက်ကန်းဆိုတာက လောကအမြင်၊ တစ်ဖက် မြင်ဆိုတာက တရားအမြင်။ တရားအမြင်နှင့်ယှဉ်၍ ပြောဆို လုပ်ကိုင်ရန်ဆိုလိုခြင်းပဲ ဖြစ်ပေမည်ဟုတွေးကာ သူပြောမိသည်များကိုနောင်တရနေမိသည်။

တစ်နေ့တွင်လည်း သူစာစောင်တစ်ခုတွင်ထည့်ရန် ဘာသာရေးဆောင်းပါးတစ်ပုဒ်ရေးသည်။ ထိုဆောင်းပါးတွင် အခြား ပုဂ္ဂိုလ်အချို့၏ ဘာသာရေးအယူအဆများကို ချေဖျက်ဝေဖန် သည့် သဘောပါသော အချက်များထည့်ရေးမိသည်။ ထိုညတွင်လည်း ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦးရောက်လာလျက် စာချိုးလေးတစ်ပုဒ်ကို ရွတ်ပြသွားသည်။ ထိုစာချိုးကို လည်းမှတ်မိနေ၍ သူရေးမှတ်ထားလိုက်သည်။

'စကားတင် အကြံခက်ရင်ဖြင့်၊ စကားလက်အညွှာကာ၊ မှာလိုက်မယ် မောင်ရင်လေးရယ် ချန်ခဲ့ကွဲ့လေး' ဟူ၍ဖြစ်သည်။

ထိုစာစုတွင်ပါသော ဝေါဟာရများမှာ အတော်ထိမိနေသည်။ စကားတင်၊ စကားလက်၊ အညွှာဟူသော ဝေါဟာရမျိုးကို သူ့အပြင်မှာ စဉ်းစားနိုင်မည်မဟုတ်။ စာချိုး၏ အဓိပ္ပာယ်ကို သူပြန်ကြည့်ရာ –

သူများကိုတင်ဖို့ တစ်နည်းအားဖြင့် သူများကို အနိုင်ယူဖို့ ကြံစည်ကြိုးစားနေရသဖြင့် အဓိကအချက်အချာကျသော စကားအချက်အလက်များကို မင်းချန်သာပစ်ခဲ့ပေတော့ မောင်ရင်ရေဟု ဆိုးမသွားခြင်းပင်ဖြစ်ပေသည်။ နောက်နေ့တွင် သူ၏ဆောင်းပါးကိုလည်း အငြိကြင်းပန်းမသုံးတော့။ ဆုတ်ဖြဲပစ်လိုက်လေသည်။

တစ်နေ့တွင်လည်း တရားထိုင်နေရင်း အသံတစ်ရပ်ကို ပီပီသသ ကြားနေရသည်။ သူမှတ်မိသည့်အတိုင်း ချက်ချင်းရေးထားလိုက်သည်။

အရဟတ္တ မဇ။ အရဟန္တ အတ္တ မဇ၊ အရဟန္တ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူသော အရိယနွယ်ဝင်အဖြစ်၊ အတ္တမိမိကိုယ်ကို မဇရပြီ၊ အောင်ပြီဟူ၍ သိသောနေ့သည် အရဟတ္တ မဇထိုက်

သောနေ့ ဟူ၍ဖြစ်သည်။ အင်ကြင်းပန်း ပါဠိမတတ်ပါ။ အရဟာတ္တာဓနေနှင့်ပတ်သက်၍ သူကြားရသောဝိဂြိုဟ်ပြုမှု မှန်မမှန်ကိုလည်း သူမသိပါ။ သူကြားရသည့်အတိုင်း မှတ်ထားလိုခြင်းသာဖြစ်ချေသည်။

အင်ကြင်းပန်းကတော့ လောကအကြောင်းတွင်လည်း တာဝန်ကျေအောင် ဆောင်ရွက်သလို တရားဘက်တွင်လည်း မလစ်ဟင်းရအောင် သူကိုယ်တိုင် တရားထိုင်လျက် ဇနီးဖြစ်သူ ဇလပ်ဖြူသာမက သမီးနှင့်သားတို့ကိုပင်(၄၉)ရက်စီ အဓိဋ္ဌာန်ဝင်ခိုင်းပြီးလေပြီ၊ နောက်ထပ် သမီးတစ်ယောက် သားတစ်ယောက်ပင်ရခဲ့ပြီဖြစ်ရာ အငယ်သမီး ဒီဇဝါနှင့် အငယ်ဆုံး တနင်္ဂနွေသား ဥက္ကာတို့ဖြစ်သည်။ သူတို့ကတော့ ငယ်သေးသည်။ အင်ကြင်းပန်းကတော့ လောကအကြောင်းနှင့် မကင်းနိုင်သေးသမျှမှာတော့ တစ်ဖက်မြင်တစ်ဖက်ကန်းဖြင့်နေလျှက် ခြေလှမ်းမမှားစေဖို့ကိုတော့ နှလုံးသွင်း ထားပြီးဖြစ် လေသည်။

# ချောင်းဝဆရာတော်
# ၏
# ဩဝါဒ
## (၂၆)

အင်ကြင်းပန်းသည် ကမ္မဋ္ဌာန်းထိုင်လာသည်မှာလည်း ကြာပြီဖြစ်၍ သူ၏ဌာနမှ ဝန်ထမ်းများအား ကမ္မဋ္ဌာန်းတရားများ လက်ဆင့်ကမ်းပြသလျက်ပင်ရှိလေသည်။ တစ်နေ့တွင် တပည့်များ၏ တရားအထိုင်အားနည်းမှု၊ တရားစာစောင်ထုတ်ရေးကိစ္စတွင်နှောင့်နှေးမှုများကို အကြောင်းပြု၍ တပည့်များအား စိတ်တိုင်းမကျဖြစ်ကာ သဒ္ဓါနည်းရကောင်းလားဟုပြစ်တင်ပြောဆိုခဲ့သည်။ ထိုနေ့မှာပင် တပည့်တစ်ဦးက

'ဆရာ ကျွန်တော်တို့ ချောင်းဝဆရာတော်ကို သွားဖူးရအောင်လား'

အင်ကြင်းပန်းက သူ့တပည့် ကိုတင်ကြည်ကိုကြည့်လျက် 'ဒီမှာ မောင်ကြည် ဆရာတော်က မင်းကို ဘာမှလုပ်ပေးလို့မရဘူး၊ တရားဆိုတာ ဘုရားလဲလုပ်ပေးလို့မရဘူး။ ကိုယ်လုပ်မှကိုယ်ရတယ်။ ကိုယ်စားမှ ကိုယ်ဝတယ်။ ကိုယ်ခြုံမှ ကိုယ်လုံတယ်။ ဒါ မြတ်ဗုဒ္ဓရဲ့ဩဝါဒပဲ'

'လုပ်ပေးလို့မရတာတော့ဟုတ်ပါတယ်ဆရာ၊ ဒါပေမဲ့ လမ်းတော့ညွှန်နိုင်မှာပါ'

'အေး–ဒါတော့ဟုတ်ပါတယ်၊ ကဲလေ မင်းတို့သွားချင်ရင် လဲသွားကြတာပေါ့'

'ဟုတ်ကဲ့ ရုံးဆင်းရင် သွားကြမယ်ဆရာ၊ ကျွန်တော်ကား ပါတယ်'

(၂၇)

အနောက်ဘက်ကမာရွတ်ရှိ ချောင်းဝဆရာတော်၏ ကျောင်းသို့ သူတို့ရောက်လာကြသည်။ အင်ကြင်းပန်းနှင့် အတူ တပည့်ငါးဦးပါသည်။ ဆရာတော်က အခန်းထဲတွင် ကျိန်းစက်အနားယူနေသည်။ ဆရာတော်ကို အနီးကပ်စောင့် ရှောက်နေသော ယောဂီကြီးတစ်ဦးက

'ဆရာဝန်က ဆရာတော်ကို နှလုံးအားနည်းနေလို့ တစ်ပတ်လောက် ဘယ်သူ့ကိုမှမတွေ့ဖို့ တားမြစ်ထားတယ်။ ဆရာတော်ဆေးလဲသောက်ထားတယ်။ ဆရာတို့ တွေ့လို့ရမှာ မဟုတ်ဘူး'

'ဟုတ်လား။ ဆရာတော် မကျန်းမာဘူးလား' အင်ကြင်း ပန်းကမေးလိုက်စဉ်မှာပင်'

'ဘာလဲကွဲ့၊ ငါတွေ့ချင်တယ်'ဟု ဆိုလျက် ဆရာတော်သည် အခန်းထဲမှ လှမ်းထွက်လာလေသည်။ ယောဂီကြီးလည်း ပါးစပ်အဟောင်းသားနှင့်တအံ့တဩဖြစ်နေသည်။ ဆရာတော်ကို တားလည်းမတားရဲ။

ဆရာတော်က ကုလားထိုင်ကြီးပေါ်ထိုင်လျက် အင်ကြင်းပန်းတို့လည်း ဆရာတော်ရှေ့တွင် ထိုင်ကြလျှက် ဝတ်ပြုကြသည်။ ထိုအခါမှ ဆရာတော်ကိုဖူးလို၍ လာစောင့် နေကြသော ပရိသတ်ကြီးလည်း နောက်ကဝိုင်းထိုင့်ကာဖူးကြသည်။

အင်ကြင်ပန်းတို့လည်း စကားတစ်ခွန်းမျှ မဟာရသေး။ ဆရာတော်က စကားစ၍ပြောသည်။ စကားပြောစဉ် ဆရာတော်က အင်ကြင်းပန်းကိုပဲ ကြည့်၍ပြောနေသည်။

'ဒီမှာကွဲ့ တို့ပြောမယ်။ ဘယ်သူ့ကိုမှ အပြစ်မတင်နဲ့။ ဘယ်သူ့ကိုမှ ယိုးမယ်မဖွဲ့နဲ့။ ကိုယ့်ကံလို့မှတ်။ ကိုယ့်ကံမပေးသေးရင် ဘာမှလုပ်လို့မရဘူးမှတ်။ အချိန်မကျသေးရင် ဘာမှလုပ်လို့မရဘူးမှတ်'

ဆရာတော်ဘာတွေပြောနေပါလိမ့်ဟူသော အတွေးမျိုးဖြင့် ပရိသတ်က အူကြောင်ကြောင်နှင့် တရားနာနေ ကြသည်။ အင်ကြင်းပန်း၏ တပည့်များလည်း ဆရာတော် ဘာပြောချင်ကြောင်း သိဟန်မတူ။ နားလည်သူကတော့ အင်ကြင်း

ပန်းတစ်ယောက်တည်း။ သူ့စိတ်အစဉ်မှာ ယနေ့ဖြစ် ခဲ့သမျှကို ဆရာတော်ဆုံးမနေချေပြီ။ ဆရာတော်ကဆက်၍မိန့် သည်။

'ငါ့ကိုကြည့်ကွဲ့၊ဟိုတုန်းက ငါဘယ်လောက်ဆင်းရဲလဲဆို တာ ဟောဒီရွှေ့မှာထိုင်နေတဲ့ ငါ့သမီးကြင်ရီကိုသာ မေးကြည့် တော့။ သူ့အဖေက ငါရဟန်းပျိုဘဝနဲ့ တရားစကြိုးစားကထဲ အနီးကပ်စောင့်ရှောက်ခဲ့ရတာ။ သူတို့အသိဆုံး'

ကြင်ရီဆိုသူမှာ အင်ကြင်းပန်း၏ ခယ်မတော်သူဖြစ် သည်။ အင်ကြင်းပန်းကဝင်၍ ခေါ်လာခြင်းဖြစ်သည်။

'အေး၊ အခုတော့ကြည့်ပါဦး။ ငါမလိုချင်ဘူးဆိုလဲမရဘူး။ အချိန်ရောက်လာတော့ သူ့ဟာသူဖြစ်လာတာ။ ငါပြောပြ ရဦးမယ်။ ငါ့တပည့်လင်မယားရှိသကွဲ့။ ဆင်းရဲလိုက်တာ ဘယ်သူမှ ဆေးဖော်ကြောဖက်မလုပ်ကြဘူး။ ဆင်းရဲလွန်းလို့ ကမ်းနားမှာ ခြေတံရှည်ဝါးတဲကလေးထိုးနေရတယ်။ ကံကလဲ ဘယ် လောက်ဆိုးသလဲဆိုတော့ ဝါးတဲလေးက လေပြင်း တိုက်တော့လဲသွားရောဗျား။ ဒါပေမဲ့ အဲဒါကံကောင်းဖို့ဖြစ်လာ ပုံက သူတို့တဲပြန်ဆောက်ဖို့ တွင်းတူးတာ ရွှေအိုးတွေ တွေ့ပါ လေရော။ အခုကျတော့ ချမ်းသာသွားပြီ။ ရွှေတိဂုံဘုရားက

တန်ဆောင်းတစ်ခုကို သိန်းလေးဆယ်နဲ့ပြင်ပေးပါဆိုပြီး ငါ့ကိုလာခိုင်းလို့ အဲဒါ ငါလုပ်ပေးရဦးမယ်။ ကဲ–အဲဒါအချိန် တန်လို့ ကံပေးလာတော့ ဖြစ်လာပုံဖြစ်လာပုံ'

ရောဂါရှိ၍ လူတွေနှင့်မတွေ့ရန်ဆရာဝန်တားမြစ်ထားသော ဆရာတော်က မနားတမ်းဆက်မိန့်ပြန်သည်။

တစ်ယောက်နဲ့တစ်ယောက် အကျိုးပေးခြင်းလည်းမတူဘူးကွဲ့။ ဘုရားခြင်းတူတာတောင်အကျိုးပေးမတူပုံ ပြောရဦးမယ်။ ဒကာကိုကျော်ဟိန်းက ဘုရားတွေမဲဖောက် ပြီး လှူပေးပါဆိုပြီး ငါ့ဆီ ဘုရားတွေပို့ထားသကွဲ့။

အဲဒါ မဲနှိုက်ပြီးလှူတာပေါ့ကွယ်။ ကိုယ်မဲပေါက်တဲ့ဘုရား၊ ကိုယ့်ပင့်သွားပြီး ပူဇော်ကြပေါ့။ ကိုင်း အဲဒီမှာကြည့် သူဌေး အိမ်ကြွသွားရတဲ့ဘုရားက ဆွမ်းကို အလျှံအပယ်ဘုဉ်းပေးရသကွဲ့။ ယောဖျာ ပဲပြုတ်သည်အိမ်ကြွရတဲ့ဘုရားကတော့ ပဲပြုတ်ပဲ ဘုဉ်းရရှာသဖျာ။ ကဲကြည့် ဘုရားချင်းတူတာတောင် အကျိုးပေးချင်းမတူပဲ ဟဲဟဲ။ အဲဒါပဲကွဲ့။ အဲဒါပဲကွဲ့ ကိုယ့်အကျိုးပေးနဲ့ကိုယ် ကျေနပ်ကြ'

ဆရာတော်ကဆက်မိန့်ပြန်သည်။

'ငါနောက်တစ်ခုပြောဦးမယ်ကွဲ့။ မင်းတို့ဝိဇ္ဇာတွေ ကိုမရှာနဲ့ဗျ'

ဆရာတော်၏စကားကိုကြားလျှင် အင်ကြင်းပန်းက သူ၏ ဘက်စုံစူးစမ်းလိုသော ဝါသနာအလျောက် ခတ်ကိစ္စ၊ အင်းကိစ္စများလုပ်နေသည်ကို တွေးမိကာ မလုံမလဲဖြစ်မိသည်။ ဆရာတော်တော့ သူ့ကို တိုက်ရိုက်ဆုံးမ နေပြန်ပြီဟုလည်းတွေးလိုက်မိသည်။

'အေး ဝိဇ္ဇာတွေကိုရှာတွေ့ရင် ဘာဖြစ်လဲသိလား။ သူတို့ခိုင်းတာလုပ်ရတယ်။ မလုပ်ရင် ဒဏ်ခတ်ရောဗျ။ ဒီတော့ ကိုယ့်အလုပ်ကိုယ်လုပ်။ မင်းလုပ်တာမှန်ရင် သူတို့ကူညီလိမ့်မယ်။ ငါ့ဆီလဲလာကြပါတယ်။

အင်ကြင်းပန်း ဆရာတော်၏ဩဝါဒများကို နားထောင်ရင်း ဆရာတော်၏အသက်အရွယ်နှင့်ကျန်းမာရေးကိုကြည့်ကာ ဆရာတော်အပေါ်ကရုဏာပွားလာမိသည်။ ကြည်ညိုသဒ္ဓါစိတ်များလည်း တိုးပွားလာသည်။ ဆရာတော်၏ ဩဝါဒများကိုဆက်၍ နာယူချင်သော်လည်း ဆရာတော်ကို နားစေချင်လာသည်။ အတော်ပဲဖြစ်သည်။ ဆရာတော်၏တပည့်တစ်ဦးဝင်လာကာ ဆရာတော်ခိုင်းထားသောကိစ္စတစ်ခုကို လျှောက်ထားနေခိုက်နှင့် ကြုံရာ ဆရာတော်စကားပြတ်ခိုက်ဖြစ်၍

'ဆရာတော်ဘုရား ဆရာတော်ရဲ့ဩဝါဒများကို တပည့်တော်တို့နာယူမှတ်သားရတာ အားရကျေနပ်လှပါတယ်ဘုရား။ ဆရာတော်ရဲ့ကျန်းမာရေးကိုငဲ့ပြီး ဆရာတော်အနားယူစေချင်ပါတယ်ဘုရား'

'အေးကွဲ့ ဆရာဝန်က ငါ့ကို ဘယ်သူနဲ့မှမတွေ့ပါနဲ့ဆိုပြီး တားမြစ်ထားတယ်။ ဘယ်တတ်နိုင်မလဲကွယ် တွေ့ဖို့ရှိတော့လဲ တွေ့ရမှာပေါ့။ အေး အေးမင်းတို့လဲ အလုပ်ရှိလိမ့်မယ်။ ပြန်ကြ ပြန်ကြ'

'သာသနာ့တာဝန်သည် ဘာကိုမှ ငဲ့ညှာ၍မရ။ ကျန်းမာရေးလည်း ငဲ့၍မရ။ အသက်နှင့်ခန္ဓာကို ဘုရားရှင်အား အပ်နှံလျက် သဗ္ဗာဝါကယ်ခြင်းဖြင့် မြတ်ဘုရားကို ကျေးဇူးဆပ်ခြင်း ထက်မြတ်သော အလုပ် ဘယ်မှာရှိအံ့နည်း'ဟူသော အတွေးအသိတို့ဖြင့် အင်ကြင်းပန်း၏ ရင်တွင် အေးမြကြည်လင်လျက် အားမာန်သစ်များ တိုးပွားလာလေတော့သည်။

မိမိရလာသည့်ဘဝ၊ ဖြစ်လာသည့်အခြေအနေကို ကျေနပ်ကြဟူသော ဆရာတော်၏ အဆုံးအမသည် ဘဝလမ်းညွှန်ပင်ဖြစ်ချေ၏။ မိမိရလာသည့်ဘဝကိုကျေနပ်ချမ်းမြေ့စွာ ရှင်သန်ခြင်းဖြင့် ဆင်းရဲကင်းအောင်နေတတ်ရန် ဆုံးမလိုက်ခြင်းပင်ဖြစ်ပေ၏။ ကိုယ်လုပ်ရမည့်အလုပ်ကိုသိလျက် ကိုယ့်အလုပ်

ကိုယ်လုပ်ဟူသော အဆုံးအမသည်လည်း အင်ကြင်းပန်း လျှောက်လှမ်းရမည့် သာသနာခရီး၏ လမ်းညွှန်မီးမောင်းပင် ဖြစ်တော့သည်။

အပြန်တွင် အင်ကြင်းပန်းက သူ၏တပည့် ကိုတင်ကြည်၏ကျောကို လက်တင်လျက်

'ဒီနေ့မင်းကို ငါကျေးဇူးတင်တယ် မောင်ကြည်'ဟူ၍ လှိုက်လှဲစွာပြောလိုက်ပါတော့သည်။

# အင်ကြင်းပန်း၏

# ဆရာရင်း

(၂၈)

အဘသစ်သည် အင်ကြင်းပန်း၏ ဆရာရင်းဖြစ်သည်၊ အင်ကြင်းပန်းကို ကမ္မဋ္ဌာန်းပေးခဲ့သော ဆရာဖြစ်သည်။ ဝတ်ဖြူစင်ကြယ် ဝတ်သည်။ အသက် ၈၀ကျော်ပြီ၊ ကမ္မဋ္ဌာန်းကျောင်းမှာပဲ အမြဲကျောင်းထိုင်လျက်နေသည်။ အဘသစ်သည် သင်္ကန်းဝတ်မထားသည်ကလွဲ၍ လောကရေး၊ လောကီ

အာရုံ အလွန်ကင်းသည်။ အဘသစ်နှင့် အင်ကြင်းပန်း တွေ့ခဲ့၊ အတူနေခဲ့သည်မှာ ၁၅နှစ်ခန့်ရှိပြီ။ ဤမျှ တပည့်ရင်းတစ်ဦး အနေဖြင့် ရင်းနှီးခဲ့သော်လည်း အင်ကြင်းပန်းအား မင်းဘယ်မှာ အလုပ်လုပ်သလဲ၊ လခဘယ်လောက်ရလဲ၊ သားသမီး ဘယ်နှစ်ယောက်ရှိလဲဟူသော လောကဝတ်စကားမျိုး တစ်ခါမျှမမေးဘူးခဲ့။ အင်ကြင်းပန်းကလည်း တစ်ခါမျှစပ်၍ပြောမပြခဲ့။ ဆရာနှင့်တပည့်ကတော့ လိုက်ဖက်လှသည်။ တစ်ခါတွင် အင်ကြင်းပန်းက အဘ ကျွန်တော်အလုပ်ထွက်ပြီး ကျောင်းမှာပဲ လာနေရင် ကောင်းမလားဟုပြောမိရာ အေးကောင်းတာပေါ့ဟူ၍ တစ်ခွန်းပဲပြန်ပြောသည်။ တစ်ခါလည်း ထမင်းစားကြရင်း အဘဟင်းက နည်းနည်းငန်သွားတယ်ဟု အင်ကြင်းပန်းကပြောရာ အေးငန်ရင်လျှော့စားကွဲ့ဟူ၍ ပြောသည်။ တပည့်များအချင်းချင်း အငြင်းပွားမှုမျိုးရှိခဲ့လျှင် အဘကမည်သူ့ကိုမျှအပြစ်မပြော။ ပုံဝတ္ထုလေးတစ်ခုပြော၍ တရား တစ်ပုဒ်ဟောတတ်သည်။ ထိုဝတ္ထုကလေးသည် အချင်းများသော တပည့်နှစ်ဦးစလုံးအား ဆုံးမပြီးသားဖြစ်နေသည်။

အဘသစ်သည် ဗဟုသုတလည်း အလွန်ကြွယ်၏။ သူက ဘုန်းကြီးကျောင်းထွက်ဖြစ်သည်။ အင်ကြင်းပန်းတက္ကသိုလ်

တွင် ဝိဇ္ဇာဘွဲ့ကို မြန်မာစာပေဖြင့် အောင်မြင်ခဲ့သည်။ သို့ရာတွင် အင်ကြင်းပန်းသည် အဘသစ်ရှေ့တွင် မြန်မာစာအကြောင်းမပြောရဲ။ အဘသစ်သည် ရှေးစာပေများ၊ ဝတ္ထုများ၊ ကဗျာများကအစ မျက်မှောက်ခေတ်ပီမိုးနှင်း၊ သခင်ကိုယ်တော်မှိုင်း၊ မောင်ထင်တို့လောက်အထိ စာပေများကို အကုန်နှံ့စပ်သည်။ အလွတ်ရနေသည်ကများသည်။ သူနေမကောင်း၍ မြန်မာဆေးဆရာတစ်ဦးခေါ်ပြရာ သူက ခင်ကြီးဖျော်၏ ဒွါရသိမ်ကိုရွတ်ပြနေ၍ဆရာလုပ်သူကဆေးမကုရဲဘဲဖြစ်ခဲ့ရသည်။ နတ်အကြောင်းပြောလျှင် နတ်ဒိုးတွေကိုပါရွတ်ပြသည်။ တစ်ခါက အင်ကြင်းပန်းက ဝေဒမဂ္ဂဇင်းတွင် သူနက္ခတ် ဆောင်းပါးများ ရေးကြောင်းစပ်မိ၍ ပြောပြရာ သူက အမြင်နက္ခတ်၊ အဟောနက္ခတ်နှင့် တွက်ရိုးနက္ခတ်များ အကြောင်းပြောပြသည်မှာ ဆောင်းပါးရှင် အင်ကြင်းပန်း လိုက်၍မမီတော့၊ ဤမျှပညာ ဗဟုသုတကလည်း ကြွယ်လှသည်။ တရားဟောလျှင် လည်း ကျမ်းဂန်လွတ် တစ် ချက်မျှမဟော။ ကျမ်းဂန်အထောက် အထားနှင့် ပါဠိနှင့် အနက်ဟွဲ့လျက် ဟောသွားသည်။ ဤလို ပညာရှင်မျိုး နောက် ထပ်တွေ့ရန်ခက်ပေလိမ့်မည်။

(၂၉)

တစ်နေ့တွင် အင်ကြင်းပန်း၏မိတ်ဆွေ ပါမောက္ခဦးသန်းထွတ်သည် အင်ကြင်းပန်းနှင့်အတူ ကမ္ဘောဒီယန်းကျောင်းသို့ လိုက်လာသည်။ သူကလမ်းတွင် စာအုပ်ဆိုင် တစ်ဆိုင်သို့ဝင်၍ စာအုပ်သစ်များကိုဖတ်ရင်း လယ်တီဆရာတော်ဘုရား၏ ဗောဓိပက္ခိယဒီပနီစာအုပ်ကို ဝယ်ကာ လွယ်အိတ်ထဲသို့ ထည့်လာသည်။ ကျောင်းသို့ရောက်လျှင် အဘသစ်နှင့်စကားပြောကြသည်။ ဦးသန်းထွတ်က အဘသစ်အား –

'အဘ ကျွန်တော်တို့ ကမ္ဘောဒီယန်းထိုင်မယ်ဆိုရင် ဘယ်စာအုပ်ကိုလက်ကိုင်ပြုသင့်ပါလဲခင်ဗျာ' ဟုမေးသည်။ အဘသစ်က

'အေး မင်းမှာ လယ်တီဆရာတော်ရဲ့ ဗောဓိပက္ခိယဒီပနီစာအုပ်ရှိတယ်မဟုတ်လား'

ပေါမောက္ခ ဦးသန်းထွတ် မျက်လုံးပြူးသွားလျက်

'ရှိပါတယ်အဘ အခုပဲလမ်းက ဝယ်လာတာပါ'

'အေးအေး အဲဒီစာအုပ်ထဲက ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးဟာ ကမ္ဘောဒီယန်းတရားမှာ လက်လွှတ်လို့မရတဲ့ အင်္ဂါတွေပဲကွဲ့၊ ဗောဓိယာပက္ခေဘာဝေတိ၊ ဗောဓိပက္ခိယာတဲ့၊ ဗောဓိယာ–မဂ်ဉာဏ်၏ ပက္ခေအဖို့(ဝါ)အသင်း အပင်းဖြစ်သော တရားတွေလို့ဆိုလိုတယ်၊ သတိပဋ္ဌာန်လေးပါး ကနေ

မဂ္ဂင်ရှစ်ပါးအထိသုံးဆယ့်ခုနစ်ပါး ရှိသကွဲ့၊ သုံးဆယ့်ခုနစ်မင်းပေါ့ကွယ်။ ဟဲ ဟဲ ဟဲ အဲဒီသုံး ဆယ့်ခုနစ်ပါးပြည့်စုံမှ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာကိုးပါး ပြည့်စုံနိုင်သကွဲ့'ဟူ၍ ရှင်းပြရာမှ တစ်ပါးချင်းကို ထပ်၍ ရှင်းပြနေပါတော့သည်။ သူကဆက်၍ ဟော ပြနေပြန်သည်။

'တို့ ဘုရားက တရားနှစ်ပိုင်း ဟောခဲ့သကွဲ့။ တစ်ပိုင်းက လောကကို အမြင်မှန်ဖို့ လောကအမြင်ပေါ့ကွယ်။ နည်းမျိုးစုံနဲ့ ဟောခဲ့တယ်။ ဒုက္ခနဲ့သမုဒယလည်ပုံကို ပဋိစ္စသမုပ္ပါဒ်နဲ့ ဟောခဲ့တယ်။ ဓမ္မစကြာနဲ့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကိုရှင်းခဲ့တယ်။ အနတ္တလက္ခဏာသုတ်နဲ့ ဟောခဲ့တယ်။ လောကကို မြင်လို့ လောကကိုကြောက်ပြီး လောကကို ပြင်း၊ မုန်း၊ ငြီးငွေ့ပြီးဘာလုပ်မလဲ။ လောကမှလွတ်မြောက်ရာ လွတ်မြောက်ကြောင်း လုပ်ရမယ်မဟုတ်လား။ ဒါကြောင့် ဗုဒ္ဓက လောကမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း လုပ်ရမဲ့လမ်းစဉ်ကို နောက်တစ်ပိုင်းအနေနဲ့ဟောခဲ့တယ်။ အဲဒါကတော့ မဂ္ဂင်သစ္စာပဲ။ အကျယ်အနေနဲ့က စောစောကပြောတဲ့ ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးပဲ။ ဒါကြောင့် ဒုက္ခသစ္စာနဲ့သမုဒယသစ္စာက သိရမဲ့တရားနဲ့ ပယ်ရမဲ့တရား။ ကျင့်ရမဲ့တရားက မဂ်သစ္စာ ဒီတော့မှ ရသင့်ရထိုက်တဲ့ တရားရမှာပေါ့။ အဲဒါက

နိရောမသေစွာ။ ဒီတော့ လိမ်းဆေးနဲ့သောက်ဆေး မမှားစေနဲ့ကွယ်။

မိတ်ဆွေ ပါမောက္ခနှင့်အင်ကြင်းပန်းတို့လည်း ကျေနပ်အားရစွာကျောင်းမှ ပြန်ခဲ့ကြတော့သည်။

(၃၀)

အဘသစ် အသက် ၈၉နှစ်သို့ဝင်လာပြီ။ တစ်နေ့တွင် ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်ရာမှ ဆေးရုံတင်ရသည်အထိ ဖြစ်လာသည်။ ဓာတ်မှန်ရိုက်၍ ရောဂါရှာရာ အဆုတ်၏နောက်တွင် အနာဖြစ်နေသည်။ အသက်အရွယ်ကြီးပြီဖြစ်၍ ထိုဝေဒနာဒဏ်ကို အတော်ခံရသည်။ ထိုတောင်ကို ကျော်နိုင်ပါ့မလားဟု အင်ကြင်းပန်း စိုးရိမ်မိသည်။ ဆေးရုံမှပြန်ဆင်း၍ ကျောင်းမှာပဲ ပြုစုနေကြသည်။ ပက်လက်မှ မထနိုင်တော့ချေ။

အင်ကြင်းပန်း ရုံးဆင်းသည်နှင့် နေ့စဉ်ကျောင်းသို့သွားသည်။ အဘသစ်အားပြုစုသည်။ ည ၉ နာရီလောက်မှ အိမ်သို့ပြန်သည်။ ထိုနေ့ကလည်း ည ၉ နာရီကျော်ပြီဖြစ်၍ အိမ်ပြန်ရန် အဘကို နှုတ်ဆက်သည်။

'အင်ကြင်းပန်းလာကွဲ့'

'ဟုတ်ပါတယ် အဘ'

'ခဏနေဦး။ ငါစကား ပြောချင်တယ်။ ငါ့ကို ထူပေးကြစမ်း'

တပည့်များက ထူပေးကြလျက် နောက်မှ မှေးကိုင်ပေးထားကြရသည်။ အဘသစ်ကစ၍ ပြောသည်။ စိတ်ဆောင်၍ ပြောနေသော်လည်း အားအလွန်နည်းနေသည်။ လေသိပ်မဆက်။

'ငါပုံဝတ္ထုလေးတစ်ခု တိုတိုနဲ့ ပြောမကွဲ့။ အဘသစ်သည် ယောဂီများကိုယ်နှင့် မအပ်စပ်သော အလုပ်များကိုရှောင်ဖို့ ဆုံးမခဲ့သည်။ ဤမျှဝေဒနာခံစားနေရသည့်ကြားက တရားဟော မပျက်ထက်သန်သော သာသနာပြုစွမ်းရည်ကို မြတ်ဗုဒ္ဓကိုမမီတောင် သာသနာပြုပုဂ္ဂိုလ်ဆိုတာ ဒီလမ်းစဉ်အတိုင်း လိုက်ကြရတာပါလားဟူသော သူလျှောက်လှမ်းရမည့်ခရီးကို တွက်ဆကာ တက်ကြွသောစိတ်ဖြင့် အားသစ်မာန်သစ်များ တိုးပွား၍ လာလေတော့သည်။

အဘသစ်သည် ထိုနှစ် သီတင်းကျွတ်လကွယ်ညတွင် ခန္ဓာဝန်ချကာထွက်မြောက်ခဲ့လေပြီ။ အင်ကြင်းပန်းအတွက် တကယ်ပဲ လကွယ်သောနေ့ဖြစ်တော့၏။

# ဇာလီတောင်ဆရာတော်အား
# ဖူးတွေ့ရခြင်း

(၃၁)

အင်ကြင်းပန်းသည် ဌာနတာဝန်တစ်ရပ်ဖြင့် သရက်မြို့သို့ ရောက်ရှိခဲ့သည်။ သူနှင့်အတူ မိတ်ဆွေ ပါမောက္ခ ဦးသန်းထွတ်လည်း တာဝန်အရလိုက်ပါလာသည်။ သရက်တွင် လုပ်ငန်းကိစ္စများ ဆောင်ရွက်သည်။ ထိုနေ့ညနေတွင် မြို့နယ်မှ အဖွဲ့ဝင်များနှင့်အတူ အလုပ်ကိစ္စများ ဆောင်ရွက်ကြ သည်။ ည ၉ နာရီလောက်မှ အလုပ်ကိစ္စများပြီးသည်။ မြို့နယ်မှ အဖွဲ့ဝင်များတွင် မြို့နယ်ပညာရေးမှူး၊ မြို့နယ်အင်ဂျင်နီယာနှင့် အခြားဌာနဆိုင်ရာ ပုဂ္ဂိုလ်များ ပါကြသည်။ အလုပ်ပြီးလျှင် မြို့နယ်မှ မြို့နယ်ပညာရေးမှူးက မေးသည်။

'ဆရာတို့ ဇာလီတောင်ဆရာတော်ကို သွားဖူးမလား'

'ဒီအချိန်သွားလို့ရပါမလား'

'ဆရာတော် ဒီအချိန် မကျိန်းလောက်သေးပါဘူး။ ဖူးချင်လဲဖူးရမှာပေါ့ကုသိုလ်ကံပေါ့'

'အတော်ဝေးလား'

'နှစ်မိုင်လောက်ပါ။ ကျွန်တော့်ကားနဲ့ သွားကြတာပေါ့' မြို့နယ်အင်ဂျင်နီယာက ပြောသည်။

'ဒါဆိုလဲသွားလေ'

တောလမ်းအတိုင်း သွားကြသည်။ တောလမ်းဆိုသော်လည်း တောကိုဖြတ်၍ သွားရသောကြောင့်သာ တောလမ်းဟုဆိုရသည်။ ကတ္တရာလမ်းဖြစ်သည်။

'ဒါ ကျွန်တော်ဖောက်ပေးထားတဲ့ လမ်းပေါ့' မြို့နယ်အင်ဂျင်နီယာက ပြောသည်။

(၃၂)

ဇာလီတောင်သို့ရောက်လာသည်။ ဆရာတော်၏ကျောင်းကို တွေ့ရသည်။ ခြောက်ထပ်တိုက်ဖြစ်၍ တောထဲတွင် ရဲတိုက်ကြီးကဲ့သို့ ထီးထီးကြီးရှိနေသည်။ ကျောင်းတံခါးမကြီးက ဖွင့်ထားသည်။

'ဟာ တံခါးဖွင့်ထားတယ် ထူးတာပဲ' အဖွဲ့ဝင်တစ်ဦးက ပြောသည်။ သူတို့အဖွဲ့ ကျောင်းထဲသို့ဝင်လာပြီး လှေကားအတိုင်း အပေါ်ဆုံးအထပ်သို့တက်သွားကြသည်။ ဆရာတော်ကြီးကို ကုလားထိုင်ကြီး တစ်လုံးတွင် ထိုင်လျက်ဖူးတွေ့ရသည်။

'လာကြကွဲ့ ငါစောင့်နေတာ'

အင်ကြင်းပန်းတို့ အုံ့ညြစွာတစ်ဦးကို တစ်ဦးကြည့်မိကြသည်။ ဆရာတော်ရှေ့တွင် ထိုင်ကြလျက် ဝတ်ဖြည့်ကြသည်။ ဆရာတော်က ဘယ်လက်ဖြင့်ခွက်တစ်ခုကို ကိုင်ထားလျက် လက်ယာလက်ဖြင့် ခွက်ထဲသို့နှိုက်နေသည်။ သူ၏ မျက်လုံးများက အုတ်နံရံကို စိုက်၍ကြည့်နေသည်။ အတန်ကြာလျှင် 'မင်း တို့နှစ်ယောက်ရှေ့တိုး' ရန်ကုန်မှလာသော အင်ကြင်းပန်းတို့ နှစ်ဦးကို ပြောလိုက်ခြင်းဖြစ် သည်။

'ပါးစပ်ဟ'

အင်ကြင်းပန်း ပါးစပ်ဟပေးလိုက်သည်။ သူနှိုက်နေသော ခွက်ထဲမှ ကွမ်းတစ်ယာထုတ်ယူလျက် အင်ကြင်းပန်း၏ ပါးစပ်ထဲသို့ ထည့်လိုက်သည်။ ကွမ်းယာကဆီများရွှဲနစ်နေသည်။ ထိုအခါမှ ဆရာတော်၏ ပရိတ်ဆီမန်းကွမ်းယာဖြစ်ကြောင်း သိရသည်။ အင်ကြင်းပန်း၏ မိတ်ဆွေပါမောက္ခလည်း ကွမ်းတစ်ယာစားရသည်။ ဦးခေါင်းကို ဆီများဖြင့် ဆွတ်ပေးပြန်သည်။ အင်ကြင်းပန်း ကြားဖူးနေသည်မှာ ဆရာတော်က 'မင်း အရက်ဖြတ်မလား'ဟုမေးလျက် ဖြတ်ပါမည်ဆိုမှ သူ၏ဆီမန်းကို တိုက်သည်ဟူ၍ ဖြစ်သည်။ ယခုတော့ အင်ကြင်းပန်းတို့ကို ဘာတစ်ခွန်းမှမမေး၊ ဆီမန်းကွမ်းယာကို တန်း၍ကျွေးနေ

သဖြင့် အားလုံးအံ့ဩနေကြသည်။

'မင်းတို့က ဘယ်ဌာနကလဲ'

'ပညာရေးပါ ဘုရား'

'အေး မင်းတို့ဝန်ကြီး လွန်ခဲ့တဲ့လလောက်က ငါ့ဆီရောက်လာသေးတယ်။ ပညာရေးကညွှန်ချုပ်ဆိုလား၊ သူတို့လဲ လာကြသကွဲ့၊ မင်းတို့သူတို့ကိုသိလား'

သိပါတယ် ဘုရား

ဆရာတော်သည်ပညာရေးအကြောင်း သူ့ထံလာကြသူများအကြောင်းစသော လောကရေးရာအကြောင်းများကိုသာ ပြောနေရာ အင်ကြင်းပန်း၏ စိတ်ထဲတွင် 'ဆရာတော်ကမ္မဋ္ဌာန်း အကြောင်းလဲမပြောဘူး၊ ကမ္မဋ္ဌာန်းတရားလေးဘာလေး ဟောရင်ကောင်းမှာပဲ' ဟူ၍ တွေးလိုက်မိသည်။ အနီးတွင် ကပ်ထိုင်နေသော ဆရာတော်ကြီးသည် အင်ကြင်ပန်းကို အမှတ်မထင် ငုံ့ကြည့်လျက် 'ငါ ကမ္မဋ္ဌာန်းဆရာမဟုတ်ဘူးကွဲ့' ဟုပြောလိုက်ရာ အင်ကြင်းပန်း တုန်လှုပ်သွားသည်။ ငါတွေးနေတာကို ဆရာတော်ကြီး သိနေပါလားဟု သိလိုက်ရသည်။ ဆရာတော်က ဆက်မိန့်သည်။

'ငါက လောကပါလ၊ လောကဗျူဟာပေါ့ကွယ်၊ သတ္တဝါတွေ အကုသိုလ်မှုတွေနည်းအောင် ဒုစရိုက်မှုတွေကင်းအောင်၊

စောင့်ရှောက်ဖို့ပဲ၊ ကမ္ဘဋ္ဌာန်းကတော့ မင်းတို့ကြိုက်တာလုပ်ပေါ့ မင်းလုပ်နေတဲ့ ကမ္ဘဋ္ဌာန်းကို မင်းယုံတယ်မဟုတ်လား၊ အံင်ကြင်းပန်းကို ကြည့်လျက်မေးသည်။

'ယုံပါတယ် ဘုရား'

အေး ဒါဆိုပြီးတာပဲ၊ အဲဒါဆက်လုပ်၊ ငါလဲ ဒါပါပဲ၊ ကမ္ဘာမှာကပ်တွေဆိုက်မယ်တဲ့၊ ကပ်သုံးပါးကကျော်ဖို့ ကုသိုလ်စိတ်တွေများရတယ်၊ ရေများရေနိုင်၊ မီးများမီးနိုင်ပေါ့၊ ကုသိုလ်စိတ်များတဲ့နေရာ ကပ်ကျော်တာပေါ့။ ဒါကြောင့် ငါတို့လူတွေ ကုသိုလ်တွေများအောင် ကံငါးပါးလုံအောင် ငါလုပ်နေတာပဲ။ ငါ သာသနာပြုတာကတော့ အဲဒီနည်းနဲ့ သတ္တဝါတွေ ကယ်တာပဲကွဲ့။ ငါ ကမ္ဘဋ္ဌာန်း မပြောဘူး၊ ကမ္ဘဋ္ဌာန်းတော့ ထိုင်တယ်။ မင်းတို့လဲ ကိုယ့်ကမ္ဘဋ္ဌာန်း ကိုယ်လုပ်ကြ။ ကံငါးပါးလုံအောင် ထိန်းကြ'

ဆရာတော်ဂှာ ခေတ္တနားလိုက်တယ်။ နောက်ဆက် မိန့်သည်။

'ကဲ မင်းတို့ရောက်တုန်း ငါပုတီးပေးရဦးမယ် ဟိုဗီရိုထဲက အထုပ်တွေထဲမှာ ရှာစမ်းဟဲ့'

ဗီရိုထဲတွင် ပုတီးများက အထုပ်လိုက်အထွေးလိုက်ဖြစ်

သည်။ တစ်ဦးက ပုတီးများကို ရှာသည်။ ၂၇လုံးပုတီးငယ် ချည်း ဖြစ်နေသည်။ ထိုသူက

'ဆရာတော်ဘုရား၊ ၁၀၈ လုံး ပုတီးအကြီး မရှိတော့ဘူး ဘုရား'

'ဟုတ်လား – ဟဲ့ ဟိုဘက်အထုပ်မှာ သေသေချာချာရှာပါဦး'

'ပုတီးအဖြူနှစ်ကုံး ထွက်လာသည်။'

'ဒီမှာ နှစ်ကုံးပဲတွေ့တယ်ဘုရား'

'အေး မင်းတို့ကုသိုလ်ပဲ၊ မင်းတို့ ရန်ကုန်ကလာတာ နှစ်ယောက်၊ ပုတီးကျန်တာကလည်း နှစ်ကုံး၊ ကဲယူကြ၊ ဒီမြို့က လူတွေကတော့ နောက်မှ ယူကြပေါ့ကွာ'

အင်ကြင်းပန်းတို့ ပုတီးတစ်ကုံးစီရသည်။ ညဥ့်နက်ပြီလည်းဖြစ်၍ အင်ကြင်ပန်းတို့ ဆရာတော်ကို ခွင့်တောင်းကာ ဝတ်ပြု၍ ပြန်ရန်ထကြသည်။ ဟဲ့ နေကြဦး ဟိုမှာ တောင်ဝှေး တစ်ချောင်းစီ ပေးလိုက်ဦး' ဟုပြောသည်။

တောင်ဝှေး တစ်ယောက်တစ်ချောင်း ရခဲ့ပြန်သည်။

'မင်းတို့ အောက်ရောက်ရင် ပြဒါးဘုရားကို ဝင်ဖူးသွားကြဦး' ဟုမှာလိုက်ကာ

'ကဲ ကဲ သွားကြ၊ နောက်တော့ တွေ့ရဦးမှာပေါ့ကွယ်' ဟု နောက်ဆုံး ပြောလိုက်သည်။

(၃၃)

အပြန်လမ်းတွင် မြို့နယ်အင်ဂျင်နီယာက ကျွန်တော်ဆရာတော်ရဲ့ တပည့်လို ဖြစ်နေတာပါ။ ပုတီးနဲ့တောင်ဝှေးကို နှစ်နှစ်ကြာမှရတယ်။ ဆရာတို့ကတော့ ထူးတယ်' ဟု ပြောသည်။

ဆရာတော် ပျံလွန်တော်မူသည်အထိ အင်ကြင်းပန်းဆရာတော်ထံသို့ နောက်ထပ်မရောက်ဖြစ်တော့။ နောက်တော့တွေ့ရဦးမှာပေါ့ ဟူသော စကားအရ မည်သည့်အခါ မည်သည့်ပုံစံဖြင့် ဆရာတော်နှင့် ဆုံရဦးမယ်ကိုတော့ အင်ကြင်းပန်း မမှန်းဆတတ်။ ဆရာတော်၏ သာသနာပြုပုံကတော့ရှင်းသည်။ ဆရာတော်ကလည်း ပွင့်ပွင့်လင်းလင်းပြောခဲ့သည်။ ဒုက္ခခပ်သိမ်းချုပ်ပျောက်ငြိမ်းရာ နိဗ္ဗာန်မျက်မှောက်ပြုရေးအတွက် ကမ္မဋ္ဌာန်းပေးခြင်းမဟုတ်။ သတ္တဝါတွေ ခန္ဓာရှိဆဲ ကြုံတွေ့ရမည့်ဒုက္ခများမှ ကင်းဝေးစေရေး သတ္တဝါကယ်ရေးပင် ဖြစ်သည်။ သာသနာပြုကြသူချင်းပင် ဖြစ်လင့်ကစား တစ်ဦးနှင့်တစ်ဦး တစ်ပါးနှင့်တစ်ပါး တာဝန်ယူရပုံခြင်း (assignment) များမတူညီကြောင်းကို အင်ကြင်းပန်း သိနားလည်လိုက်ရ

သည်။ ဘာပဲဖြစ်စေ ဝေနေယျသတ္တဝါအပေါ် ထားရှိသော မေတ္တာ – ကရုဏာတရားများနှင့် ကိုယ်ကျိုးစွန့်မှုများကတော့ တူညီကြသည်သာဖြစ်သည်။ လောကကို စောင့်ရှောက်ကြသူများပဲ ဖြစ်ကြကုန်၏။ မြတ်ဘုရား၏ ကြီးမြတ်သော တာဝန်ခွဲဝေထားမှုများဟူ၍သာ အင်ကြင်းပန်း ခံစားနားလည်နေမိတော့သည်။

# လောကဓံ လှိုင်းဂယက်

(၃၄)

အဘသစ်ရှိစဉ်က ဟောကြားခဲ့သော တရားသံကို အင်ကြင်းပန်းပြန်၍ ကြားယောင်နေမိသည်။

'မှိုတို့မည်သည် မြေကထွက်လာကတည်းက ဖုန်မှုန့်၊ သဲမှုန့်တွေကို ခေါင်းမှာရွက်ပြီး ထွက်လာရသလို ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးရယ်လို့ ဖြစ်လာရကတည်းက လူဖြစ်လဲ လူ့ဒုက္ခ၊ နတ်ဖြစ်လဲ နတ်ဒုက္ခ၊ ဗြဟ္မာဖြစ်လဲ ဗြဟ္မာဒုက္ခ၊ ဒုက္ခဟာနှိပ်စက်ဖို့ ကပ်ပါလာရတာပဲ၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆိုတဲ့ နဂိုဒုက္ခဇာတ်ကတော့ ဇာတိ ရယ်လို့ ဖြစ်လာကတည်းက ရှောင်လို့မရတော့ဘူးပေါ့ကွယ်၊ အေး ငါ့သား၊ ငါ့ သမီး၊ ငါ့ပစ္စည်းဆိုတဲ့ ငါစွဲကပ်ပြီး နှိပ်စက်နေတဲ့ ဒုက္ခတွေကတော့

ကိုယ်လုပ်ယူတဲ့ အပိုဒုက္ခဖြစ်တယ်။ အဲဒီဒုက္ခတွေလျော့ပါး အောင် ကြိုးစားကြ၊ အနိစ္စပညာ၊ ဒုက္ခပညာ၊ အနတ္တ ပညာနဲ့ နှလုံးသွင်းကြ၊ လိုချင်တာ၊ ဖြစ်ချင်တာတွေကို လျော့ မလိုချင်ပါဘူး၊ မဖြစ်ချင်ပါဘူးဆိုတဲ့ သတ်မှတ်ချက်တွေမ ထားနဲ့။ အဲဒါဆင်းရဲကင်းတာပေါ့။ ဆင်းရဲကင်းတာဟာ ချမ်းသာခြင်းပဲပေါ့။ အေးအစာပြတ်လို့မထူးပါဘူးဆိုပြီး ဥပုသ် စောင့်နေတဲ့ သစ်ကျုတ်ဟာ ဆိတ်ငယ်ကိုတွေ့တော့ ဥပုသ် ကိုချိုးပြီး ထလိုက်သလို တို့တပည့်တွေ လောကဓံနဲ့ကြုံလာတဲ့ အခါ ပုံပျက်ပန်းပျက် မဖြစ်ကြစေနဲ့၊ လောကထဲ လူရယ်လို့ ဖြစ်လာရင် လောကဓံကတော့ ကြုံရမှာပဲ။ သားသေကို ရင် မှာပိုက်ပြီး မသေဆေးရှာခဲ့တဲ့ ကိသာဂေါတမီကို မြတ်စွာ ဘုရားက မသေဖူးတဲ့အိမ်က မုန်ညင်းဆီရှာခိုင်းခဲ့တယ် မဟုတ်လား။ ရလား၊ ဘယ်ရမလဲ၊ လင်သေသားဆုံး မိဘဆုံး နဲ့ တစ်ကိုယ်လုံး ပူလောင်နေတဲ့ ပဋာစာရီဝတ်လစ် စလစ်နဲ့ အရူးမ ပဋာစာရီလေ။ ဖတ်ဖူး၊ ကြားဖူးတယ် မဟုတ်လား၊ အေး သံသရာမှာ ကုသိုလ်၊အကုသိုလ်ဆိုတဲ့ ခြေ နှစ်ချောင်းနဲ့ ကျင်လည်နေကြတဲ့ သတ္တဝါတွေ လင်သေသားဆုံးတွေ ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခါရှိခဲ့လို့ မျက်ရည်တွေဘယ် လောက် ပင်လယ်ပေခဲ့ပြီလဲ၊ ဘယ်သူသိမလဲ၊ ပုထု ဇနော့ဥမတ္တကော

တဲ့။ ပုထုဇဉ်မှန်သမျှ အရှုံးချည်းပဲလို့ မြတ်ဘုရား ဟောကြား
တော်မူခဲ့တယ်မဟုတ်လား၊ သီလကြီးလေးပါး မလုံလို့ ခါး
ဝတ်မမြဲတဲ့ ဝတ်လစ်စလစ်က ပိုဆိုးသကွဲ့။ကိုယ် ပဋ္ဌာစာရီ
မဖြစ်အောင် ကြိုးစားကြ။

(၃၅)

အဘသစ် မိန့်မှာခဲ့သည့်အတိုင်း အင်ကြင်းပန်း ကြွေခဲ့ရ
လေပြီ၊ သူ၏ ဖခင်ကြီးဆရာထွန်း၊ သူ၏လက်ပေါ်တွင် ကွယ်
လွန်ခဲ့သည်။ ဆရာထွန်းသည် သူ၏သားကို အလွန်ညှာ
သည်။ မည်မျှဝေဒနာကြီးနေစေကာမူ သူ၏သားကို
သူ့အတွက် မည်သည့်တာဝန်မျှမယူစေရ။ နင်းနှိပ်ပေး ပါရ
စေဆိုလည်း ခွင့်မပြု။ ဆေးရုံလိုက်စောင့် အိပ်ပါရစေဆို
လည်း ခွင့်မပြု။ ထိုနေ့ကတော့ အတော်ထူးခြားသည်။ဆေးရုံ
တွင် ဆရာထွန်းက အင်ကြင်းပန်းကို ကြည့်လျက်

'ကျန်တဲ့ လူတွေပြန်ကြ၊ မင်းနေခဲ့' အင်ကြင်းပန်းကို
ကြည့်၍ပြောသည်။ ထိုညမှာပင် အင်ကြင်းပန်း၏ ရှေ့၌ကွယ်
လွန်ခဲ့သည်။ အင်ကြင်းပန်းသည် လူတစ်ယောက်၏ သေဆုံး
ရပုံ အဆင့်ဆင့်ကို အသေးစိတ်မြင်တွေ့ရသည်။ ဆရာထွန်း
သည် မွေးသဖခင်ဖြစ်ရုံသာမက လောကီပညာများကိုလည်း

ကိုယ်တိုင်သင်ကြားပေးခဲ့သော ဆရာလည်းဖြစ်သည်။ အင်ကြင်းပန်း ဘီအေနောက်ဆုံးနှစ်က မြန်မာစာပေတွင် ပြဋ္ဌာန်းပါဝင်သော ပဋ္ဌိစ္စသမုပ္ပာဒ်စာအုပ်ကို ဆရာထွန်း အသေးစိတ်သင်ကြားပေးခဲ့သည်။ လယ်တီဆရာတော်ဘုရား၏ ပဋ္ဌိစ္စသမုပ္ပာဒ် လင်္ကာဆယ့်နှစ်ပုဒ်စလုံးကို ဆရာထွန်းက အလွတ်ရသူဖြစ်သည်။ အနက်အဓိပ္ပာယ်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ရှင်းနိုင်သည်။ အင်ကြင်းပန်း စာအုပ်ပင်မကိုင်ခဲ့ရ၊ သူ၏သင်ပြမှုနှင့်ပင် စာမေးပွဲအောင်ခဲ့ရသည်။ ယခုလည်း သေတယ်ဆိုတာ ဒါပဲကွဟူ၍ မပြောရုံရှိသည်။ သေခြင်းတရားကို ခန္ဓာကိုယ်နှင့်ရင်းလျက် သူ၏သားကို သင်ပြသွားခြင်းပဲဖြစ်တော့သည်။

(၃၆)

အင်ကြင်းပန်း မျက်ရည်မကျပါ။ သို့သော်သူ၏ သူငယ်ချင်း တင်ဦးပြောခဲ့သောစကားကို သူသတိရလိုက်သည်။ မင်း မျက်ရည်တော့မကျပါဘူး၊ ဒါပေမဲ့ မင်းငိုနေတယ်' မှန်၏ ယခုလည်း အင်ကြင်းပန်းသည် သူ့အဖေအတွက် မျက်ရည်မကျသော ငိုခြင်းဖြင့် ငိုခဲ့ပါ၏။ အဘသစ်၏ 'လောကဓံနဲ့ကြုံတဲ့အခါ ငါ့တပည့်တွေ ပရမ်းပတာ မဖြစ်ကြစေနဲ့'ဟူသော

အဆုံးအမကိုလည်း သူသတိရလိုက်သည်။ ကိုယ်တွေ့ လက်တွေ့တွင် အလွန်ခက်သည်။ ထိုခက်သောအရာကို လွန်မြောက်အောင်မြင်ခြင်းကိုပဲ တရားဟု ဆိုရပေလိမ့်မည်။ တရားလက်မလွတ်နဲ့ဟူသော ပညာရှိတို့၏ အဆုံးအမကို လည်း သူသတိရသည်။ မိမိစိတ်ကို မိမိလိုသလို ထိန်းသိမ်း ထားရှိနိုင်ခြင်းသည်ပင် သမာဓိမဟုတ်ပါလား၊ အင်ကြင်းပန်း သည် သတိနှင့် သမာဓိကို လက်ကိုင်ပြုလျက် လောကဓံလှိုင်း ဂယက်ကို ကျော်ဖြတ်လွန်မြောက်အောင် သူ၏ဘဝလှေကို ကြိုးပမ်းလှော်ခတ်ရပေလိမ့်မည်။ ။

## အိပ်မက်ထူးများ

(၃၇)

အင်ကြင်းပန်း အသက်လည်း ရလာပြီဖြစ်၍ လောကအ တွေ့အကြုံများလည်း တိုးပွားရင့်သန်လာပြီ ဖြစ်သည်။ နိုင်ငံ အတွင်း မြို့နယ်အနှံ့နှင့် ပြည်ပခရီးများလည်းထွက်ခဲ့ကာ လူ ပေါင်းများစွာနှင့်လည်း ဆက်ဆံခဲ့ရလေပြီ။ အတွေ့အကြုံနှင့်

သံဝေဂတရားများ ရင့်သန်လာသည်နှင့်အမျှ ကမ္မဋ္ဌာန်းတရားများကို ယခင်ထက်ပို၍ ဖိဖိစီးစီး ကြိုးစားအားထုတ်လာခဲ့လေသည်။ တရားနိမိတ် အာရုံထူးများရခဲ့သလို တရားဉာဏ်စဉ်များလည်း တိုးမြင့်လာခဲ့သည်။ အာရုံနိမိတ်ဟူသည် စိတ်၏ အချင်းအရာဖြစ်၏။ စိတ်၏အဆင့်မြင့်မှုကို အာရုံနိမိတ်ဖြင့် တိုင်းဆနိုင်သည်။ စိတ်အဆင့်မြင့်မှုကိုပင် ဈာန်ဟုခေါ်၏။ ထို့ကြောင့် ဈာန်ကိုနိမိတ်ဖြင့်တိုင်းအပ်၏။ ဉာဏ်စဉ်ဟူသည် အဆင့်ဆင့် မြင့်လာသော စိတ်၏စွမ်းရည်အသိအမှန် ဖြစ်၏။ ထူးသော အသိကိုတော့ အဘိဉာဏ်ဟုခေါ်တတ်သည်။ အိပ်မက်သည် စိတ်၏ အချင်းအရာဖြစ်သည်။ စိတ်စွဲ၍မက်သော ဥပါဒါန်အိပ်မက်များရှိသလို စိတ်စင်ကြယ်မှုကို ပြသော တရားအိပ်မက်များလည်း ရှိ၏။ စင်ကြယ်သော စိတ်၏ အသိထူးများကိုပြသော အဘိဉာဏ်များအိပ်မက်များ လည်းရှိတတ်သည်။ မိမိစိတ်၏ အရိပ်များသာဖြစ်၏။ ဗဟိဒ္ဓမှမည်သည့် ပုဂ္ဂိုလ်ကမှလာ၍ ပေးခြင်းမဟုတ်။ အမြင်ရှင်းဖို့လို၏။ သို့မှသာ သုဒ္ဓိစင်ကြယ်၏။

(၃၈)

တရားထိုင်လာသည်နှင့်အမျှ အင်ကြင်းပန်း၏ စိတ်အစဉ်

အလိုက် အိပ်မက်ထူးများကိုလည်းရ၏။ တရားထိုင်စဉ်က ဝိတိမကျ၊ ဘဝင်မငြိမ်၊ သိစိတ်အားသန်နေသဖြင့် သမာဓိဖြစ်သော်လည်း အာရုံနိမိတ်မထင်ခဲ့။ ပွင့်ခြင်း နိုးခြင်းမဖြစ်ခဲ့။ သို့ရာတွင် အိပ်လိုက်သည့်အခါ ဘဝင်ငြိမ်ခိုက် ကြိုးစားထားသော သမာဓိအစွမ်းကြောင့် တရားထိုင်စဉ်က မပွင့်ခဲ့သော အာရုံနိမိတ်သည် အိပ်မက်တွင် ပြက်ပြက်ထင်ထင် ပွင့်နိုးလာ၏။ တရားအိပ်မက်အဖြစ် မြင်မက်လာ၏။ ထို့ကြောင့် တရားအဆင့် တစ်နည်းအားဖြင့် စိတ်၏ စင်ကြယ်မှု့အဆင့်ဆင့်မြင့်မှုကို တရားအိပ်မက်ဖြင့်လည်း စစ်ဆေးတိုင်းဆနိုင်၏။

တစ်ညတွင် အင်ကြင်းပန်း သုံးနာရီလောက်တရားထိုင်၏။ သမာဓိ လည်းကောင်း၏။ ထိုည တရားအမှတ်နှင့်ပင် အိပ်ခဲ့ရာ မျောက်မျဉ်းအခိုက်ကောင်းကင်တွင် လကထိန်ထိန်သာလျက်ရှိသည်။ လကိုပင် ကသိုဏ်းယူလျက် တရားအမှတ်ဖြင့် ဆက်မှတ်နေရာ လလုံးကြီးသည် မြားနှင့်ပစ်လိုက်သလို ရှူးဆိုအသံပါမြည်လျက် တစ်ဟုန်ထိုးဆင်းလာပြီး သူ၏ဦးခေါင်းထဲသို့ တိုးဝင်သွားရာ သူလည်းသတိလစ်ပြီး ချုပ်သွားတော့၏။ မိုးစင်စင်လင်းမှပင် သိစိတ်(ကမ္မဇော)ပြန်ဝင်တော့၏။ ထိုကဲ့သို့ပင် တစ်ညတွင်လည်း ကောင်းကင်တွင် လကို

မြင်နေရသည်။ တရားအမှတ်ဖြင့် ကြည့်နေရာ လထဲမှ ဗုဒ္ဓ သပိတ်ပေါ်ထွက်လာပြီး သူ့ထံသို့ဆင်းလာသည်။ အနားရစ် များပါသဖြင့် ဗုဒ္ဓသပိတ်ဟုသိရခြင်း ဖြစ်သည်။ နောက်ဆုံး သပိတ်ကြီးသည် ဒိန်းခနဲသူ့ခေါင်းနှင့်ဝင်တိုက်ပြီး သတိလစ် သွားခဲ့ရပြန်သည်။ တစ်ခါမှာတော့ အနီးသို့ရောက်အောင် ဆင်းလာသောလကို သူလက်နှင့် ဆုပ်ယူလိုက်ပြီး ပါးစပ်ထဲ သို့ထည့်ခါ မျိုချလိုက်သည်ဟု အိပ်မက်မြင်မက်ခဲ့၏။

တစ်နေ့ခင်း သူတရားထိုင်နေရာမှ သတိမလစ်တစ်ချက် လစ်တစ်ချက်ရှိစဉ် အရှေ့မိုးကောင်းကင်ဆီ၌ သပိတ်လုံးဝန်း လောက်ရှိသော နေမင်းကြီးထွက်နေသည်ကို မြင်ရ၏။ မွန်းတည့်နေလောက် မကြည့်နိုင်အောင် စူးရှတောက်ပ၏။ သူကတရားအမှတ်နှင့်ပင် ဖွတ်ကြည့်နေရာ နေကြီးက ဖြန်း ဖြန်းဆို လေးစိတ်ကွဲသွားပြီး နေထဲမှ ကြိုးကြာငှက်တစ် ကောင် ပျံဆင်းလာသည်မှာ ကြိုးကြာ၏ အတောင်ရိုက်ခတ်မှု ကြောင့် ဖြစ်ပေါ်လာသော အအေးဓာတ်ကို သူ့ရင်မှာ ခံစားနေရ သည်။ အစကြိုးကြာ ဆယ့်ခြောက်ခါနှင့် ဟသ်ာကိုးဖြစ်ဟူ သော ဗုဒ္ဓ၏အဘယဇာတကမှလည်းကောင်း ဗုဒ္ဓ၏ဖြစ်တော် ပေါင်းမှ ကြိုးကြာကိုလည်းကောင်း၊ တရားရှစ်ကွက်ဗုဒ္ဓစက် ဟူသော ဗုဒ္ဓ၏စက်လက္ခဏာတော်မှ အတွင်းစက်တွင်ပါသော

ကြိုးကြာကိုလည်းကောင်း အင်ကြင်းပန်း သတိရလိုက်မိသည်။

(၃၉)

အင်ကြင်းပန်းသည် တစ်ဖက်မှ တရားကြိုးစား အားထုတ်ခဲ့သလို အရာရာကို စူးစမ်းလိုသော သူ၏ဝါသနာအလျောက် ဓာတ်ထိုးခြင်း၊ အင်းကစားခြင်းနှင့် နက္ခတ်ဗေဒင်၊ ဆေးပညာများကိုလည်း အထိုက်အလျောက် လိုက်စားခဲ့ဖူးရာ ထိုလုပ်ရပ်များ၏ အကျိုးအဆက်များကလည်း တစ်ခါတစ်ရံသူ့တွင် ထင်ဟပ်လာတတ်၏။ တစ်ညတွင် သူ၏အိပ်မက်ထဲ၌ ပုဂ္ဂိုလ်တစ်ဦးက စင်မြင့်ပေါ်တွင် တရားဟောနေ၏။ သူက အောက်ကတရားနာနေသည်။ ထိုပုဂ္ဂိုလ်၏ရှေ့တွင် ငွေဖလားကြီးများဖြင့် အလှူခံငွေများက အပြည့်ရှိနေ၏။ တရားဟောပြီးသောအခါ ထိုပုဂ္ဂိုလ်ကြီးက –

'ကဲ ကဲ မင်းကို ငါစွန့်ရဦးမှာပေါ့ကွာ။ ဟောဒီ ငွေဖလားကြီးထဲက ငွေတွေကို မင်းလက်နှစ်ဖက်နဲ့ နိုင်သလောက်ဆုပ်ယူလိုက်၊ အဲဒါ မင်းငွေပဲ'ဟု ပြောလေသည်။

အင်ကြင်းပန်းက လက်နှစ်ဖက်ဖြင့် ဆုပ်ယူလိုက်ပြီး ပြန်မေးလိုက်၏။

'ဒါ ကျွန်တော့် ငွေဖြစ်ပြီလား'

'အေး လေ ငါစွန့်ခဲ့ပြီပဲ၊ မင်းငွေဖြစ်ပြီပေါ့'ဟု ပုဂ္ဂိုလ်ကြီးကပြန်ပြော၏။ ထိုအခါ အင်ကြင်းပန်းက

ကျွန်တော့်ငွေဖြစ်ပြီဆိုရင် ဒါ ကျွန်တော့အလှူဒါနပဲဟု ပြောလျက် ငွေများကို ဖလားကြီးထဲသို့ ပြန်ထည့်လိုက်ရာ

'ဟော့ မင်းကတယ်ဟုတ်ပါလားကွာ၊ မင်း ယူတတ်တယ်။ သာဓု သာဓု သာဓု 'ဟုပုဂ္ဂိုလ်ကြီးကပြောအပြီး တစ်ဆက်တည်းဆက်ပြော၏။

'ကဲ မင်းက ဒီလိုဆိုတော့လဲ ငါက နောက်တစ်ခုထပ်စွန့်ရဦးမှာပေါ့ ဟောဒီမှာ ဖမ်းယူလိုက်ဟော့'ဟုဆိုကာ ပစ္စည်းတစ်ခုကို ပစ်ပေးလိုက်ရာ အင်ကြင်းပန်းက ဖမ်းယူထားလျက် လက်ကိုဖြန့်ကြည့်ရာ ဓာတ်လုံးဖြစ်နေသည်။ ပြဒါးလုံး၊ ပြဒါးလုံးဆိုသော်လည်း မမာ၊ ခပ်ပျော့ပျော့ဖြစ်၏။

'ကဲ မင်းကြိုက်သလိုသုံးကွယ်'ဟု ပုဂ္ဂိုလ်ကြီးကပြောရာ အင်ကြင်းပန်း ဓာတ်လုံးကို ကြည့်လျက် ဘာလုပ်ရမှန်းမသိဘဲ အတန်ကြာစဉ်းစားနေပြီး နောက်ဆုံးတွင် ဓာတ်လုံးကို ပါးစပ်ထဲသို့ထည့်ကာ မျိုချလိုက်လေတော့သည်။ ပုဂ္ဂိုလ်ကြီးကတော့ ပြုံးပြုံးကြီး ကြည့်နေလေ၏။

ငါ့ အိပ်မက်က ဘာလဲမသိဘူး။ ငါ ကမ္မဋ္ဌာန်းပြတဲ့ အလုပ်အပြင်သတ္တဝါကယ်တဲ့ အလုပ်ပါတွဲပြီး လုပ်ရမှာများလား။

နှစ်စထွက် နှစ်စွယ်ထွက်ဆိုတာ ဒီလိုမျိုးလား မသိဘူး။ ဒုက္ခခပ်သိမ်းချုပ်ပျောက်ငြိမ်းရေးဟူသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးကိစ္စကိုတော့ ပင်မထားလျက် ခန္ဓာရှိဆဲ လူမှုဒုက္ခများမှ သက်သာခွင့်ရရေးကိုလည်း ကြံ့ကြံ့လို ကူညီဆောင်ရွက် သွားရမှာပေါ့လေဟူသော ခံယူချက်ကို တော့ သူ၏ရင်မှာ မှတ်ယူသိမ်း ဆည်းထား ခဲ့လေသည်။

# တရားကောင်းသော မိခင်

(၄၀)

မိခင်ကြီး ဒေါ်ခင်စိန်သည် ဆရာကြီးထွန်း ကွယ်လွန်ပြီး ကတည်းက ကမ္ဘာ့ဋ္ဌာန်းကျောင်း၌ပင် အနေများသည်။ အိမ်သို့ ရံဖန်ရံခါသာ ပြန်တတ်သည်။ တရားလည်း ကြိုးစားသည်။ တရားကလွဲ၍ အခြားစိတ်မရှိ၊ အိပ်လျှင်လည်း တရားအာရုံ နှင့်ပဲအိပ်သည်။ အိပ်နေရင်း စကားပြောနေတတ်၍ အင်ကြင်းပန်းနားထောင်ကြည့်ရာ တစ်ယောက်တည်း တရားများဟော နေခြင်းဖြစ်သည်။ မနက်လင်း၍ သူ့ကိုမေးကြည့်လျှင် သူမသိ ဘူးဟုပြောသည်။ ဤမျှတရား

ကိုခွဲသည်။ တစ်နေ့တွင် အင်ကြင်းပန်းကို ခေါ်သည်။

'မင်းကို ငါပြောရဦးမယ်'

'ပြောပါ အစ်မ'

'မင်းလဲ တရားထိုင်နေတာပါ။ ဒါပေမဲ့ မင်းတရားက ကကြီး ခကွေးပဲရှိသေးတယ်။'

အင်ကြင်းပန်း ငြိမ်လျက်ပါးစပ်ပိတ်ထားသည်။

'မင်းက ငါပြောတာမယုံဘူးလား'

'ယုံပါတယ်။ အစ်မဘာဆက်ပြောမလဲလို့ နားထောင်နေတာ'

'အေး တရားဆိုတာ ဖတ်တာ၊ မှတ်တာ၊ နားလည်တာနဲ့ မပြီးဘူး၊ ဉာဏ်သိထက်မြင့်တဲ့ ဓာတ်သိကွဲ့၊ ဓာတ်ကသိရမှာ။ မင်းအထိုင်နည်းသေးတယ်'

'ဟုတ်ကဲ့ ဓာတ်သိဆိုတာ ရှင်းပါဦးအစ်မရဲ့'

'အေး နားလည်အောင် ရှင်းပြဖို့တော့ ခက်တယ်။ ဒါပေမယ့် ငါဥပမာပြောမယ်။ အင်ဖက်ပေါ်ကို ရေကျရင် မစိုဘူးလား'

'စိုပါတယ်'

'ရေစင်အောင် ခြောက်အောင်ဘာလုပ်ရမှာလဲ'

'သုတ်ပစ်ရတယ်။'

'အေး ဟုတ်တယ်။ ဒါပေမဲ့ ပိန်းကြာဖက်ပေါ် ရေကျရင် ရော 'စိုသလား'

'မစိုဘူး အစ်မ'

'ဒါဖြစ်ရင် သုတ်ပစ်ဖို့လိုသလား'

'မလိုပါဘူး အစ်မ'

'အေး အဲဒါပဲ။ လောကဓံကို ပါးစပ်က ပယ်တာနဲ့ မပြီးဘူး။ ဓာတ်က ကိုယ်ကပယ်ပြီးသားဖြစ်မှ လောကုတ္တရာ ဝိပဿနာ အစစ်အမှန်ဖြစ်တယ်။ ခန္ဓာဉာဏ်ရောပြီး နှလုံးသွင်းပယ်တာ လောက်က အင်ဖက်ပေါ်ရေကျလို့ သုတ်ပစ်တဲ့အဆင့်လောက် ဝိပဿနာပဲရှိတယ်။ မင်း မီးခဲကြီးကို ကိုင်ပြီးပူတယ် ပူတယ် အော်နေတာဟာ ပညာသိလား သညာသိလား။

'သညာသိပါ'

အေး အပူနယ်ကနေ အပူပြန်သိနေတာ သညာသိ။ သစ္စာ သိမဟုတ်ဘူး။ အရိယာသိမဟုတ်ဘူး။ အအေးနယ်၊ နိရောဓ နယ်ကနေ လောကီဒုက္ခနဲ့ သမုဒယကို ပြန်သိတာမှ အရိယာ သိ၊ သစ္စာသိ၊ အဲဒါဓာတ်သိ၊ ဓာတ်သိကိစ္စ ငါဒါလောက်ပဲရှင်း ပြလို့ရမယ်။ သိချင်ရင်လုပ်၊ ငါ ဥပမာတစ်ခု ထပ်ပြောဦးမယ်။

'ပြောပါအစ်မ'

'မင်းက လိပ်ခေါင်းရှိတော့ ငရုတ်သီးစားရဲလား'

'မစားရဲပါဘူး အစ်မ'

'ဘာဖြစ်လို့လဲ'

'ဝေဒနာခံရမှာ ကြောက်လို့'

'ငါက ငရုတ်သီးကို ကြိုက်ကိုမကြိုက်ဘူးဆိုတော့ စားဦးမလား'

'မစားပါဘူး'

'တမင်ဉာဏ်နဲ့ဆင်ခြင်ပြီး ရှောင်ရတယ်ဆိုတဲ့ ပြဿနာရောရှိဦးမလား'

'မရှိပါဘူး'

'အေး အဲဒါပဲ'

'မင်း ခွေးသေကောင်ပုပ်ရှိတဲ့နေရာနား ဖြတ်လျှောက်သွားရင် မနံဘူးလား'

'နံတာပေါ့'

'ဘာလုပ်သလဲ'

'ရှုံ့မဲ့ပြီး နှာခေါင်းပိတ်မှာပေါ့'

'ဖြတ်သွားရင်ရော အပုပ်နံ့ မရဘူးထင်လို့လား'

'ရမလားအစ်မ'

'ဟဲ့ နင်ဒါလောက်မှ မသိဘူးလား မတွေဝေစမ်းနဲ့၊ သူတို့မှာလည်း စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယဆိုတဲ့

ဒွါရငါးပေါက် အကြည်ငါးပါးကတော့ ရှိနေသေးတာပဲဟာ အပုပ်နံ့မရဘဲနေမလား'

'ဒါပေမဲ့ မင်းတို့ငါတို့လို ရှုံ့မဲ့ပြီး နှာခေါင်းပိတ်ရဦးမလား'

'မပိတ်ရပါဘူး'

'ဘာဖြစ်လို့လဲ'

'မန်လို့နေမှာပေါ့'

'နင့် အဖြေကမရှင်း မရှင်းပဲ။ အပုပ်နံ့ကတော့ ရတာပဲလို့ ပြောထားပြီပဲ။ ဒါပေမယ့် မွေးတယ်နံတယ်ဆိုတဲ့ အာရုံခံစားမှု တစ်နည်း ပြောရရင် မွေးတယ်နံတယ်ဆိုတဲ့ ဝေဒနာကို ဓာတ်ကပယ် ထားပြီး ဖြစ်တယ်၊ လုပ်ယူတာ မဟုတ်ဘူး။ ဓာတ်ကိုမပေါ် တော့တာ၊ လောကုတ္တရာနိဗ္ဗာန်ကိစ္စလဲ ဒီအတိုင်းပဲ ဖတ်လို့၊ နာလို့၊ တွေးတောကြံဆလို့၊ ပွားများ လို့ဆိုတဲ့ အဆင့်တွေနဲ့ သိအပ်တဲ့အရာမဟုတ်ဘူး၊ ပရိဝေဒေသိဆိုတဲ့ တကယ့်မျက် မှောက်ပြုပြီး သိတဲ့ဓာတ်သိဖြစ်မှ ဘုရားရဲ့နိရောဓသစ္စာကို ထောက်လှမ်းလို့မိနိုင်တယ်။ အဲဒီလို တရားကို ဓာတ်သိသစ္စာ သိဖြစ်လို့ ဘယ်လိုပုဂ္ဂိုလ်မျိုးမှ အလုပ်မလုပ်ဘဲမရပါဘူး။ တော်ရုံတန်ရုံနဲ့လဲ မဖြစ်ပါဘူး။

အင်ကြင်းပန်းသည် မိခင်ကြီး၏ တရားသဘောကို နာယူပြီး တွေးတောအံ့ဩနေမိသည်။ သူ့အမေက လေးတန်းပဲ

အောင်သည်။ သူကဘွဲ့နှစ်ခု၊ သူမိခင်၏ ကိုယ်တွေ့တရား၏ သဘောတရားကို သူအတော်လိုက်နာနေရသည်။ သူ့အနေနှင့် တရားတွေနာခဲ့ဖူးသည်။ သူ့အမေ၏ တရားကိုဒီတစ်ခါပဲ ကြားရဖူး၍ သူ့အတွက် အံ့ဩထူးဆန်းနေသည်။

'အစ်မရဲ့ တရားက တစ်မျိုးပဲ မြင့်တယ်'

'ဟဲ့ ငါ့တရားက မြင့်တာမဟုတ်ဘူး ရိုးရိုးလေးပဲ။ မင်းက နိမ့်နေတာ'

'အင်ကြွင်းပန်း ပါးစပ်ပိတ်ထားသည်။

'ဒါမင်းကို အခြေခံပဲပြောသေးတာ၊ ဒါ့ကြောင့်မင်းတို့ကြိုးစားဖို့ပြောနေတာပေါ့။ မင်း ဘာဘာမရှိတော့ သူဖြစ်စေချင်တာကို ငါဆက်ဖြည့်ဆည်းပေးရမှာပေါ့၊ အချိန်သိပ်မရဘူး ငါလဲ သွားတော့မှာ'

'ဘယ်ကို သွားမှာလဲ'

'ဘယ်ကို သွားမယ်ဆိုတာ မပြောအပ်တဲ့ကိစ္စ၊ ဒီလောကကြီးကနေ သွားမှာတော့ အမှန်ပဲပေါ့'

'ဟာမဟုတ်သေးပါဘူး၊ ဒီလောကကြီးမှာ အစ်မက မပျော်လို့လား'

'ပျော်စရာရောရှိလို့လား' အင်ကြွင်းပန်း သူ့စကားနှင့် သူ ငိုင်သွားသည်။

'ဟုတ်တော့ ဟုတ်ပါတယ် ဒါပေမဲ့ အစ်မမှာက အဖော်ကောင်းရှိထားပြီးပဲ'

'ခန္ဓာဝန်က လေးတယ် ငါ့သား၊ ကိုယ့်အရိုး ကိုယ်သယ်နေရတာမျိုး မင်းကကြည့်နေချင်လို့လား'

'အစ်မသွားချင်တဲ့နေရာ ကျွန်တော်ထမ်းပို့မယ် အစ်မရာ'

'တော်တော့ မင်းမဟုတ်တာ မပြောနဲ့။'

'ငါအသက် ၆၀ တုန်းကင်ဆာဖြစ်ခဲ့လို့ ရင်သား တစ်ခြမ်းလုံး လှီးဖြစ်ခဲ့ရတာ မင်းအသိပဲ။ ငါနဲ့အတူခွဲတဲ့ သူတွေခြောက်လတစ်နှစ်နဲ့ သွားတာကုန်ပြီ။ အခုငါအနှစ် နှစ်ဆယ်လုံးနေခဲ့ရတာ တော်ပြီပေါ့။'

'ငါမင်းကို နောက်တစ်ခု ပြောချင်တယ်'

'ပြောပါအစ်မ'

'မင်းက သာသနာပြုရမှာပါ။ ဒါပေမဲ့ မင်းမှာ ကလေးလေးယောက်တာဝန်ရှိသေးတယ်။ သူတို့လက်မလွှတ်ခင် သာသနာဘက်ကို လုံးလုံးလျားလျားကူးပြောင်းတာမျိုး မလုပ်ပါနဲ့ဦး။ မင်းပြောတဲ့ တစ်ဖက်မြင် တစ်ဖက်ကမ်းနဲ့ နေဦးပေါ့၊ ကလေးတွေ လက်လွှတ်သလောက်ရှိတဲ့အခါမှာတော့ မင်းသဘောပေါ့'

'ဟုတ်ကဲ့ပါ'

(၄၁)

မိခင်ကြီး ဒေါ်ခင်စိန် သည် အသက် ၈၂ နှစ်တွင် ဤလောကမှ အမှန်တကယ်ပင်ထွက်ခွာသွားခဲ့လေပြီ။ ဘယ်ကိုသွား သည်ကိုတော့သူလည်း မပြောခဲ့။ မည်သူမျှလည်း သိမည်မဟုတ်။ အသက် ၈၂နှစ်တွင် ကျန်းမာရေးလည်း ထူးထူးခြားခြား ညံ့သည်မဟုတ်။ ပုံမှန်အခြေအနေဖြစ်သည်။ အနည်းငယ် အားနည်းသည်ထင်၍ အိမ်မှာပင် ဆရာဝန်ပင့်ကာ အားဆေးတစ်လုံးထိုးခြင်း ဖြစ်သည်။ ဆေးထိုးပြီး ဆရာဝန်ပြန် သွားရုံရှိသေးသည် သူက

'နင်တို့ ဆေးမှားသွားပြီ ငါသိပ်မောလာတယ် မရတော့ဘူး'ဟုပြောသည်။ ဆေးမှားခြင်းတော့မဖြစ်နိုင် သူ၏နှလုံးက ဆေးဒဏ်ကို မခံနိုင်ခြင်း ဖြစ်ကောင်းဖြစ်မည်။ လွန်ခဲ့သောတစ်လလောက်က သူ၏နှလုံးကိုဆရာဝန်နှင့်စစ်ဆေးကြည့်ဖူးသည်။ ဆရာဝန်က အံ့သြစွာ ပြောခဲ့ဖူးသည်။

သူ့နှလုံးက အခြေအနေသိပ်ဆိုးတယ်။ လွန်ခဲ့တဲ့နှစ်နှစ်လောက်ထဲက သွားနိုင်လောက်တယ်။ ဒီနေ့အထိ ဘယ်လိုအလုပ်လုပ်နေတယ်ဆိုတာ အံ့သြစရာပဲဟူ၍ဖြစ်သည်။ ကင်ဆာဖြစ်၍ ရင်သားတစ်ခြမ်းလုံးဖြတ်ထားပြီးနောက် အနှစ်

၂၈ လောက်နေလာသူတစ်ဦး၏ နှလုံးသည်ဆရာဝန်ပြော သည့် အတိုင်း ဖြစ်နိုင်လောက်၏။ ဆေးရုံသို့ အလျင်အမြန်ပို့ ကြသည်။ ကားပေါ်တွင် မျက်စိမှိတ်ကာ ငြိမ်သက်စွာလိုက် သွားသည်။ စကားတစ်ခွန်းမျှမပြော။ ထိုနေ့က ဂျပန်ဆေးရုံ ကြီးသို့တင်ရသည်။ လူနာကို တွန်းလှည်းဖြင့် တွန်းတင်သွား နှင့်ပြီ။ ဇလပ်ဖြူက နောက်ကလိုက်သွားရသည်။ ဇလပ်ဖြူ လှေကားအတိုင်းတက်သွား၍ သူ့ကိုတင်သောအခန်းဝသို့ အရောက်တွင် ဆရာဝန်ထွက်လာလျက်

'သမီး အမေကြီးကတော့ လှည်းပေါ်ကနေ သူ့ဟာသူ ဆုင်းပြီး ခုတင်ပေါ်တက်၊ ပက်လက်အိပ်ပြီး လက်နှစ်ဖက်ရင် ဘက်ပေါ်ထပ်တင်ပြီး တရားမှတ်နေပုံရတယ်၊ မကြာဘူး ငြင် ငြင်သာသာပဲ ပါသွားတာပဲ'

ဆရာဝန်ပြောသော စကားများက ဆန်းနေသည်။ မည်သို့ ပင် ဖြစ်စေ၊ ဝေဒနာမခံစားရဘဲ သူသွားမည့်ခရီးကို အေးချမ်း ညင်သာစွာဖြင့် ထွက်ခွာသွားပြီဖြစ်သော မိခင်ကြီး၏ ဟာရားကိုတော့ အင်ကြင်းပန်းက ယုံကြည်ခဲ့ပြီး ဖြစ်၍ ကြောင့် ကြမှုမရှိသော်လည်း နှမြောတသ၍ ကျန်ခဲ့ရသည်က တော့ အမှန်ပင်ဖြစ် တော့သည်။ သူမသွားခင် အဖိုးမဖြတ်နိုင် သော အမွေများကို လည်း အင်ကြင်းပန်းကို ပေးခဲ့နိုင်သည်။ ထိုအမွေ

များကတော့ ကိုယ်ယဲတွေ့မှ ရရှိသော တရားအသိ၊ တရားအမြင်၊ တရားဓမ္မများပဲ ဖြစ်တော့သည်။ ။

## တောင်တက်လမ်း၌

# လှေခါးထစ်များ

(၄၂)

အင်ကြင်းပန်းသည် မိမိကိုယ်တိုင်လည်း တရားအား ထုတ်လျက်ရှိသလို တရားထိုင်လိုသူများကိုလည်း ကမ္မဋ္ဌာန်း တရားပြသလျက်ရှိသည်။ မိမိတရားထိုင်ခဲ့သော ကမ္မဋ္ဌာန်း ကျောင်းတွင်လည်း ဂေါပကဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ သာသနာ့ ဝေယျာဝစ္စများကို တစ်ဖက်မှဆောင်ရွက်လျက် ရှိသည်။ သူက ဥက္ကဋ္ဌမိန့်ခွန်းအဖြစ် ဂေါပကအဖွဲ့ဝင်များကို ပြောဖူးသည်။

'ကျုပ်တို့ ဂေါပကလုပ်တယ်ဆိုတာ ကိုယ့်အတွက်မပါ ဘူး၊ သာသနာ့အကျိုး အများအကျိုးလုပ်ကြရတာ။ အမြတ် မရှိပေမယ့် အရှုံးတော့မထွက်ကြစေနဲ့။ ပြောချင်တာကတော့ ဘုရားကိစ္စ၊ တရားကိစ္စ၊ လုပ်ကြတာ အကုသိုလ်မဖြစ်ကြစေ နဲ့။ ညှိညှိ နှိုင်းနှိုင်း ညီညီ ညွတ်ညွတ် လုပ်ကြရလိမ့်မယ်။

တစ်ဦးနဲ့တစ်ဦး ကာယကံ၊ ဝစီကံ၊ ဆိုတဲ့ အကုသိုလ်တွေ မငြိကြစေနဲ့။ အဘသစ်ကပြောဖူးတယ်။ မင်းတို့ ဂေါပကလုပ်တဲ့လူတွေ အဂတိတရားလေးပါးကင်းပါစေတဲ့။ ပထမဆုံးက ဆန္ဒာဂတိ၊ ဆန္ဒာဂတိဆိုတာ သူ့လူမို့၊ ငါ့လူမို့၊ ဘယ်သူနဲ့ ပတ်သက်လို့ဆိုတဲ့ မျက်နှာကြီးငယ်လိုက်ပြီး ဆန္ဒကိုရှေ့တန်းတင်ပြီး မညီမညွတ်ဆုံးဖြတ်ဆောင်ရွက်မှုမျိုး ကင်းပါစေတဲ့။ ဒုတိယက ဘယာဂတိဖြစ်တယ်။ ဘယာဂတိဆိုတာ တစ်စုံတစ်ယောက်ကိုဖြစ်စေ၊ ကြောက်လို့ ဟုတ်ဟုတ်–မဟုတ်ဟုတ် လုပ်တာမျိုးပြောတာ။ တတိယဒေါသဂတိ။ ဒေါသဂတိဆိုတာ တစ်စုံတစ်ယောက်ဟာ ငါနဲ့ဘာဖြစ်ဖူးလို့ ငါ့ကို ဘယ်လိုပြောဖူးလို့ဆိုတဲ့ အငြိုးအတေးထားပြီး ဆုံးဖြတ်ကာမျိုးမရှိစေနဲ့တဲ့ နောက်ဆုံးကတော့ မောဟာဂတိ ဖြစ်တယ်။ မောဟာဂတိ ကတော့ အမှားအမှန်ကို ဝေဖန်စိစစ်ခြင်း မပြုနိုင်ဘဲတွေ ဝေသောစိတ်နဲ့ ဆုံးဖြတ်ဆောင်ရွက်ခြင်း ကင်းပါစေတဲ့။

'ကျုပ်တို့ ဂေါပကဆိုတဲ့ တရားအသင်းတစ်ခုဟာ အဲဒီ အဂတိလေးပါး ကင်းဖို့လိုတယ်လို့ အဘသစ်က တဖွဖွမှာခဲ့တယ်။ အဲဒီဂတိတရားလေးပါးမကင်းရင် မမှန်မကန်လုပ်တဲ့ အတွက် တရားအသင်းမဟုတ်ဘဲ မတရားအသင်းဖြစ်တတ်

တယ်တဲ့။ အပြစ်ကြီးတယ်လို့ ပြောတယ်။ အဲဒါကျုပ်တို့ဂေါပ ကလုပ်တဲ့လူတွေ သတိပြုကြရလိမ့်မယ်'။

(၄၃)

အင်ကြင်းပန်းသည် သူ၏ဌာနတွင်လည်း ကမ္မဋ္ဌာန်းပြ သည်။ တစ်နေ့တွင် ဘွဲ့ရလူငယ်တစ်ဦး သူနှင့်တရားလာ၍ ဆွေးနွေးသည်။

'ကျွန်တော် သိချင်တာလေးတွေ မေးပါရစေဆရာ' လူငယ် က ပြောလာသည်။

'အေး မေးတာပေါ့ကွာ၊ ငါသိတာလဲ ရှင်းပြရမှာပေါ့။ မသိ တာကျတော့လဲ မသိတဲ့ အလျောက်ပေါ့'

'ဟုတ်ကဲ့ ဒီလိုပါဆရာ၊ ဆရာပေးနေတဲ့ ကမ္မဋ္ဌာန်းကို ဗုဒ္ဓါ နုဿတိကမ္မဋ္ဌာန်းလို့ သိရပါတယ်။ ဗုဒ္ဓါနုဿတိ အပ္ပနာနတ္ထိ လို့ ကျွန်တော်ဖတ်ဘူးပါတယ်။ အဲဒါ ဘယ်လိုပါလဲခင်ဗျာ'

'ငါတို့ပေးတဲ့ ကမ္မဋ္ဌာန်းက ဗုဒ္ဓါနုဿတိပါလို့ အဖျားဆွတ် ပြောလို့တော့ မရဘူးကွဲ့။ ဘုရားရဲ့ ဂုဏ်တော်တွေကို ရွတ် ဖတ်ပွားများနေရင်လဲ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းမည်တာပဲ၊ ဒါပေမဲ့အဲဒီလိုပွားရုံသက်သက်နဲ့တော့ အပ္ပနာသမာဓိအထိ မဖြစ်နိုင်ဘူးလို့ဆိုတာပါ။ ငါတို့ကမ္မဋ္ဌာန်းကတော့ ဗုဒ္ဓါနုဿ

တိဆိုတဲ့ ဘုရားအာရုံပြုမှုပါ။ ဒါပေမဲ့ ပင်မကမ္မဋ္ဌာန်း က အာနာ ပါန ဖြစ်တယ်၊ မဟာသတိပဋ္ဌာနသုတ်မှ ကာယနု ပဿနာသတိပဋ္ဌာန်အနေနဲ့ အာနာပနကို ပြဋ္ဌာန်းထားတော် မူခဲ့ပါတယ်။ အာနာပါနဆိုတာ ထွက်လေ၊ ဝင်လေကို သတိလွတ်မသွားအောင် မှတ်ရတာဖြစ်လို့ ဝါယောကာယဖြစ် တယ်။ အာနပါန ကမ္မဋ္ဌာန်းမှာ အချို့ကဝင်လေသိ၊ ထွက်လေ သိနဲ့မှတ်တယ်။ တချို့က ဂဏနာနည်းအဖြစ် ဝင်လေတစ်၊ ထွက်လေ နှစ်ဆို ပြီးမှတ်ကြတယ်။ တို့ကတော့ ဝင်လေ ဗုဒ္ဓါ၊ ထွက်လေ နုဿတိနဲ့ဝင်လေ ထွက်လေကို ဘုရားအာရုံနဲ့ယှဉ် ခြင်း ဖြစ်တယ်'

'ဒါဆိုဆရာ့ ကမ္မဋ္ဌာန်းက အာနာပါနပဲ ပြောရမှာပေါ့'

'မှန်တယ်'

'အာနပါနကို ဗုဒ္ဓါနုဿတိအာရုံနဲ့ယှဉ်တာ ဘယ်လိုထူးခြား မှုကြောင့်ပါလဲခင်ဗျာ'

'တရားထိုင်တယ်ဆိုတာ လူထိုင်တာထက် စိတ်ကိုထိုင် အောင်လုပ်တာပဲ မဟုတ်လား၊ တစ်နည်းပြောရရင် လိပ်ပြာလို ယောက်ယက်ခတ်အောင်ပြေးလွှားလှုပ်ရှားနေတဲ့ စိတ်ကို ဖမ်းရတာပဲလေ။ စိတ်ကိုလဲစိတ်ဆင်ရိုင်းလို့ဆိုတယ် မဟုတ်လား။ ဆင်ကိုဖမ်းရာမှာ သာမန်ကြိုးနဲ့ဖမ်းလို့ရမလား။

ဆင်နဲ့တန်တဲ့ကြိုးနဲ့ ဖမ်းရမှာပေါ့။ ဒီတော့ ဆင်ထက်ရိုင်းတဲ့ စိတ်ကို ဖမ်းရာမှာလဲ သာမညကြိုးနဲ့ဖမ်းရင် ပရမ်းပတာ ဖြစ်တတ်တယ်။ အဖမ်းရခက်တယ်။ အန္တရာယ်များတယ်။ စိတ်မှာရှိတဲ့ စရိုက်တွေ၊ ဥပါဒါန်တွေရဲ့ တန်ပြန်မှု တွေဖြစ် တတ်တယ်။ စိတ်ကိုအနိုင်ဆုံးဟာ သရဏဂုံကြိုးပဲဖြစ် တယ်။ ဓဇဂ္ဂသုတ်မှာလဲ 'ဧဝံ ဗုဒ္ဓံ သရံ တာနံ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ ဘယံဝါဆံမ္ဘိ တတ္တံဝါ လောမဟံသော နဟေဿတိ'လို့ မြတ်စွာဘုရားအတိအလင်း မိန့်ဆိုတော်မူခဲ့တယ်။ ကမ္မဋ္ဌာန်း တရားအားထုတ်ရာမှာ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ် ကို စွဲမြဲနိစ္စအာရုံပြုခြင်းဖြင့် ကြောက်ခြင်း၊ လန့်ခြင်း ကိုယ်ခက် တရော်ဖြစ်ခြင်း မရှိနိုင်ဘူး။ ကိလေသာရန်သူကို လက်မြှောက် အရှုံးပေးရခြင်းမရှိနိုင်ဘူးလို့ အဓိပ္ပာယ်ရတယ်။ တို့အာကာသ ထဲကို ဒုံးယာဉ်လွှတ်တင်တဲ့အခါ ဒုံးယာဉ်ရဲ့ထိပ်ဖူးမှာ လေထု ရဲ့ ပွတ်အားကြောင့် ဖြစ်ပေါ်လာမဲ့ အပူဒဏ်ကိုခံနိုင်တဲ့ သတ္တု တစ်မျိုးကို တပ်ရသလိုပဲပေါ့။ ကိလေသာတောကို ထိုးဖောက် ရတဲ့စိတ်မှာလဲ ကိလေသာတောရဲ့ တုံ့ပြန်မှုတွေကို ခံနိုင်စွမ်းရှိ အောင် ဗုဒ္ဓအာရုံနဲ့ သဒ္ဓါစိတ်ကို ထိပ်မှာတင်ပြီး လွှတ်တင်တဲ့ သဘောပဲ။ ပိုပြီး သမာဓိဖြစ်လွယ်တယ်ပေါ့'

ကျွန်တော် သဘောပေါက်ပါပြီ။ ဒါနဲ့ဆရာရယ် သတိပဋ္ဌာန်က လေးပါးရှိတယ်ဆိုတာ အာနာပါနကမ္မဋ္ဌာန်းတစ်ခုနဲ့ ပုံပေါက်ပါ့မလား၊ ကျန်တဲ့ သတိပဋ္ဌာန်ရော မလုပ်ဘူးလား'

အာနာပါနသုတ်မှာ –

အာနာပါနဿတိ၊ ဘိက္ခဝေ ဘာဝိတာ၊ ဗဟုလီကထာ၊ စတ္တာရော သတိပဋ္ဌာနံ ပရိပူရံတိ'လို့ ဟောဆိုထားတယ်။

ချစ်သားတို့တဲ့ အာနာပါန ကမ္မဋ္ဌာန်းကို နေ့ရက်များစွာ ကြိမ်ဖန်များစွာ အားထုတ်ခြင်းဖြင့် သတိပဋ္ဌာန်လေးပါးစလုံး ပြီးပြည့်စုံနိုင်၏လို့ အဓိပ္ပာယ်ရပါတယ်။ ငါးပွက်ရာငါးစာချသလို အကုန်လိုက်မလုပ်စေတော့ဘဲ အာနာပါနကမ္မဋ္ဌာန်း တစ်ခုတည်းနဲ့ ဧကောဓမ္မောဖြစ်အောင် အားထုတ်စေခြင်းဖြစ်တယ်။ သတိပဋ္ဌာန်လေးပါးစလုံး အလိုလိုပြီးပြည့်စုံလာတာနဲ့ ဗောဇ္ဈင်ခုနစ်ပါးလည်း ပြည့်စုံလာတာနဲ့ ဝိဇ္ဇာဝိမုတ္တိဆိုတဲ့ မဂ်လေးတန်၊ ဖိုလ်လေးတန်ပြည့်စုံပြီးမြောက်လာနိုင်တယ်လို့ အတိအလင်းဟောဆိုထားပါတယ်။

'ဟုတ်ကဲ့ ခင်ဗျာ။ အဲဒီလို တရားထိုင်တဲ့အခါ သမာဓိဖြစ်၊ မဖြစ်သမာဓိ ဘယ်အဆင့်ရောက်ပြီဆိုတာတွေ ဘယ်လိုဆုံးဖြတ်မလဲဆရာ'

'အင်း မင်းက ဆရာဖြစ်အထိ တစ်ခါတည်းယူတော့မလို့

ထင်တယ်။ ဒါတွေက မင်းတကယ်ထိုင်တော့မှ ငါရှင်းရတာ ပိုကောင်းမယ်'

'မဟုတ်ပါဘူးဆရာ၊ ကျွန်တော်တကယ်သိချင်လို့ပါ'

'ဆရာပြောလို့ရရင် သဘောလောက်ဖြစ်ဖြစ်ပြောပြဖို့ပါ။'

'အေး–အေး မင်းကို ငါသဘောတရားလောက်ကို ဥပမာနဲ့ ရှင်းမယ်။ အတိအကျ အသေးစိတ်တွေပြောရင် အစွဲအလမ်းတွေဖြစ်ပြီး တကယ်တရားထိုင်တဲ့အခါ အနှောင့်အယှက်၊ အဟန့်အတားတွေဖြစ်တတ်လို့၊ ဒီလိုကွဲ့. တို့လမ်းစဉ်က သုက္ခဝိပဿကလမ်းစဉ်လို့ဆိုတဲ့ ဈာန်ခြောက်လမ်းစဉ် မဟုတ်ဘူးကွဲ့။ စေတောဝိမုတ်လို့ခေါ်တဲ့ ဈာန်အဘိညာဏ်လမ်းစဉ်ဖြစ်တယ်။ ဒါတွေကိုထားပေါ့ကွယ်။ သမာဓိဖြစ်မဖြစ်၊ စိတ္တဝိသုဒ္ဓိ စိတ်စင်ကြယ်မှုကိုဖြစ်မဖြစ်.ဘယ်လိုတိုင်းမလဲ။ ဒါပဲမဟုတ်လား'

'ဟုတ်ကဲ့ပါ'

'မင်း ဆန်ဆေးတဲ့အခါ ဆန်ဖြူမဖြူ ဘယ်လိုဆုံးဖြတ်သလဲ'

လူငယ်က စဉ်းစားနေသည်။

'ငါပြောမယ် ဆန်ဖြူ မဖြူကို ဆန်ကိုကြည့်ဖို့လိုသလား။ ရေကိုပဲကြည့်တာပဲ မဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျ'

'အေး ဆန်ဆေးတဲ့အခါ ပထမ ရေနောက်တွေ ထွက်လာမယ်'

'ရေနောက်တွေကြည့်ပြီးဆန်မဖြူသေးဘူးဆိုတာ ဆုံးဖြတ်လို့မရဘူးလား။'

'ရပါတယ်'

'တဖြည်းဖြည်း ရေဟာကြည်သထက်ကြည်လာမယ်။ နောက်ဆုံးရေကြည်ပြီဆိုတော့ ဆန်လဲဖြူပြီပေါ့။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ် ဆရာ'

'အေး နောက်တစ်ခုပြောဦးမယ်။ မင်း အဝီစိတွင်းတူးတဲ့အခါ ပထမအမှိုက်သရိုက်တွေထွက်မယ်။ နောက် အုတ်ခဲကြိုးတွေ၊ ကျောက်တုံးကျောက်ခဲတွေထွက်တယ်။ ဆက်တူးရင် မြေမာတွေကနေ ရွှံ့ပုပ်တွေ၊ ရွှံ့ပျော့တွေထွက်လာမယ်။ နောက်ဆုံး သဲကြမ်းတွေ့ပြီဆိုတဲ့အခါ မင်းဘာဆုံးဖြတ်လို့ရလဲ'

'ရေနီးပြီဆိုတာ ပြောလို့ရပါတယ်'

'အေး ဟုတ်တယ်၊ ဆက်တူးရင် ဘာဖြစ်မလဲ'

'ရေတွေ့မယ်'

'မှန်တယ်၊ ဒါပေမဲ့ ငါပြောလိုက်မယ် တစ်ခါတစ်ရံ ကျောက်ဖျာကြီးခံနေတတ်တယ်ဗျ'

'ဟုတ်လား ဆရာ၊ တရားမှာလဲဒီလို ဖြစ်တတ်သလား'

'တချို့ဖြစ်တတ်တယ်။ မဖြစ်တာလဲရှိတယ်'

'အဲဒီလို တွေ့ရင်ဘယ်လိုလုပ်မလဲဆရာ'

'ဟော မင်းကအသေးစိတ် လုပ်လာပြန်ပြီ၊ ငါဥပမာပဲပေးမယ်လို့ပြောထားပြီပဲ။ အခုလဲ ဥပမာပဲ ထပ်ပေးလိုက်မယ်။ ကျောက်ဖျာကို နိုင်တဲ့ လွန်နဲ့ထိုးဖောက်ရတာပေါ့။ ဆရာလုပ်တဲ့လူရဲ့ ကျွမ်းကျင်မှုလိုတယ်'

'စိတ်ဝင်စားစရာပဲ။ ကျွန်တော်သိပ်သိချင်တယ်'

'အခုမသိချင်နဲ့ဦး။ မင်း တကယ်ထိုင်တော့ တကယ်သိလာလိမ့်မယ်'

'ကျွန်တော်ထိုင်မယ်ဆရာ။ ဘယ်နှရက် ထိုင်ရင်ဖြစ်မလဲဆရာ'

'၄၉ရက်'

'ဗျာ'

'အေး အဲဒါလောက်ထိုင်မှ လိပ်ပတ်လည်မယ်။ ခုနစ်ရက်လောက် ဆယ်ရက်လောက်နဲ့ကတော့ မင်းရှုံ့ပုပ်လောက်တွေ့ပြီး ပြန်ရမှာပဲ'

'အေး လာခဲ့ လာခဲ့။ တရားကြိုးစားတယ်ဆိုတာ တို့ရဲ့ စိတ်ကလေးကို တောင်တက်ခိုင်းတာပဲကွဲ့။ တောင်တက်တဲ့ အခါမှာ လျှိုတွေ၊ မြောင်တွေ၊ ချောက်တွေ၊ ကမ်းပါးတွေလဲ တွေ့ရမယ်။ ခြေချော်တတ်တယ်။ လမ်းလွဲလမ်းမှားတတ်တယ်။ ဒါကြောင့်လမ်းညွှန်ဆရာလိုတယ်။ ဆက်တက်တဲ့ အခါမှာ လှေကားထစ်တွေ အဆင့်ဆင့်ရှိတယ်။ မဂ်တက်စဉ် ခေါ်တာပေါ့။ အဲဒါတောင်လမ်းရဲ့ လှေကားထစ်တွေပေါ့ ကွယ်။ လှေကားထစ်တွေသာဆိုတယ် လမ်းမြောင်တွေ၊ လမ်းသွယ်တွေ၊ လမ်းခွဲတွေက ရှိနေတယ်။ ဝင်္ကပါလိုပဲ အတက် လမ်းကနေ အဆင်းလမ်းလဲ ဖြစ်သွားတတ်တယ်။ ဒါကြောင့် လမ်းညွှန်လမ်းပြပါမှ စိတ်ချရတယ်။ မြန်မြန်ရောက်တယ်။ ဒါကြောင့် ဆရာမရှိ သမုတိလို့ဆိုထားတယ်။ ဒီတော့ တို့တိုက် တွန်းချင်တာက နေအထွက်မှာ တောင်တက်လမ်းကိုလိုက် ကြပါ။ နေအထွက်မှာဆိုတာ သာသနာကြီးနဲ့ ကြုံတုန်းမှာလို့ ဆိုလိုခြင်းဖြစ်တယ်။

'ကဲ ကဲ မင်းလဲဆန္ဒဝတော ကိန်နာမ ကမ္မံ နသိဇ္ဈတိတဲ့ တကယ်ဆန္ဒပြင်းပြရင်ဖြစ်လာရမှာပေါ့ကွာ'

'ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော်ကြိုးစားပါမယ်။ ကျွန်တော် ကိုခွင့်ပြုပါဦး'။

ဖုန်ဟိုင်းကျသော

# ည

(၄၄)

အင်ကြင်းပန်းသည် လေဆန်နာရှိခဲ့သည့်အလျောက် အသက်အရွယ်ရလာသည့်အခါ လေနာရောဂါပြန် ဖြစ်လာသည်။ မနေမနား ခရီးများသွားလျက် အစားပျက် အအိပ်ပျက် လည်းများသဖြင့် အစာအိမ်ရောဂါကလည်း ဆိုးလာသည်။ ထို့ကြောင့် ခရီးများပင် သိပ်မသွားနိုင်တော့၊ ဌာနကလည်း သူ၏ ကျန်းမာရေးကိုငဲ့လျက် ခရီးသိပ်မလွှတ်ဘဲ ဌာနတွင်သာ လုပ်ငန်းများဆောင်ရွက်ခွင့်ပေးထား၏။ တရားကတော့ အထိုင်မပျက်။ ကမ္မဋ္ဌာန်းဌာန၏ ဝေယျာဝစ္စများကိုလည်း တာဝန်ဆောင်ရွက်ဆဲ။

တစ်ညမှာတော့ အင်ကြင်းပန်း အိပ်မက်ထူးတစ်ခုကို မြင်မက်ခဲ့သည်။ ထိုအိပ်မက်၏သဘောက သာသနာဘက်သို့ လုံးလုံးကူးပြောင်းရန် အချိန်ရောက်ပြီဟူသော အဓိပ္ပာယ် ကပေါ်လွင်ထင်ရှားနေ၏။ အမှန်က သူ၏ တရားသမာဓိအစွမ်းဖြင့်ရခဲ့သော အဘိညာဉ်ပင် ဖြစ်ပေလိမ့်မည်။ သူ၏ သား

သမီးများကလည်း အရွယ်ရောက်ခဲ့ကြပြီ။ အကြီး နှစ်ယောက်က အလုပ်ဝင်ခဲ့ပြီဖြစ်ပြီး အငယ်နှစ်ယောက်ကတော့ ဆယ်တန်းဖြေဆဲ။ လက်မလွှတ်တလွှတ်ဟု ဆိုလျှင်လည်းရ၏။ သားသမီး လေးဦးစလုံးကိုတော့ ၄၉ ရက်တရား အဓိဋ္ဌာန်များဝင်ခိုင်းပြီးဖြစ်လျက် ဇနီး၊ ဇလပ်ဖြူကတော့ ၄၉ရက်နှစ်ကြိမ်ပင် တရားဝင်ခဲ့ပြီလေပြီ၊ အင်ကြင်းပန်း အိပ်မက်ရခဲ့သော်လည်း ပင်စင်ကလည်းလိုသေးသဖြင့် အမှုမဲ့နေ လာခဲ့၏။

(၄၅)

ထိုသို့နေလာခဲ့ရာ တစ်လလောက်အကြာမှာတော့ အင်ကြင်းပန်း၏ မိသားစုတွင် မုန်တိုင်းကျသော ညတစ်ညက ရောက်လာခဲ့လေပြီ။ မိုးသက်မုန်တိုင်းမဟုတ်၊ ကြမ္မာမုန်တိုင်းပင်ဖြစ်သည်။ လူတိုင်းကြုံလာရသည့် မုန်တိုင်းပင်ဖြစ်သော်လည်း အင်ကြင်းပန်းတို့အတွက်က အချိန်စောနေသည် ဟုဆိုရမည်။

ထိုနေ့က ဇလပ်ဖြူကျောင်းတက်သည်။ ကျောင်းကပြန်လာလျှင် ရေချိုးသည်။ ညဦးပိုင်းတွင် မိသားစုစကားထိုင်ပြောကြသည်။ ဇလပ်ဖြူ စပါးလုံးရွေးရင်း စကားပြောသည်။ မည်သည့်ရောဂါဝေဒနာမျှလည်း ရှိသည့်ပုံသဏ္ဍာန်မပြ။

ဆယ်နာရီလောက်တွင် အိပ်ကြသည်။ ဇလပ်ဖြူနှင့် သားအငယ်က အခန်းထဲတွင် အိပ်လျက် အင်ကြင်းပန်းက ဘုရားခန်းတွင် အိပ်သည်။ ည ၂ ချက်ကျော်လောက်တွင် ဇလပ်ဖြူထလာလျက် အင်ကြင်းပန်းအား သူခေါင်းသိပ်ကိုက်သည်။ မခံနိုင်အောင်ကိုက်သည်ဟုပြောသည်။ အင်ကြင်းပန်းက ဘာဖြစ်မှန်းမသိ၍ နှိပ်မပေးရဲ။ ဇက်ကြောများကို ခပ်သာသာဆုပ်ကိုင်ပေးသည်။

ခဏအကြာတွင် အိမ်သာ တက်ချင်သည်ပြောလျက် ဇလပ်ဖြူမီးဖိုချောင်ဘက်သို့သွားသည်။ အသွားမှာပင် ဒယိမ်းဒယိုင်ဖြစ်နေသည်။ အိမ်သာမှ ပြန်ထွက်လာပြီး ခန်းမသို့အဝင်တွင် ဇလပ်ဖြူထိုး၍လဲကျသွားသည်။ မိဖြူ မိဖြူဟုခေါ်ရာ ရှင်ဟု တစ်ခွန်းသာထူးနိုင်ပြီး သတိလစ်သွားတော့သည်။ ဆေးရုံသို့ အမြန်တင်သည်။ ဆရာဝန်များက စစ်ဆေးကြည့်ရာ ဦးခေါင်းသွေးကြောသွေးစိမ့်သည်ဟုပြောသည်။ သတိကတော့မရ။ နောက်နေ့တွင် ကျောရိုးဖောက်၍စမ်းသပ်သည်။ ဆရာဝန်က မျက်နှာမကောင်းစွာနှင့် ခေါင်းခါသည်။ ကျောရိုးသို့ သွေးရောက်ပြီဟုဆိုသည်။ အပူတပြင်းပြုစုဆောင် ရွက်ကြပါသည်။ သို့သော်လည်း မရတော့။ သုံးရက်မြောက် နေ့တွင် ဇလပ်ဖြူ အင်ကြင်းပန်းနှင့် သားသမီးများကိုလည်းကောင်း၊ လောကကြီးကိုလည်းကောင်း စွန့်ခွာ၍သွားခဲ့ပြီ။

(၄၆)

ထိုညကကျသော မှန်တိုင်းနှင့်အတူဇလပ်ဖြူ ပါခဲ့လေပြီ။ ကလေးများကတော့ ဟစ်ကြွေး၍ ငိုကြသည်။ အင်ကြင်းပန်းက မျက်ရည်မကျပါ။ သို့သော် ငိုမငိုကိုတော့ သူမှပဲသိမည်။ ဇလပ်ဖြူသည် ပင်ကိုစိတ်ကောင်းရှိသည့်အပြင် သူအားထုတ်ခဲ့ရသော တရားများကိုသိနေ၍ သူ၏အနာဂတ် ခရီးအတွက် အင်ကြင်းပန်းမကြောင့်ကြပါ။ ကျန်ခဲ့သူများအဖို့ကတော့ ပူဆွေးသောက နှမြောတသကြရသည်ကတော့ လောကဓမ္မတာ။

နှစ်ရက်လောက်အကြာတွင် သမီးအကြီးက အိပ်မက်မြင်မက်သည်ဟုပြောသည်။ သူ၏အိပ်မက်တွင် သူ့အမေဇလပ်ဖြူရောက်လာပြီး သူ့ကိုပြောပြသည်။ ငါ့ကို တောင်ပုလုဆရာတော်ကြီး ကြွလာပြီး ခေါ်သွားတယ်။ စိမ်းစိမ်း ညို့ညို့ အုန်းပင်တန်းများထဲ ဖြတ်လျှောက်သွားရာ ကောင်းကင်မှ မဟာဒ္ဒိဆိုသောအသံများ ကြားနေရတယ်' ဟူ၍ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဇလပ်ဖြူအတွက် ကောင်းသော သွားခြင်းဖြစ်သည်ဟူ သော ယုံကြည်မှုဖြင့် သားသမီးများ သူတို့၏ သောကကို ဖြေသိမ့်ခွင့်ရကြသည်။ ထိုအကြောင်း နှင့်ပတ်သက်၍ အင်ကြင်းပန်းကတော့ ဘာမျှမပြော မည်သို့မျှ ဝေဖန်

ဖွင့်ဟခြင်းမပြု။ အသက်ရှိစဉ်က လုပ်သင့်လုပ် ထိုက် သည့် အလုပ်ကို သူလုပ်ပေးခဲ့ပြီး ပြီမဟုတ်ပါလော။

(၄၇)

လူတစ်ယောက်အသက်ငယ်ငယ်နှင့် ဖြုန်းစားကြီးသေလျှင် ဗေဒင်ဆရာ၊ နတ်ဆရာ၊ အကြားအမြင်ဆရာကတော့ သိုက်ကခေါ်သည်ဟု ပြောတတ်သော အလေ့အကျင့်ကတော့ ဗုဒ္ဓဝါဒီဆိုသူများ၌ပင် ရှိနေလေသည်။ မြန်မြန်သေသည်။ နာတာရှည်နှင့် နေးနေးသေသည်တို့မှာ ရောဂါဝေဒနာပေါ်မှာ တည်သည်ဟူသောအသိများ ကင်းပျောက်လျက် အယူသီးမှု အစွဲကြီးများသည် သာသနာသက်တမ်းကြာမြင့်လာသည်နှင့် အမျှ ပို၍ကြီးထွားလာမှာပါလားဟူ၍ အင်္ဂကြင်းပန်း စဉ်းစားမိလေသည်။ ဗုဒ္ဓဝါဒအရ ဝိညာဉ်ကိုသော်လည်းကောင်း၊ လိပ်ပြာကိုသော်လည်းကောင်း လက်မခံ၊ ဗုဒ္ဓဝါဒသည် လောက်လန်းသဖွယ်ဝိညာဉ်တွယ်ဟူသော ဝါဒမဟုတ်။ လူသေလျှင် ရုပ်လည်းမကျန်။ မီးရှို့လိုက်၍ ပြာဖြစ်သွားပြီ။ ဝိညာဉ် သို့မဟုတ်လိပ်ပြာလည်းမကျန်။ သို့ဖြစ်လျှင် ဘာကျန် သနည်း။ ဟိတ်ပဲကျန်သည်။ ဘာဟိတ်လဲဆိုလျှင် ကုသိုလ်ဟိတ်၊ အကုသိုလ်ဟိတ်ပဲ ဖြစ်ချေသည်။ ဒါကိုတော့ အင်္ဂကြင်းပန်း အကြွင်းမဲ့နားလည် လက်ခံထားသည်။

အင်ကြင်းပန်းကတော့ ဘာမျှပြန်မပြော။ အငြင်းလည်း မပွားလိုတော့။ ဇလပ်ဖြူ အသက်ရှိစဉ်က လုပ်ခဲ့သော အလုပ်ကို သူသာအသိဆုံးဖြစ်သည်။ ထို့ကြောင့် ဘယ်သူက ဘာပဲပြောစေ အင်ကြင်းပန်းကတော့ ပြုံး၍သာနေသည်။

အင်ကြင်းပန်းတို့ မိသားစုအပေါ်ကျရောက်ခဲ့သော မုန်တိုင်းကတော့ စဲခဲ့ပါပြီ။ သို့သော်လည်း ထိုမုန်တိုင်းသည် အင်ကြင်းပန်းအတွက် သတိပေးခေါင်းလောင်းသံဆိုသည်ကိုတော့ အင်ကြင်းပန်းတစ်ယောက်တည်းသာသိလေသည်။ တစ်ချိန်တည်းမှာပင် အင်ကြင်းပန်းကို တုန်လှုပ်စေခဲ့သော လေနီကြမ်းကြီးတစ်ခုဖြတ်တိုက်သွားသည်ကိုတော့ မည်သူမျှ သတိ မပြုမိလိုက်ကြ၊ ဇလပ်ဖြူကွယ်လွန်ပြီး မရှေးမနှောင်းမှာပင် သူ၏အချစ်ဆုံးသူငယ်ချင်း တင်ဦးတစ်ယောက် အရက်သောက်ရင်း သွေးအန်ပြီး ဓာတ်သိမ်းသွားပြီဆိုသောသတင်း။

'ငါအရက်ကို မဖြတ်နိုင်တော့ဘူးဆိုရင်လဲ မင်းငါ့ကို ဖြတ်နေရတော့မှာမဟုတ်ဘူး' ဟူ၍ တင်ဦးပြောခဲ့သောစကား၏ အဓိပ္ပာယ်ကို အင်ကြင်းပန်းအပြည့်အဝနားလည်လိုက်ရပါပြီ။ အရက်၏ ကျွန်အဖြစ်တန်ဖိုးမဲ့စွာ ပျက်ကြွေသွားသော သူ့သူငယ်ချင်းအတွက် သူ့နှလုံးသားမှာ ဒဏ်ရာအသစ် တစ်ခုရခဲ့သည်သာဖြစ်လေသည်။

# အရှေ့သို့
# ရွှက်လွှင့်ခြင်း

(၄၈)

ဇလပ်ဖြူကွယ်လွန်ပြီး၍ သုံးလလောက်အကြာမှာတော့ အင်ကြင်းပန်း၏မိတ်ဆွေ သင်္ဂဟအသိုင်းအဝိုင်းများကြားမှာ ထူးထူးခြားခြား သတင်းတစ်ရပ်ထွက်ပေါ်လာသည်။ 'အင်ကြင်းပန်းတစ်ယောက် ပင်စင်လည်းမတင် အလုပ်မှအပြီး အပိုင်ထွက်လျက် သူ့အိမ်နှင့်သားသမီးများကို သူ၏အစ်မကြီး နှင့်လွှဲထားခဲ့ကာ ရဟန်းဝတ်သွားပြီ'ဟူ၏။

အင်ကြင်းပန်းအကြောင်း မိတ်ဆွေများဆက်၍ စုံစမ်းကြရာအင်ကြင်းပန်း ရဟန်းဝတ်ပြီး 'ရှင်ဣန္ဒာစာရ'ဟူသော ဘွဲ့အမည်ဖြင့် လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာမှ ပဲခူးရိုးမတောင်ခြေဆီသို့ ခုနစ်မိုင်လမ်းလျှောက်ဝင်ရသော ခွေးနက်မအင်းတွင် ဝါးကျောင်းကလေးနှင့် တောရဆောက်တည်နေသည်ဟူသော သတင်းကိုရကြလေသည်။ တစ်နေ့တွင် အင်ကြင်းပန်း၏ တပည့်သာဝကများနှင့် မိတ်ဆွေရောင်းရင်းများ အစီအစဉ်ဆွဲလျက် ခွေးနက်မအင်းဆီသို့တောလမ်းခရီး အတိုင်း လိုက်ခဲ့ကြလေသည်။ ကျွန်းကလေးရွာမှ ခုနစ်မိုင်

လမ်းလျှောက်ကြရသည်။ ခွေးနက်မအင်း နယ်မြေသို့ရောက်ခဲ့ကြပြီ။ လူသွားလမ်းလေးမှာ အတွင်းဘက် နှစ်ဖာလုံးခန့်တွင် တဲကလေးတစ်လုံးကို လှမ်း၍မြင်ရသည်။ သူတို့တောတိုး၍ တဲကလေးဆီသို့သွားကြသည်။ တဲကလေးထဲတွင် ဘာမျှမရှိ၊ အင်ကြင်းပန်းခေါ် ရှင်ဣန္ဒာစာရဟူသည့် ရဟန်းလည်းမရှိ၊ ထိုအချိန်တွင် အနီးအနားရွာမှ ဒကာနှစ်ဦးကို သူတို့ကမေးသည်။

'ဒီက ဦးပဥ္စင်းကြီးရော'

'မသိဘူးခင်ဗျ ကျွန်တော်တို့လဲ ဦးပဥ္စင်းကြီးဆီလာတာ မနေ့ကတော့ တွေ့သေးတယ်'

သူတို့အဖွဲ့ ဟိုကြည့်ဒီကြည့် ရှာကြည့်ကြသည်။ ဦးပဥ္စင်းတရားထိုင်သော ဘုရားခန်း၏အပြင်နံရံတွင် မီးသွေးဖြင့်ရေးထားသော ကဗျာတိုကလေးတစ်ပုဒ်ကိုသာ ဖတ်ကြရသည်။

လရောင်က မှုန်ရေးရေး

ဝေးလံသော ခရီး

ငါတစ်ယောက်တည်း ထားခဲ့ပါ။

သူတို့ ကဗျာလေးကို ဝိုင်းဖတ်ကြသည်။ သူတို့အထဲမှ အင်ကြင်းပန်း၏ ရောင်းရင်း ပေါ်မောက္ခဦးသန်းထွတ်က

ခေါင်းခါရမ်းလိုက်ပြီး ဒီဘုန်းကြီးမလွယ်ပါးလားဟုညည်းလိုက်ရင်း

ဒီခရီးကိုငါဒီအတိုင်းတော့ မပြန်နိုင်ဘူး လှည်းငှားပြီးသာငါ့ကို ပြန်ပို့ကြပါတော့ကွယ် 'ဟုပြောလိုက်ရာ အားလုံးဝိုင်းရယ်ကြ လေတော့သည်။

'ဆရာကြီးကလဲ ဦးပဥ္စင်းကြီးဆိုဒီခရီး အသွားအပြန်အမြဲလျှောက်နေတာ' ရွာသားတစ်ဦးက ဝင်ပြောရာ

'ဟဲ့ဟဲ့ သူနဲ့တော့ သွားမလုပ်နဲ့ လူဝတ်နဲ့တုန်းကထဲကသူ့ကိုတော့ငါကြောက်တယ်၊ ပြောရဦးမယ်၊ ကမ္ဘမှာ သင်တန်းသွားပို့ချတုန်းက ပရိသတ်ငါးရာကျော်လောက်ကို သူသုံးရက်ဆက်တိုက် ဟောလိုက်တာ တိပ်ခွေဆယ်ခွေရတယ်။ ငါသူဟောတာ ကြည့်ပြီး သွေးတွေတိုးလို့ ဆရာဝန်ပင့်ပြီးဆေးထိုးပေးကြရတယ်' ဝိုင်း၍ရယ်ကြပြန်၏။ ထိုညအဖို့သူတို့ ရန်ကုန်သို့မပြန် နိုင်တော့။ ရွာမှာလိုက်၍ အိပ်ကြရလေသည်။

(၄၉)

ထိုညက ဆုံကုန်းရွာ၊ အနောက်ကြာအင်းရွာတို့မှတစ်ဆင့်မြေနုတောင်ကို ကျော်ဖြတ်လျက် တောလမ်းအတိုင်း သပိတ်လွယ်ကာ တောင်ဇရပ်တစ်ချောင်းဖြင့် အင်ကြင်းတောဆီသို့

တစ်စိုက်စိုက်လျှောက်လှမ်းသွားနေသော ရဟန်းအို တစ်ပါးကို လရောင်မှုန်ဝါးဝါးတွင် မြင်တွေ့ခဲ့ကြသည်ဟု လှည်းနှင့်ပြန်လာကြသော ထင်းခုတ်သမားများက ပြောလေသည်။

'ဆရာကြီးတို့ အင်ကြင်းတောင်ဆက်လိုက်မလား'ဟု ရွာသားတစ်ဦးကမေးရာ 'အင်ကြင်းတောင်က ဒီကနေ ဘယ်လောက်ဝေးသလဲ'

'ဆယ်မိုင်လောက်တော့ ရှိမယ်'


'အမယ်လေး ဒီကိုတောင် အနိုင်နိုင်လာခဲ့ရတာ နောက်ထပ် ဆယ်မိုင်ဆိုရင်တော့ မဖြစ်ဘူး မဖြစ်ဘူး ငါပြောတဲ့အတိုင်း မနက်ကြရင်သာလှည်းနဲ့ပြန်ပို့ကြပါဟယ်' ဝိုင်းရယ်ကြ၏။

လူ့ဘဝတုန်းက အင်ကြင်းပန်းက ငါ့ကိုကဗျာလေးတစ်ပုဒ်ပေးဖူးတယ်။

**'အရှေ့ဆီမှာ ရောင်နီလာပြီး သစ္စာခရီးအနီးကလေး ....တဲ့'**

'ခင်ဗျားက ခရီးက ဘယ်မှာနီးလို့လဲ ကိုအင်ကြင်းရယ် ဂူခုံးဇာတ်လမ်းက Journey to the West အနောက်ကို ခရီးသွားခြင်းတဲ့၊ သူကတော့ Journey to the East အရှေ့ကို ရွက်လွှင့်ခြင်းပါလား။ တို့ကတော့ Journey to Yangon ရန်ကုန်ကို တပ်ခေါက်ခြင်းပဲဟော့'

အာလုံးဝိုင်း၍ ရယ်လိုက်ကြကာ ထိုည ထိုရွာမှာပင် ပျော်ပျော်ပါးပါး အိပ်လိုက်ကြလေတော့၏။


အရှေ့ဆီမှာ
ရောင်နီလာပြီ
သစ္စာခရီး
အနီးကလေး၊
အပြေးရပ်လျက်
နေအထွက်မှာ
တောင်တက်လမ်းကို လိုက်ကြစေ။
ခရေသခင်